# KINWUN MINGYI'S LONDON DIARY

# ကင်းဝန်မင်းကြီး

## လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်း

[ ပထမတွဲ + ဒုတိယတွဲ (ပေါင်းချုပ်) ]



# ဝန်ရှင်တော် ကင်းဝန်မင်းကြီး၏
# အကြောင်းအရာ အတ္ထုပ္ပတ္တိစာတမ်း

``မင်းသတိုးသုဓမ္မ မဟာသက်တော်ရှည်´´ဟူသော ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူခြင်းကို ခံရသော ဝန်ရှင်တော်၊ ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်းမြို့ စားမင်းကြီးသည် မြန်မာနိုင်ငံတော် အထက်ပိုင်း စစ်ကိုင်းခရိုင် မုံရွာ ဒိစတြိတ် ဗန့်ကျီတိုက်အဝင် ဆင်ရှင်မြို့ နယ် မင်းတိုင်ပင်မြို့ တွင် သက္ကရာဇ်၁၁၈၃ ခု တပို့တွဲ လဆန်း ၁၂ ရက် တနင်္ဂနွေနေ့ ဖွားမြင်သည်။

အသက် ၁၀ ကျော်ရွယ်က စ၍ ၂၈ နှစ်တိုင် အတွင်းမှာ ဗုဒ္ဓဘာသာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝါ၊ ညဝါများ နှင့် တကွ သင်ရိုးကျမ်းဂန်များ ကို သာသနာပိုင် ဗားကရာ ဆရာတော်ဘုရား ကြီး အမှူး ရှိသော ကျမ်းတတ် ကျမ်းပြုဆရာတော်တို့ထံ သဘောအဓိပ္ပာယ်နှင့် တကွ ကျနစွာ သင်ကြားပြီးလျှင် ပိဋကတ်ကျမ်းဂန်၊ လောကီ ကျမ်းဂန်များ နှင့် စပ်သော ဂန္ထန္တ ရဗဟုသုတများ ကို ရဟန်းပညာရှိ၊ လူပညာရှိ တို့ထံဆွေးနွေး မေးမြန်း နည်းနာခံယူ လေ့လာမှတ်သားနေထိုင်သည့် အတွင်း အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီးဘုရား လက်ထက်မင်းတုန်း တောင်စဉ်ခုနှစ်ခရိုင် အသုံးကံကျွေးခံ ညီတော် လွှတ်တက် မင်းသားကြီးသည် မင်္ဂလာအိမ်တော် စံတော်မူစဉ်အခါ ပညာဗဟုသုတ အရာ လေ့လာရှာမှီးသူတို့ကို အလိုရှိတော်မူသည် အလျောက် စုံထောက်မေးမြန်း ခေါ်တော်မူပြီးလျှင် ကျမ်းဂန်နှင့် စပ်သည့် စကား၊ ပို့ကဗျာနှင့် စပ်သည့် စကား၊ ခဲရာခဲဆစ်များ ကို မေးမြန်းတော်မူ၍ ဖြေဆို တင်လျှောက်ပြီးနောက် ကဗျာဗန္ဓ ဖွဲ့ဆိုရေးသား ဆက်သရန် အလိုတော် ရှိရာ အဓိပ္ပာယ်ကို အမိန့်တော်မြွက် ရှိပြီးလျှင် ပုရပိုက်ကဲ့ကူ ပေးအပ်တော်မူသောကြောင့် ရှေ့တော်မှော က်တွင် ကဲ့ကူလက်မှ မတန့်ရဘဲ ခဏချင်း ဖွဲ့ဆိုစီကုံးရေးသား ဆက်သရာအားရနှစ် သက် ရှိတော်မူသည်။ သည့်ကဲ့သို့ စေခိုင်းတော်မူတိုင်း အလိုတော်ကျ လျင်မြန်စွာ ဖွဲ့ဆိုစီကုံး ရေးသား ဆက်သသည်ကို လွန်မင်းစွာ အားရနှစ်သက်ခြင်း ရှိတော်မူသဖြင့် အပါးတော်တွင် မြဲစွဲ

ထမ်းရွက်နေထိုင်ရသည်။

နောက် သက္ကရာဇ် ၁၂၁၂ ခုနှစ်အတွင်း ``နေမျိုး နရာစည်သူ´´ ဟူသော နေမျိုး ဘွဲ့ကို နောင်တော် ပုဂံမင်းတရားကြီး ဘုရားထံ တင်လျှောက် သနားတော်မူပြီးလျှင် မင်္ဂလာအိမ်တော် ဘဏ္ဍာစာရေး ခန့်ထားတော်မူသည်။

နောက် သက္ကရာဇ် ၁၂၁၄ ခုနှစ်အတွင်း ညီတော် မင်းတုန်းမင်းသည် ရွှေဘိုသို့ ထွက်တော် မူ၍ မင်းအဖြစ်သို့ ရှောက်တော်မူလျှင် ``မင်းလှသခ်သူ´´ ဟူသော မင်းတပ်ဘွဲ့နှင့် စစ်ကိုင်းမြို့ ရွာသစ်ကြီးရွာကို ရွာစားပေးသနားတော်မူပြီးလျှင် ရွှေတိုက်စိုး ခန့်တော်မူသည်။

နောက် ဘဝရှင်မင်းတရားကြီးဘုရား ရွှေဘိုမြို့ က ဝင်တော်မူ၍ အမရပူရ ရွှေမြို့ တော်မှာ စံတော်မူစဉ် ရွှေတိုက်စိုး ရွာသစ်ကြီး ရွာစားအရာနှင့် အမှု တော်ကို ထမ်းရွက်ရသည့်အခါ သက္ကရာဇ် ၁၂၁၈ ခုနှစ်အတွင်း တိသနိပါတ် တိဏ္ဍုကဇာတ်ကို ပို့ လင်္ကာ စီကုံးရေးသား ဆက်သွင်းရမည် အမိန့်တော်မြွက်အရ ပို့ လင်္ကာပုဒ်ရေ ၁၀၀ ကို ၁၅ ရက် အခန့်ကာလနှင့် ပြီးဆုံးအောင် စီကုံးရေးသား ဆက်သွင်းရာ များ စွာ နှစ်သက် အားရတော်မူသဖြင့် ရွှေတိုက်စိုး အရာ ဌာနမျှနှင့် မတန်ချေ၊ တိုင်းပြည်နိုင်ငံမှု ကို စီမံဆောင်ရွက်နိုင်သော မှူး ကြီး မတ်ကြီး အရာဌာနသို့ ရောက်အောင်ထမ်းရွက်စေမည် ရွယ်ရည် မြော်ထောက်တော်မူပြီးလျှင် နိုင်ငံတွင်းမှု ၊ နိုင်ငံခြားမှု ၊ မြို့ လုပ် ကျုံး တာ စသော လုပ်ကြီးဆောင်ကြီးမှု ၊ အခွန်ဘဏ္ဍာတော်မှု ၊ ကုန်းကြောင်း ရေကြောင်းနှင့် ဆိုင်သော စစ်သည်ရဲမက်မှု ၊ တရား ရာဇဝတ်မှု မှ စ၍ အရပ်ရပ် အမှု ကြီးငယ်တို့နှင့် ဆက်ဆံရာ၊ မင်း၏ အာဏာတော်ထားရာ နိုင်ငံ၏ အချက်အချာ ဖြစ်သော လွှတ်တော်ကြီးတွင် ``အမှာ တော်ရေး ´´ အရာ ပုခန်းကြီးမြို့ စီရင်စု သပြေငါးရွာစား ခန့်ထားတော်မူသဖြင့် လွှတ်တော်တွင် ဝန်ရှင်တော်မင်းကြီးများ ၊ ဝန်ထောက်တော်မင်းများ ၏ အမိန့်တော်နာခံ၍ ထမ်းရွက် နေထိုင်ရသည်။

သည်ကဲ့သို့ အမှာ တော်ရေးအရာနှင့် လွှတ်တော်တွင် ထမ်းရွက်သည့်အတွင်း မန္တလေး အရပ်၌ မြို့ နန်းတည်ထောင်စံနေတော်မူရန် ရဟန်းပညာရှိ၊ မှူး မတ်ပညာရှိ၊ ပုဏ္ဏားပညာရှိတို့ စာဆက်သွင်းချက်အတိုင်း မြို့ နန်းတည်ထောင်ရန် အခမ်းအနား

ရှိသည်များ ကို ဝန့်ရှင်တော်၊ မြတောင်မြို့ စား၊ သေနတ်ဝန်မင်းကြီး ဆင့်ဆိုရာ နာခံထမ်းရွက်ရမည် စေခိုင်းတော်မူသောကြောင့် မြို့ ရာ နန်းရာများ ကို ချင်းနင်း ကြည့်ရှု့တော်မူပြီးလျှင် ဤကား ရွှေမြို့ တော်ကြီး တည်ရာဌာန၊ ဤကား ကျုံး တော်ကြီး တည်ရာဌာန၊ ဤကား စေတီတော်ကြီး တည်ရာဌာန၊ ဤကား မဟာသကျမာရဇိန် ကျောက်သလင်း ရုပ်ပွားတော်ကြီး တည်ရာဌာန၊ ဤကား ကျောင်းတော်ကြီး တည်ရာဌာန၊ ဤကား သိမ်တော်ကြီး တည်ရာဌာန၊ ဤကား သုဓမ္မာဇရပ်တော်ကြီးတည်ရာဌာန ဟူသော ၇ ဌာန နှင့် တကွ အရပ်ရပ်လုပ်ဆောင်တည်ထားရန် အဆောက်အဦ ဌာနရှိသည်များ ကို တိုင်းတာ မှတ်သား စံနစ်ပုံစံ ရေး၍ မပြတ်တင်လျှောက်ခြင်းများ ကို အားရနှစ်သက်တော်မူသည်နှင့် သက္ကရာဇ် ၁၂၁၉ ခုနှစ်အတွင်း လွှတ်တော် ``စာရေးတော်ကြီး´´ အရာ ခန့်ထားတော်မူသည်။

လွှတ်တော်တွင် စာရေးတော်ကြီး အရာနှင့် ထမ်းရွက်သည့်အတွင်း ရတနာပုံရွှေမြို့ တော် ကြီးတည် စာတမ်းကို ရေးသား ဆက်သွင်းရမည်၊ အရပ်ရပ် စာဟောင်း စာတမ်းများ တွင် ပျက်စီး ချွတ်ယွင်း ရှိသည်များ ကိုလည်း ကြည့်ရှု့ပြင်ဆင်ရမည် အမိန့်တော်မြတ်အရ စာတမ်းအချီး နိဒါန်း စကား ရေးသားဆက်သွင်းရာ အားရတော်မူ၍ စာရေးတော်ကြီး တို့ အစဉ်သနားတော်မြတ် ခံရမြဲထက်တိုး၍ "မဟာမင်းကျော်စည်သူ" ဟူသော မဟာဘွဲ့နှင့် ကတ္တီပါ ဖောင်း ရွှေစလွယ် ၉သွယ် စသော အစီးအနင်း အဆောင်အရွက်များ ကို သနားတော်မြတ်ခံရသည်။

နောက် သက္ကရာဇ် ၁၂၂၃ ခုနှစ်အတွင်း နယ်သီးဖြစ်သော တိုက်ကျန် ၁၀ ရွာ၊ ရွှေယင်းမာရွာ၊ ချောင်းဦး ၁၀ရွာများ နှင့် တကွ ကုန်းကြောင်း သေနတ်အမှု ထမ်း အစုဦးရေ ၂၂ အနက် မြောက်ထားဝယ်၊ တောင်ထားဝယ်စသော အတွင်း ၆ စု၊ ကိုယ်ရံတော် အမှုထမ်းလူ (၂၀၀၀၀) နှစ်သောင်းကျော်တို့၏ နေရပ်ဌာန ဖြစ်သော သုံးတိုက် ခြောက်ဝေပုံတို့ဖြင့် တန်ဆာဆင် အပ်သော အလုံမြို့ ကို ``မြို့ ဝန်´´အရာခန့်ထား သူကောင်းပြုတော်မူသည်။

နောက်သက္ကရာဇ် ၁၂၂၆ ခုနှစ်အတွင်း တောင်ငူ၊ ရမည်းသင်း သစ်တောများ တွင် သစ်အလုပ်အဆောင် နေရာမကျ၊ အခွန်ဘဏ္ဍာတော် ယုတ်လျော့လျှက်ရှိသည်နှင့် တောင်ငူ၊ ရမည်းသင်းမြို့ ရွာများ ကို စေခန့်တော်မူရန် စီမံတော်မူပြီးလျှင် အလုံမြို့ ဝန်အရာမှ

ပြောင်း၍ ``လွှတ်တော်စာရေးတော်ကြီး´´ အရာ တဖန်ခန့်တော်မူသည်။

နောက်သက္ကရာဇ် ၁၂၂၇ ခုနှစ်အတွင်း လွှတ်တော်စာရေးတော်ကြီး အရာရင်းတွင် တောင်ငူ၊ ရမည်းသင်း ၂ မြို့ ``အခွန်ဝန်´´ အရာထပ်၍ ခန့်အပ်တော်မူသည်နှင့် မြို့ ရွာသို့ သွားပြီးလျှင် သစ်အလုပ်အဆောင်မှ စ၍ အရပ်ရပ်အခွန် ဘဏ္ဍာတော်မှု စီမံလုပ်ဆောင်ရန်ရှိသည် များ ကို စစ်ဆေးမေးမြန်း စီမံရုံထား ထမ်းရွက်လုပ်ဆောင်ပြီးနောက်တွင် -ကုန်- ပြီးပြေသမျှ အကြောင်းအရာများ ကို ရွှေဖဝါးတော်အောက် ပြန်ရောက်တင်လျှောက် ရှိနေဆဲအခါ ၁၂၈၈ ခုနှစ် အတွင်း မြင်ကွန်းမင်းသား အရေးတော်ပေါ်ပေါက်လာ၍ လွှတ်တော်က အမြဲရပ်နေပြီးလျှင် ဘဝရှင် မင်းတရားကြီး ဘုရားရှေ့တော်သို့ ဝန့်ရှင်တော် ပုခန်းကြီးမြို့ စား မင်းကြီးနှင့် နေ့ညမပြတ် ဝင်ထွက် တင်လျှောက်၍ စုရုံမိသမျှသော ဗိုလ်ပါရဲမက်တို့ကို ဆင့်ဆိုစည်းကြပ် တိုက်ခိုက် ဖမ်းဆီးစေရာ မြင်ကွန်းမင်းသားနှင့် အပေါင်းအပါလူတို့ နန်းမြို့ တော်မှ ဆုတ်ခွာ၊ သဘော်တော်ကို စီးနင်း ထွက်သွားပြီးလျှင် အောက်မြစ်စဉ် မြို့ ရွာများ က ရပ်နေခုခံရှိသည့် စစ်ရေးစစ်ကြောင်း၊ ပတိမ်းမင်းသားနှင့် အပေါင်းအပါလူတို့လည်း ရွှေဘိုမြို့ က ရပ်နေပြီးလျှင် မြောက်တစ်ပြင် မြို့ ရွာ အင်အားနှင့် မန္တလေးမြို့ တော်အနီး ချီတက် လာရောက် ဝန်ရုံရှိနေသည့် စစ်ရေးတစ်ကြောင်း၊ နှစ်ကြောင်း နှစ်ဝ စစ်ရေးစစ်မှု များ ကို ချီတက် တိုက်ခိုက်စေရန် ဗိုလ်ရဲမက် လက်နက်ကိရိယာများ နှင့်တကွ နေ့ည မရပ်မနား ဆင့်ဆိုစည်းကြပ် စီမံကွပ်ကဲ ထမ်းရွက်နေထိုင်ရာ အထူးလေးမြတ် သဒ္ဒါတော်မူသည် မှူး တော် မတ်တော်ကြီးတို့မှ သနားတော်မြတ်ခံရသော “ မင်းကြီးမဟာစည်သူ” ဟူသော မင်းကြီးတပ်ဘွဲ့နှင့် တကွ ဝန်ထောက်တော်အရာ ခန့်ထား သူကောင်းပြုတော်မူသည်။

နောက် အရေးတော်ပြီး ပြေကာလ ကျောက်တစ်လုံးကင်း၊ မင်းကွန်းကင်း၊ စမ္ပာယနဂိုရ်ကင်း ဟူသော ရေကင်းများ နှင့် ဆင်ကြန်၊ မြောင်းဦး လေသာ၊ ပြင်းထိပ်၊ နတ်ထိ၊ ရှောင်ကမ္ဘေ့ စသော အရပ်ရပ် ကြည်းကင်းများ ကို “ကင်းဝန်” အရာထပ်မံခန့်ထား သူကောင်းပြုတော်မူသည်။

နောက် ၁၂၃၂ ခုနှစ်အတွင်း အောက်မြစ်စဉ် မြို့ ရွာများ သည် အင်္ဂလိပ်

အစိုးရမင်းတို့ နယ်မြေများ နှင့် နီးစပ်ယှက်တင်ကြသည့် မြို့ ရွာများ ဖြစ်၍ ရာဇဝတ်တော်ရေး ကင်းလွတ် လုံခြုံအောင် မြစ်စဉ်ဝန်ကဲနာခံ အရာရှိတို့ နှင့် မြို့ ရွာနယ်ရှင် အကြီးအအုပ်တို့က ကြပ်ကြပ်တည်းတည်း ဆင့်ဆို စီရင်ရမည်ဟု အောက်မြစ်စဉ် ဝဲယာတစ်လျှောက် နယ်ခြားရောက် မြို့ ရွာများ ကို သီးခြား ခန့်အပ်တော်မူပြန်၍ ဝန်ထောက်တော် ကင်းဝန်အရာ၊ အောက်မြစ်စဉ်ဆိုင်ရာ အဖြစ်နှင့်ပင် မင်းလှမြို့ က ရပ်နေဆင့်ဆို စီရင်ရသည်။

နောက်သက္ကရာဇ်၁၂၃၃ ခုနှစ်အတွင်း ရွှေဖဝါးတော်မြတ်အောက်သို့ ခေါ်တော်မူပြီးလျှင် မြန်မာနိုင်ငံတော်နှင့် အင်္ဂလိပ်မင်းနိုင်ငံ ရာဇမဟာမိတ်အဖြစ် ဆက်လက်ရှိသော်လည်း နိုင်ငံတော် က အင်္ဂလိပ်မင်းနိုင်ငံသို့ သံကြီးတမန်ကြီး မစေမလွှတ်ဖူးသေး ဖြစ်၍ အင်္ဂလိပ်ဧကရီ ဘုရင်မင်းမြတ်ထံ ရာဇသံ လက်ဆောင်တော်များ နှင့် စေလွှတ်တော်မူမည် ရွယ်ရည်တော်မူသည် အတိုင်း အမှု တော်ကို ထမ်းရွက်နိုင်မည်၊ မထမ်းရွက်နိုင်မည် မေးတော်မူရာ လက်ရုံးရည်၊ နှလုံးရည် နှင့် ပြည့်စုံသူ မှုး ကြီးမတ်ကြီး အများ ရှိလျက် အထူးသဖြင့် ယုံမှတ်တော်မူ၍ စေခိုင်းတော်မူသည့် အရာဟု ကြည်လင်ရွှင်လန်း ဝမ်းမြောက်စွာ အလိုတော်မြတ်ရှိတိုင်း ကုန်တွင် ပေါက်မြောက်အောင် သွားရောက် ထမ်းရွက်ပါမည် အကြောင်း နှင့် အမိန့်တော်မြတ်ခံသည်။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်မှာ အင်္ဂလိပ်မင်းနိုင်ငံ လန်ဒန်မြို့ တည်ရာဌာနသည် သမုဒ္ဒရာ ပင်လယ်ကြီး အတန်တန်ခြားသဖြင့် ခဲယဉ်းသော ဥဒကံ ကန္တာရကြီး ဖြစ်သည်တစ်ကြောင်း၊ အာဒိကမ္မိကအဦးအစ သွားရောက်ရမည် ဖြစ်သည် တစ်ကြောင်း၊ မြန်မာ နိုင်ငံတော်က ဂရိတ် ဘရိတန်,အာရလန်ဟူသော အင်္ဂလိပ်နိုင်ငံတော်ကြီးသို့ သံကြီး တမန်ကြီး အဖြစ်ဖြင့် တစ်ဦးတစ်ယောက်မျှ သွားရောက်မရှိဖူးသေးသည် တစ်ကြောင်း၊ အင်္ဂလိပ်မင်းနိုင်ငံတွင် လည်း အားပြု လောက်သော အဆွေခင်ပွန်းမရှိသည် တစ်ကြောင်း၊ သည်ကဲ့သို့ ခဲယဉ်း ငြိုငြင်ဖွယ် များ စွာ ရှိသည် ခရီးကိုစဉ်လျက် ကုန်တွင် ပေါက်မြောက်အောင် သွားရောက် ထမ်းရွက်ပါမည့် အကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ခံဝန်တင်လျှောက်သည့် အရာသည် မှုး ကောင်း

မတ်ကောင်း လက္ခဏာညီညွတ်သည်ဟု ချီးမွမ်းတော်မူပြီးလျှင် “ဝန်ကြီး” အရာခန့်ထားသူကောင်းပြုတော်မူ သည်။ ထိုအခါမှစ၍ “အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်ကင်းဝန်မင်းကြီး” ဟူသော အမည် ထင်ရှားခြင်းဖြစ်သတည်း။

ငင်းနှစ်အတွင်းပင် အင်္ဂလိပ်ဧကရီဘုရင်မင်းမြတ်ထံ ရာဇမဟာမိတ်အဖြစ် တိုးတက်မြဲမြံရန် ရာဇသံလက်ဆောင် တော်များ နှင့် ကိုယ်စားတော်စားအင်ဗားစေဒါး သံတော်ကြီးအရာ ခန့်ထားလျှ အပ်တော်မူပြီးလျှင် သံလတ်၊ သံငယ် အရာရှိစုံ ပေးအပ်စေလွှတ်တော်မူ၍ ဥရောပတိုက် အနောက် နိုင်ငံများ သို့ သွားရောက်ရာ အင်္ဂလိပ်ဧကရီ ဘုရင်မင်းမြတ်က ဘုရင်မင်းချင်း တွေ့ကြုံလက်ခံသကဲ့ သို့ အမြင့်ဆုံးသော လက်ခံခြင်းဖြင့် လက်ခံချီးမြှင့်ခြင်း၊ ပြင်သစ်သမ္မတမင်းက ဂရန္ဒော့ပစ္စယေခေါ် တံဆိပ်ဘယက်ကို ပေးကမ်းချီးမြှင့်ခြင်း၊ အီတာလျံမင်းကလည်း အီတလီနိုင်ငံတွင် မှူး ကြီး မတ်ကြီးတို့သာ ဆင်ယင်ရသော ဂရန္ဒော့ပစ္စယေ ကုရန္ဒိတာလီခေါ် တံဆိပ်ဘယက်ကို ပေးကမ်း ချီးမြှင့်ခြင်းများ ကို ခံရသည်။

ထိုအခါ အင်္ဂလိပ်မင်းပိုင် ဂရိတ် ဗြိတန်၊ အာရလန် နိုင်ငံကြီးနှင့် ပြင်သစ်နိုင်ငံ၊ အီတလီ နိုင်ငံများ တွင်ရှိသော ထင်ရှားကြီးကျယ်သော ခရိုင်ကြီး၊ မြို့ ကြီး၊ သင်္ဘောဆိပ်ကြီး၊ တပ်မြို့ ၊ ခံမြို့ ၊ ခံကတုတ်၊ ကြေးနန်းတိုက်၊ စာပို့တိုက်၊ ဘဏ်တိုက်၊ မြူဇယန်တိုက်၊ အလုပ်ရုံ၊ စက်ရုံ၊ လက်နက်ရုံ၊ သူနာရုံ၊ သူဆင်းရဲရုံ၊ အံ့ပွဲရုံ၊ ဇာတ်ရုံ၊ အမျိုး ဘာသာ သာသနာကျောင်း၊ ပညာသင်ကျောင်း၊ စစ်သင်္ဘော၊ ကုန်သင်္ဘော စသော အဆောက်အဦ အလုပ်အဆောင်များ နှင့်တကွ နိုင်ငံမြို့ ရွာကို စိုးအုပ်ပုံ၊ ဓလေ့ထုံးစံ တရားဥပဒေ တည်နေပုံ၊ ကုန်းကြောင်း ရေကြောင်း တပ်ဖွဲ့စည်းစောင့်ရှောက် ပုံမှ စ၍ တိုင်းပြည်နိုင်ငံ၏ အလုပ်ကိစ္စ၊ ကြည့်ရှုမှတ်သားဖွယ် ရှိသည်များ ကို တစ်နှစ်ကျော်တိုင်တိုင် လှည့်လည်သွားရောက် ကြည့်ရှုမှတ်သား၍ နိုင်ငံခြားသံကြီး၊ ကုမ္ပဏီ၊ ကုန်သည်ကြီးများ နှင့် တွေ့ကြုံလက်ဆက်ပြီးမှ မန္တလေးမြို့ တော်သို့ ပြန်လာရာ သက္ကရာဇ်၁၂၃၅ ခုနှစ်အတွင်း ဆိုက်ရောက်၍ အရပ်ရပ်တွေ့မြင် မှတ်သားခဲ့သမျှ အကြောင်းအရာများ ကို တင်လျှောက်သည်တွင် အထူးချီးမွမ်း အားရ နှစ်သက်ခြင်း ရှိတော်မူသဖြင့် ``သတိုးမင်းကြီးမဟာစည်သူ´´ ဟူသော

``သတိုးဘွဲ့´´ ကို ထပ်မံချီးမြှင့် သူကောင်းပြုတော်မူသည်။

ထိုနှစ်အတွင်း နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ မဟာမိတ်အဖြစ် ဆက်လက်ရန် ရာဇသံ လက်ဆောင်တော်များ နှင့် ကိုယ်စားတော်စား အင်ဗာစေဒါး သံတော်ကြီး အရာနှင့်ပင် ပြင်သစ်နိုင်ငံ သို့ ထပ်မံစေလွှတ်တော်မူ၍ သွားရောက်ရာ ပြင်သစ်သမ္မတမင်းနှင့် မိဖုရားတို့က မင်းချင်းတွေ့ကြုံလက်ခံသကဲ့သို့ တွေ့ကြုံလက်ခံ ချီးမြှင့်ခြင်းကို ခံရသည်။

ပြင်သစ်နိုင်ငံက အပြန် အီတလီနိုင်ငံသို့ ရောက်၍ အီတာလျံ ဘုရင်မင်းမြတ်ထံ ဝင်ရာ အီတာလျံမင်းကလည်း မြန်မာနိုင်ငံတော်နှင့် အီတလီနိုင်ငံ ရာဇမဟာမိတ်အဖြစ် စာချုပ်ဆို ပြီးပြေ ရှိသည်နှင့် အီတလီနိုင်ငံတွင် မှူး ကြီး မတ်ကြီးတိုင်း ဆင်ယင်ခွင့် မရသော ဂရန်တော်ရတွန်းခေါ် ရင်သိုင်းစလွယ်နှင့် တံဆိပ်ဘယက်ကို ထပ်မံပေးကမ်းချီးမြှင့်ခြင်းကို ခံရသည်။

ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ များ က ပြန်၍ မန္တလေးမြို့ တော်သို့ ၁၂၃၆ ခုနှစ် ဆိုက်ရောက် သော ကာလ အရပ်ရပ်ထမ်းရွက်သည့် အကြောင်းအရာများ ကို တင်လျှောက်ရာ အလိုတော်မြတ် ရှိသည့် အရာကို ကုန်တွင် ပြီးမြောက်အောင် ဥရောပနိုင်ငံများ သို့ ၂ ကြိမ် ၂ခါက်တိုင် သွားရောက် ထမ်းရွက်သူ ဖြစ်သည်ဟု ကုန်းကြောင်း စစ်အမှု ထမ်းဖြစ်သော မြောက်ထားဝယ်, တောင်ထားဝယ် စသော သေနတ်အစု တပ်ပေါင်း ၂၂၊ စစ်သည် လက်နက်ကိုင်ပေါင်း ငါးသောင်းကျော်တို့တွင် အကြီးအမှူး အဖြစ်ဖြင့် ``သေနတ်ဝန်´´ အရာ ထပ်မံခန့်ထား သူကောင်းပြုတော်မူသည်။

နောက်သက္ကရာဇ် ၁၂၃၇ ခုနှစ်အတွင်း လယ်ကိုင်းမြို့ ကို ``မြို့ စား´´ သနားတော်မြတ် ခံရသည်။

၎င်းနှစ် ဝေလမြို့ စားအင်္ဂလိပ်အိမ်ရှေ့မင်း အိန္ဒိယနိုင်ငံသို့ သွားရောက်သည်ကို မဟာမိတ် နိုင်ငံရှင် မင်း၏ သားကြီး ဥပရာဇာ ဖြစ်သည့်အတိုင်း မိတ်လက္ခဏာ ညီစွာ နှုတ်ခွန်းဆက်သွား ရမည်၊ အိမ်ရှေ့မင်းနှင့် နှုတ်ခွန်းဆက်လက်ပြီး ပြေလျှင် ဗုဒ္ဓဂယာ

မဟာဗောဓိပင်တော်သို့ သွား၍ သီရိဓမ္မာသောကမင်း တည်ထားခဲ့သည့် စေတီတော်ကြီးနှင့် တံတိုင်းမီးတား ပျက်စီး ယိုယွင်း ရှိသည်များ ကို ပြင်ဆင်ရန်၊ အုတ်ဇရပ်တော် လုပ်ဆောင်ရန် မြေများ ကို ကြည့်ရှုမှတ်သားခဲ့ရ မည် အမိန့်တော်မြတ်အရ ကာလကတ္တားမြို့ သို့ သွားပြီးလျှင် လက်ဆောင်တော်များ နှင့် အိမ်ရှေ့မင်းထံ ဝင်ထွက် နှုတ်ခွန်းဆက် လက်ပြီးနောက် ဗုဒ္ဓဂယာ မဟာဗောဓိပင်တော်သို့ သွား၍ ပြင်ဆင် လုပ်ဆောင်ရန် ရှိသည်များ ကို ကြည့်ရှုမှတ်သားပြီးမှ မန္တလေးမြို့ တော်သို့ ပြန်လာရသည်။

နောက် သက္ကရာဇ် ၁၂၄၀ ခုနှစ်အတွင်း မန္တလေးမြို့ တည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်း တရားကြီးဘုရား နတ်ပြည်စံတော်မူ၍ သားတော် သီပေါမြို့ အသုံးကံကျေးခံ အိမ်ရှေ့မင်း မဟာ ဥပရာဇာသည် မင်းအဖြစ်သို့ ရောက်တော်မူလျှင် ခမည်းတော် မင်းတရားကြီး ဘုရား၏ အရိုက်အ ရာတော် ဖြစ်သော ထီးနန်းစည်းစိမ်ကို ဆက်ခံတော်မူရသည့် အရာတွင် တိုင်းနေပြည်သူ လူအပေါင်းတို့ တစ်စုံတစ်ရာ ပူဆာမရှိ၊ ပကတိချမ်းမြေ့စွာ ဆက်ခံတော်မူရအောင် သိမ်းပိုက် အုပ်ချုပ် ပြုလုပ်ဆောင်ရွက်သူ ဖြစ်သည်ဟု သီလ, သမာဓိ, ပညာဂုဏ်ကို ထောက်တော်မူ၍ ခမည်းတော် မင်းတရားကြီးဘုရား သူကောင်းပြုတော်မူခဲ့သည့် ရာထူးဌာနန္တရတွင် တိုးပြီးလျှင် အထူး သဒ္ဒါတော်မူသော ဝန်ကြီး မင်းမှသာ သနားတော်မြတ်ခံရသော ``လက်ဝဲတော် စစ်သူကြီး နေရာ´´ နှင့် မိုးကြိုး တကောင်းဖုံး အဆောင်အရွက်များ ကို သနားချီးမြှင့်တော်မူခြင်း၊ ဘုရင်မင်း မြတ်တစ်ပါး လက်ထက်တော်တွင် အထူးသဖြင့် သဒ္ဒါယုံမှတ် လေးမြတ်ထိုက်သော မှုး ကြီးမတ်ကြီး တစ်ယောက်မျှသာ သုဓမ္မဟူသော ဘွဲ့, သက်တော်ရှည် ဟူသောဘွဲ့များ ကို သနား တော်မြတ်ခံရမြဲဖြစ်သော ``သတိုးသုဓမ္မ မဟာသက်တော်ရှည်´´ ဟူသော လွန်ကဲထူးမြတ်သော ဘွဲ့ကို သနားချီးမြှင့်တော်မူခြင်း တို့ဖြင့် တိုးတက်ချီးမြှင့် သူကောင်းပြု တော်မူသည်။

ထိုအခါ ကင်းဝန်မင်းကြီးဟူ၍ လည်းကောင်း၊ သေနတ်ဝန်ကြီး ဟူ၍ လည်းကောင်း၊ လယ ကိုင်းမြို့ စားမင်းကြီး ဟူ၍ လည်းကောင်း၊ မင်းကြီးသက်တော်ရှည်ဟူ၍ လည်းကောင်း ခေါ်ဝေါ်စမှတ် ပြုကြသည်။

နောက်သက္ကရာဇ် ၁၂၄၂ ခုနှစ် တိုင်းပြည်နိုင်ငံမှု များ ကို ၁၂ ဌာနခွဲဝေပြီးလျှင် အကြီးအချုပ် မှူး ကြီး မတ်ကြီး တစ်ဦးစီထား၍ လုပ်ဆောင်စေရာ အရပ်ရပ်ရေးသား ဆက်သွင်း ပြဋ္ဌာန်း ပိုင်းခြား ရသော ဥပဒေပြုလွှတ်တော် ဌာနကြီး၌ ရပ်တန့်၍ အသီးအသီး ခွဲဝေချထားသော ``၁၂ဌာန၏ အကြီးအချုပ်´´ အဖြစ်ဖြင့် ချီးမြှင့်တော်မူပြန်သည်။ ထိုအခါက စ၍ ဘဝရှင်မင်းတရားကြီးဘုရား၏ စားတော်ပွဲတော်အုပ် အတိုင်း တစ်စုံတည်းကျအောင် ပြင်ဆင်ဆက်သွင်းစေ၍ ကိုယ်တော်တိုင် ကြည့်ရှုတော်မူပြီးမှ နေ့စဉ် ပွဲတော်အုပ်ပို့သ ချီးမြှင့် တော်မူသည်ကို ခံရသည်။

နောက် ၁၂၄၇ ခုနှစ် မြန်မာနိုင်ငံ တော်သို့ အင်္ဂလိပ်အစိုးရမင်းတို့ ဝင်ရောက်စ အခါက စ၍ နိုင်ငံမြို့ ရွာသာယာ ငြိမ်ဝပ်ရန် အရေးအရာ အခွင့်ကိစ္စများ ကို ကူညီဆောင်ရွက်သင့်ရာ ကူညီ ဆောင်ရွက် စေလိုကြောင်းနှင့် အင်္ဂလိပ်အစိုးရမင်းတို့ တိုက်တွန်းချက်အရ မြန်မာမှူး တော် မတ်တော်များ နှင့် လွှတ်တော်က ရပ်နေ၍ ကူညီဆောင်ရွက်သင့်ရာ ကူညီဆောင်ရွက်ရသည်။

သည်ကဲ့သို့ ကူညီဆောင်ရွက်သဖြင့် အင်္ဂလိပ် ဧကရီ ဘုရင်မင်းမြတ် နန်းစံ ၅၀ ပြည့် ဂျူဘီ လီပွဲတော် ပြုလုပ်သည့်အခါ ၁၂၄၉ ခုနှစ်အတွင်း အင်္ဂလိပ် ဧကရီ ဘုရင်မင်းမြတ် လက်မှတ်တော် တင်သော အမိန့်တော်မြတ်နှင့် တကွ အိန္ဒိယတာယာတံဆိပ်အဝင် ကောင်ပင် နရန်း ခေါ် ``စီ-အက်စ်- အိုင်´´ ဟူသော ဘွဲ့တံဆိပ် ဘယက်ကို ပေးကမ်းချီးမြှင့်ခြင်း တစ်ရပ်၊ ကိုယ်မှု , ရာဇဝတ်မှု မှတစ်ပါး မေးမြန်းပြောဆိုရန် ရှိသည်များ ကို ရုံးတော်များ က အခေါ်အချမရှိ၊ မေးမြန်းလိုသည် အရာများ ကို သင့်ရာလူစေလွှတ် မေးမြန်းစေရမည်ဟု အစိုးရမင်းများ က အထူးအမိန့် ပေးအပ် ချီးမြှင့်ခြင်းများ ကို ခံရသည်။

နောက် ၁၂၅၀ ပြည့်နှစ်ကစ၍ အင်္ဂလိပ်အစိုးရမင်းတို့က အငြိမ်းစား ပင်ရှင်လစာ ပေးကမ်း ချီးမြှင့် ထားသောကြောင့် ဒါန, သီလစသော ပုညကိရိယာ တရားများ ကို အားထုတ်နိုင်သမျှ မိမိအိမ်တွင် ချမ်းသာစွာ အားထုတ်နေထိုင်ရသည်။

နောက် ၁၂၅၉ ခုနှစ်အတွင်း မြန်မာနိုင်ငံတော်ကို စီရင် အုပ်ချုပ်တော်မူသော လက်ပတင် နင် ဂေါ်ဝါနာမင်းကြီးက မြန်မာနိုင်ငံတော် ဥပဒေပြုမင်းတိုင်ပင် အသင်းသို့

သွင်း၍ ဂုဏ်ကျက်သရေ ပေးခြင်းဖြင့် ထပ်မံ ချီးမြှင့်ပြန်သည်။

ဤကဲ့သို့ အသက် ၂၈နှစ်အရွယ်က စ၍ ယခုရောက်ဆဲ ပွားဆဲ အသက်တိုင်အတွင်း အစဉ်မပြတ် မင်းမှူး မတ်အဖြစ်နှင့် အဆင့်ဆင့် ထမ်းရွက်ရသည်။ သည်ကဲ့သို့ ထမ်းရွက်သည့် အတွင်း ရေးသားဖူးသော၊ အစောင်အဖွဲ့ပြု၍ ထားသော စာများမှာ မူကား - ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၂၁၈ ခုနှစ် အတွင်းရွှေတိုက်စိုး ရှာသစ်ကြီးရှာစား အရာနှင့် ထမ်းရွက်စဉ် ပြည်ရှင်မင်းသည် တရားမစောင့်သဖြင့် လောက၌ ပစ္စုန်ပွန်,သံသရာ အကျိုး နှစ်ပါးတိုးပွားခံစားရကြောင်း၊ လောကတွင် မင်းပဓာန ဖြစ်ကြောင်းများ နှင့် မြတ်စွာ ဘုရား ဟောကြားတော်မူသော တိံသနိပါတ် တဏ္ဍုကဇာတ်ကို ပို့ လင်္ကာ စီကုံးရေးသား ဆက်သွင်း ရမည် အမိန့်တော်မြတ်အရ ရေးသား ဆက်သွင်းရသော ``ဝဇိန်မိုးကြိုး ´´ ချီတဏ္ဍုကပို့ ၊ ပုဒ်ရေ ၁၀၀၊ ၉ ကြောင်းရေး (က) အစ (ဂ) အဆုံး၊ ၂ အင်္ဂါ ၁၁ချပ်ရှိ၊ စာစောင်ရေ ၁။

နောက် ၁၂၂၀ ပြည့်နှစ်အတွင်း စာရေးတော်ကြီး သပြေငါးရှာစား အရာနှင့် ထမ်းရွက်စဉ် မောင်တိုး၊ ရွှေတောင် နန္ဒသူတို့ ရေးသားသည့် ရာမရကန်၊ ငွေတောင်ရကန်များ သည် နာပျော်ဖွယ် မျှသာ၊ သမ္ဖပ္ဖလာပ ဖြစ်သောကြောင့် အကျိုး ကျေးဇူး မရှိ။ သို့ဖြစ်၍ နာပျော်ဖွယ်လည်း ဖြစ်အောင်၊ အကျိုး ကျေးဇူးရှိအောင် မဟာနိပါတ် နေမိဇာတ်ကို ရကန်ရေးသား ဆက်သွင်းရမည် အမိန့်တော် မြတ်အရ ရေးသား ဆက်သွင်းရသော ``မင်္ဂလာအောင်ကိန်း´´ ချီနေမိရကန်၊ ပုဒ်ရေ ၁၁၊ ၉ ကြောင်းရေး (က) အစ (ဃ) အဆုံး၊ ၃ အင်္ဂါ ၈ချပ်ရှိ၊ စာစောင်ရေ ၁။

နောက် ၁၂၂၂ ခုနှစ်အတွင်း စာရေးတော်ကြီး သပြေငါးရှာစား အရာနှင့်ပင် ထမ်းရွက်စဉ် အဘိဇ္ဈာ၊ ဗျာပါဒ၊ ကောဓ၊ ဥပနာဟ၊ မက္ခ၊ ပဠာသ၊ ဣဿ ၁၊ မစ္ဆရိယ စသော ၁၆ ပါးသော တရား များ သည် စိတ်၏ ညစ်ညူး ကြောင်းဖြစ်၍ မပြတ် ဆင်ခြင်သုံးသပ် ရှောင်ကြဉ်အပ်သည် အတိုင်း သူခပ်သိမ်းတို့ မှတ်သားစေရန် ကျမ်းဂန်လာရှိတိုင်းကောက်နှုတ်ရေးသား ဆက်သွင်းရမည် အမိန့် တော် မြတ်အရ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့မှ ကောက်နုတ်၍ ရေးသားဆက်သွင်း ရသော အထူးထူးသော

``တိုင်းကြီးပြည်ကြီး´´ ချီ စိတ္တုပက္ကိလေသ စာတမ်း၊ ဇ ကြောင်းရေး (က) အစ (ခု) အဆုံး၊ ၁ အင်္ဂါ ၅ ချပ်ရှိ၊ စာစောင်ရေ ၁။

နောက် ၎င်းနှစ်အတွင်း အထက်ရေးသား ဆက်သွင်းသည့် စိတ္တုပက္ကိလေသ စာတမ်းကို အလွယ်တကူ မှတ်သားနိုင်အောင် လင်္ကာ, မော်ကွန်း ဖွဲ့ဆိုရေးသား ဆက်သွင်းရမည် အမိန့်တော် မြွက်အရ ရေးသားဆက်သွင်းရသော ``ကြားပိန့်သိလော´´ ချီ ဓမ္မောရ မော်ကွန်း၊ ပုဒ်ရေ ၁၁၊ ဇ ကြောင်းရေး (က) အစ (ကု) အဆုံး၊ ၆ ချပ်ရှိ၊ စာစောင်ရေ ၁။

နောက် ၁၂၂၆ ခုနှစ်အတွင်း ရတနာပုံ ရွှေမြို့ တော်တွင် နေ့မိုးမပြတ် ပြည်သူတို့ သုံးရေ၊ သောက်ရေ အလိုရှိ သမျှပြည့်စုံအောင် မတ္တရာမြစ်အထက် မြန်မာခရီး ၆တိုင်ကွာ နဂါးရစ်မြစ်က ခွဲပြီးလျှင် ရွှေမြို့ တော်ရောက် ရေ့ဝင်းတော်မှုး သူရဲဝန် အမြင့်မြို့ စား သတိုးမင်းကြီး မဟာသမိန် ဘေဖြတ်စကို မှုး ကြီးကြပ်မတ် ဖောက်လုပ်စေ၍ ပေါက်မြောက်ရှိသည့် မြစ်တော်ကို ``ရတနာနဒီ´´ သမုတ်တော်မူ၍ ရှိသည့်အတိုင်း အလုံမြို့ ဝန်အရာနှင့် ထမ်းရွက်စဉ် အလုံမြို့ က ရွှေဖဝါးတော်မြတ်အောက် ရွှေမျက်နှာတော် အဖူးအမြော် လာရောက်သည့်အခါ ၎င်းရတနာနဒီ မြစ်တော်ဘွဲ့မော်ကွန်း ရေးသားဆက်သွင်းရမည် အမိန့်တော်မြွက်အရ ရေးသားဆက်သွင်းရသော ``ကြားပိန့်မင်္ဂလာ ´´ ချီ ရတနာနဒီမော်ကွန်း၊ ပုဒ်ရေ ၂၂၊ ဇ ကြောင်းရေး (က) အစ (ကံ) အဆုံး၊ ၁၁ ချပ်ရှိ၊ စာစောင်ရေ ၁။

နောက်၁၂၃၀ ပြည့်နှစ်အတွင်း ဝန်ထောက်တော် ကင်းဝန်အရာနှင့် ထမ်းရွက်စဉ် ကိုယ်မှု ပြည့်စုံသဖြင့် ခံပညာရှိ တရာဓမ္မိက ပြုလုပ်လိုသူ နောင်လာ အမျိုး သားတို့ အလွယ်တကူ မှတ်ယူ လေ့ကျက်ရန် မန, မနော, ရွှေမျဉ်း, မနုဝဏ္ဏနာ စသော ဓမ္မသတ်ကျမ်းစောင်ရေ ၃၀ ကျော်တို့မှ ကောက်နုတ်၍ သံခေပအဖြစ်လင်္ကာဖွဲ့ဆို ရေးသားအပ် သောပဏ္ဏာမနိဒါန်းနှင့် တကွ နှုတ်လွှန်ခန်း၊ လက်ရောက်ခန်း၊ အမွေခန်း၊ အိမ်မှု ခန်း၊ ကျွန်ခန်း ဟူသော ခုနစ်ခန်းကုန် ပြဆိုအပ်သော ``ဗု - ဓံ - သံ - န´´ ချီ အဌသံခိပ် ဓမ္မသတ် လင်္ကာ၊ ပုဒ်ရေ ၇၂၊ ဇ ကြောင်းရေး (က) အစ (ဃု) အဆုံး၊ ၃ အင်္ဂါ ၅ ချပ်ရှိ၊ စာစောင်ရေ ၁။

နောက် ၁၂၃၅ ခုနှစ်အတွင်း ပြင်သစ်နိုင်ငံသို့ သံတော်ကြီးအရာနှင့် သွားစဉ် အထက်ရေး သားအပ်သော အဋ္ဌသံခိပ် ဓမ္မသတ်တွင် မပါ၊ ကြွင်းကျန်ရှိသည့် မြေမှု ခန်း၊ ရောင်းဝယ်မှု ခန်း စသော တရားအဆုံးအဖြတ်များ ကို ပကိဏ္ဏက အမည်တပ်ပြီးလျှင် ပင်လယ်လမ်းစခန်းက စ၍ ပြင်သစ်နိုင်ငံ ပါရစ်မြို့ သို့ ရောက်သည်တိုင် ထပ်မံစီကုံးရေးသားအပ်သော ``မွဲဒိတုံ့နှ´´ ချီပကိဏ္ဏက ဓမ္မသတ်လင်္ကာ၊ ပုဒ်ရေ ၂၈၊ ပုံနှိပ်စာမျက်နှာ နံပါတ် ၃၉ ရှိ၊ စာအုပ် ၁။

နောက် ၁၂၄၁ ခုနှစ်တွင်း မန္တလေး ရတနာပုံ ဒုတိယနန်းစံ မာရ်အောင် ရတနာ စေတီတော် ဒါယကာ သီပေါဘုရင်မင်းမြတ်လက်ထက် လက်ကိုင်းမြို့ စား၊ ကင်းဝန်၊ သေနတ်ဝန်၊ မင်းကြီး သက်တော်ရှည် အရာနှင့် ထမ်းရွက်စဉ် တောင်နန်းညာတင် အရှင်မိဖုရားခေါင်ကြီးဘုရားမှ မီးရှူး သန့်စင် မြင်တော်မူသော သားတော်မြတ်ရတနာကို မြပုခက်တော်တင် မင်္ဂလာအခမ်းအနားတွင် ဖတ်လျှောက်စေရန် မင်္ဂလာဧချင်း ဖွဲ့ဆိုရေးသား ဆက်သွင်းရမည့် အမိန့်တော်မြတ်အရ စီကုံးရေးသား ဆက်သွင်းရသော ``မင်္ဂလာလျှံထိန်´´ ချီ မင်္ဂလာဧချင်း၊ သံတိုင်ပုဒ်ရေ ၃၂၊ သံပေါက် ပုဒ်ရေ ၁၂ နှင့် လူးတား၊ လွဲချင်းများ ပါ၊ ၉ ကြောင်းရေး (က) အစ (ခါ) အဆုံး၊ ၁ အင်္ဂါ နှင့် ၂ ချပ်ရှိ၊ စာစောင်ရေ ၁။

၎င်းနှစ်အတွင်း အထက်စီရင် ရေးသားအပ်သော အဋ္ဌသံခိပ် ဓမ္မသတ်လင်္ကာကို လေ့ကျက် မှတ်သားသူများ သော်လည်း အတိသင်္ခေပနယအဖြစ် ကျစ်လျစ် သိမ်မွေ့လှသည် ဖြစ်၍ မန္ဒပုဂ္ဂိုလ် တို့မှာ သဘော၊ အဓိပ္ပာယ်၊ အသိအထင် ငြိုငြင်ခြင်းရှိကြသောကြောင့် သူခပ်သိမ်းတို့ လွယ်လင့် တကူ မှတ်ယူနိုင်အောင် ၎င်းလင်္ကာ၏ အဖွင့်ဝိတ္ထာရ ကို ထပ်မံ ရေးသားပါမည့် အကြောင်းနှင့် တရားသူကြီး စသော မှူး မတ်အရာရှိ၊ ခုံသမတ် စသော တရားဆရာ ပြုလုပ်သူတို့ တောင်းပန် တိုက်တွန်းချက်အရာ တိုင်းနိုင်ငံမှု စီရင်ခင်း စီရင်ဖွယ်များ ပြားစွာ အားထုတ် ဆောင်ရွက်ရလျက် ဖြစ်သော်လည်း အတန်ငယ် အတန်ငယ် ချပ်၍ ချပ်၍ အားထုတ်ရေးသားအပ်သော အဋ္ဌသံခိပ် ဓမ္မသတ်၏ အဖွင့် ဖြစ်သော ``သမ္မုဒ္ဒေါ ဗောဓိမူလေ´´ ချီ အဋ္ဌသံခေပ ဝဏ္ဏနာဓမ္မသတ်၊ ၉ ကြောင်းရေး (က) အစ (ပေ) အဆုံး၊ ၂၁ အင်္ဂါ ရချပ်ရှိ၊ စာစောင်ရေ ၁။

နောက် အင်္ဂလိပ်အစိုးရမင်းတို့ လက်ထက် ၁၂၅၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတော် အထက်ပိုင်း တရားဌာနချုပ် စီ - အက်စ် - အိုင် - ဘွဲ့ခံ ဝန်ရှင်တော် ဘားဂျက်မင်းကြီးက ဗုဒ္ဓဘာသာ မြန်မာဓမ္မသတ်ထွတ် တရားအခန်း ၁၈ ရှိသည့်အနက် အစိုးရမင်းတို့ အသုံးပြုနိုင်သော အမွေမှု အခန်း၊ အိမ်မှု ခန်း၊ ၂ ရပ်အခန်းပါ တရားအဆုံးအဖြတ်များ ကို အလွယ်တကူ သိမှတ်နိုင်ရန် ကင်းဝန်မင်းကြီး လက်ရှိ ဓမ္မသတ်စောင်ရေ ၃၂၊ အစိုးရမင်းတို့က ပေးအပ်သည့် ဓမ္မသတ်စောင်ရေ ၄၊ ၂ - စုဓမ္မသတ်စောင်ရေ ၃၆ ကို အမှု အဆုံးအဖြတ်ချင်း သဘောတူရာပေါင်းစပ်၍ တစ်စောင် တစ်ဖွဲ့တည်း ဖြစ်အောင် နေရာကျစီမံ အားထုတ်စေလိုကြောင်း နှင့် ခွင့်တောင်း ပြောဆိုချက်အရ ၃၆ စောင်သော ဓမ္မသတ်မှ ထွက်ရှိသည့် အမွေမှု တရား၊ အိမ်မှု တရားများ ကို တရားချင်းတူရာ ပေါင်း၍ စိစစ်ရေတွက်ရာ တရားဦးရေ ၄၀၀ ကျော်စီထွက်ရှိသည်ကို သဘောတရား နီးစပ်ရာ အပိုင်း အခန်းခွဲဝေ၍ တရားတစ်ခုလျှင် ပုဒ်မ တစ်ခုကျ၊ ၎င်းပုဒ်မ တစ်ခုတွင် မည်သည့် ဓမ္မသတ်က အဆုံးအဖြတ်မည်သို့ ထွက်ရှိသည်ကို ဓမ္မသတ် ၃၆ စောင်ကုန်၊ အမွေမှု တရားဦးရေ ၄၀၀ ကျော်ကုန်၊ တရားချင်း တူရာ ရှာယူ ကောက်နုတ်၍ အသီး အသီး ဆိုင်ရာ ပေါင်းစပ် ရေးသား အပ်သော ``မနုရိန္ဒကျော်ချီ´´ ၃၆ စောင်တွဲ အမွေမှု ခန်း ဓမ္မသတ်ကျမ်းကြီး၊ စာမျက်နှာနံပါတ် ၈၃၉ ရှိ စာအုပ်ကြီး ၁။

၎င်းနည်း စီမံရေးသားအပ်သော ``မနုရိန္ဒဝ ဘုမ္မော‌ဇ´´ ချီ ၃၄ စောင်တွဲ အိမ်မှု ခန်း ဓမ္မသတ်ကျမ်းကြီး၊ စာမျက်နှာ နံပါတ် ၆၇၂ ရှိစာအုပ်ကြီး ၁။ ဤကား အစောင်အဖွဲ့ပြု၍ ထားသော စာစောင်ရေ ၁၂ တို့၏ အကြောင်း အတ္ထုပ္ပတ္တိ စကားတည်း။

ထိုမှတပါး အစောင်အဖွဲ့ပြုလုပ်ခြင်း မရှိ၊ ရေးသားဖူးသော စာများ မှာ မူကား - မင်းခမ်းမင်းနားနှင့် စပ်၍ အကြီးအကျယ် နောင်မှတ်သားဖွယ် တစ်ခု ပြုထိုက်အောင် စီကုံးရေး သား ဆက်သွင်းရသော အမိန့်တော်ပြန်တမ်းကြီး များ နှင့် လွှတ်တော် ကောက်ချက်, စီရင်ချက် အမျိုး မျိုး ၊ ၎င်းပြင်တိုင်းပြည် နိုင်ငံမှု နှင့် စပ်၍ ပြဋ္ဌာန်း ပိုင်းခြားအပ်သော ဥပဒေအမျိုး မျိုး ၊ ၎င်းပြင် ရတနာပုံ ရွှေမြို့ တော်ကြီးတည် စာတမ်း, ဆေးလိပ်စာတမ်း စသော စာတမ်းအမျိုး မျိုး ၊ ၎င်းပြင် ဆုတောင်းတော်စာ, ကျောက်စာ, ခေါင်းလောင်းစာ,

သိမ်အောင်စာ, မေတ္တာစာ စသော လင်္ကာ စကားပြေ နှစ်ထွေရောယှက်သော စာအမျိုး မျိုး၊ ၎င်းပြင် ဘုရားတိုင်, နတ်တိုင်, ဘုန်းဘွဲ့, မိုးဘွဲ့, တောဘွဲ့, တောင်ဘွဲ့, မယ်ဘွဲ့, မောင်ဘွဲ့နှင့် စပ်၍ ရတုပိုဒ်စုံ , ဧကပိုဒ်, အဖြည့်ခံရတု, လေးချိုး , လူးတား, ဆောင်းပါး, သာချင်း, ကြိုး , ဘွဲ့, ပတ်ပျိုး , ယိုးဒယား, တေး, သဖြန်, သံထောက်, အဲ, နတ်သံ, တမ်းချင်း, လွမ်းချင်း, နိကွမချင်း, လှေတက်ချင်း, ဂုဏ်ချင်း, ဟန်ကချင်း, မီးချင်း, ဒုံးချင်း စသော ထီးသုံးနန်းလှေ့ဖြစ်သော စာအမျိုး မျိုး မှ စ၍ မည်သည့် ကဗျာမျိုး မဆို အနည်းအများ အား ဖြင့် ဖွဲ့ဆိုစီကုံးရေးသား ဖူးသည်လည်း များ ၏ ။ ဤသို့ လောကီ, လောကုတ္တရာ ပညာ ဗဟုသုတ နှင့် စပ်သမျှ စာစောင်စာဖွဲ့များ ကို မပြတ်ဖွဲ့ဆို စီကုံးရေးသားလေ့ရှိသော သာသနာတော်ရေး၊ တိုင်းရေးပြည်မှု အခွင့်ကိစ္စများ ကိုလည်း ရာထူးဌာနန္တရ အားလျော်စွာ စွမ်းနိုင်သလောက် စီမံ ဆောင်ရွက် အားထုတ်လေ့ရှိသော ဝန်ရှင်တော် လယ်ကိုင်းမြို့ စား၊ သေနတ်ဝန်၊ ကင်းဝန်မင်းကြီး မင်းသတိုး သုဓမ္မ မဟာသက်တော်ရှည် (၉.၆.၂) စီ - အက်စ် - အိုင် သည် သင်္ခါရသဘောကို မလွန်ဆန်နိုင်သည် ဖြစ်၍ မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၃ ရက်၊ ခရစ်နှစ် ၁၉၀၈ ခု ဇွန်လ ၃၀ ရက် အင်္ဂါနေ့နံနက် ၅ နာရီအချိန်၊ အသက်၈၆ နှစ် ၄ လ ၂၂ ရက်တွင် တစ်ခုသော ကံကိလေသာတို့သည် ပြုပြင်အပ်သော ဘဝ၏ ကုန်ဆုံးခြင်းသို့ ရောက်ရလေသတည်း။ ။

ဝန်ရှင်တော် လယ်ကိုင်းမြို့ စား၊ သေနတ်ဝန်၊ ကင်းဝန်မင်းကြီးကွယ်လွန်ရာ သင်္ဂြိုဟ်ဆောင်ရွက်သည့်အခမ်းအနား အစီအစဉ်၊ အခမ်းအနားစာတမ်း

သတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့နှင့် တကွ အိန္ဒိယ မဟာအတုလတာရာသဟာယ (စီ - အက်စ် - အိုင်) ဘွဲ့တံဆိပ်ရ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်းမြို့ စား မင်းကြီးသည် မြန်မာနိုင်ငံတော် အထက်ပိုင်း ဗန့်ကျီတိုက်အဝင် ဆင်ရှင်မြို့ နယ် မင်းတိုင်ပင်မြို့ ၌ သက္ကရာဇ် ၁၁၈၃ ခု တပို့တွဲ လဆန်း ၁၂ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်၍ အသက် ဆယ်နှစ်ကျော်က နှစ်ဆယ့်ရှစ်နှစ်တိုင်အတွင်း ဗုဒ္ဓါဂါသာ - သဒ္ဒါ, သင်္ဂြိုဟ် စသော ပါဠိတော် , အဋ္ဌကထာ, ဋီကာ သင်ရိုးကျမ်းဂန်များ နှင့် တကွ ဂန္ထန္တပြို့ ကဗျာ လင်္ကာ ပညာ ဗဟုသုတများ ကို

သင်ကြားလေ့လာ ကျွမ်းကျင်နံ့သိ ရှိသည်နှင့် အညီ ပုဂံမင်း တရားကြီး လက်ထက် ညီတော် လွှတ်တက် မင်းသားကြီး မင်းတုန်းမင်းအပါး တော်တွင် ရှေးဦးအစ ခစားထမ်းရွက်ရ၍ သက္ကရာဇ် ၁၂၁၂ ခုနှစ်အတွင်း နေမျိုး နရာ စည်သူဘွဲ့နှင့် မင်္ဂလာအိမ်တော် ဘဏ္ဍာရေးအရာ ခန့်ထားတော်မူသည်။

ထို့နောက် မင်းတုန်းမင်းသားကြီးသည် ဘုန်းပါရမီတော်အလျောက် မင်းအဖြစ်သို့ ရောက်တော်မူသော အခါ သက္ကရာဇ် ၁၂၁၄ ခုနှစ်အတွင်း မင်းလှသိခ်သူဘွဲ့နှင့် တကွ ရွှေတိုက်စိုး ရွာသစ်ကြီး ရွာစားအရာ၊ နောက် သက္ကရာဇ် ၁၂၁၈ ခုနှစ်အတွင်း လွှတ်တော်အရာရှိ အဝင် အမှာ တော်ရေး သပြေ ၅ - ရွာစားအရာ၊ နောက် ၁၂၁၉ ခုနှစ်အတွင်း လွှတ်တော်စာရေးကြီးအရာ၊ နောက်တိုးတက် ချီးမြှင့် တော်မူသော မဟာမင်းကျော် စည်သူဘွဲ့၊ နောက် ၁၂၂၃ ခုနှစ်အတွင်း အလုံမြို့ ဝန်အရာ၊ နောက် ၁၂၂၆ ခုနှစ်အတွင်း တောင်ငူ, ရမည်းသင်း ၂ မြို့ သစ်တောခွန်များ ကို ကြည့်ရှုစီမံရသော လွှတ်တော်စာရေးကြီးအရာ၊ နောက် ၁၂၂၇ ခုနှစ်တွင်း လွှတ်တော်စာရေးကြီး အရာနှင့် တကွ တောင်ငူ, ရမည်းသင်း ၂ မြို့ အခွန် ဝန်အရာ၊ နောက် ၁၂၂၈ ခုနှစ်အတွင်း မင်းကြီး မဟာစည်သူ ဘွဲ့နှင့်တကွ ဝန်ထောက်တော်ကင်းဝန်အရာ၊ နောက် ၁၂၃၃ ခုနှစ်အတွင်း ဂရိတ် ဘရိတန်, အာရလန် စသော တိုင်းကြီး၊ နိုင်ငံကြီး တို့ကို အစိုးရတော်မူသော အင်္ဂလိပ်ကေရီ ဘုရင်မင်းမြတ် အထံတော်သို့ စေခန့်တော်မူသော အင်ဗာစေဒါး သံတော်ကြီး တို့ကို အစိုးရတော် မူသော အင်္ဂလိပ်ကေရီ ဘုရင်မင်းမြတ် အထံတော်သို့ စေခန့်တော်မူသော အင်ဗာစေဒါး သံတော် ကြီး ဌာနန္တရနှင့် တကွ အဂ္ဂမဟာ သေနာပတိဝန်ကြီး အရာ၊ နောက် ၁၂၃၆ ခုနှစ်အတွင်း စစ်သည် ရဲမက်တော်တို့၏ အကြီးအချုပ် ဖြစ်သော သေနတ်ဝန်ကြီးအရာ၊ နောက် ၁၂၃၇ ခုနှစ် အတွင်း လယ်ကိုင်းမြို့ စားအရာ၊ နောက် ၁၂၄၀ ပြည့်နှစ်အတွင်း သားတော် သီပေါဘုရင် ဘဝရှင် မင်းတရားကြီးလက်ထက်တော်၌ အဂ္ဂမဟာ သေနာပတိ ဝန်ကြီးချုပ်ဟု ဆိုအပ်သော လက်ဝဲတော် စစ်သူကြီး နေရာနှင့်တကွ သတိုးသုဓမ္မ မဟာသက်တော်ရှည် ဟူသော မင်းမှူး မတ်တို့တွင် အမြင့် ဆုံးဖြစ်သော ဘွဲ့အမည် စားကျေးမြို့ ရွာတို့ဖြင့် အဆင့်ဆင့် ချီးမြှင့်သူကောင်းပြုတော်မူသည်ကို ခံရသည်။

နောက် အင်္ဂလိပ် အစိုးရမင်းလက်ထက် ၁၂၄၈ ခုနှစ်က စ၍ မြန်မာနိုင်ငံတော် မဟာဝန်ရှင် တော်မင်းကြီး၏ အတိုင်ပင်ခံ အဖြစ်နှင့် လွှတ်တော်က ရပ်နေပြီးလျှင် တိုင်းရေးပြည်ရေးနှင့် စပ်သမျှတွင် ကူညီဆောင်ရွက်သင့်ရာ ကူညီဆောင်ရွက်ရပြီးနောက် ၁၂၄၉ ခုနှစ်အတွင်း အင်္ဂလိပ် ဧကရီ ဘုရင်မင်းမြတ် အမိန့်တော်နှင့် တကွ အန္တိယတရာတံဆိပ်အဝင် အိန္ဒိယအဟာ အတုလ တာရာ သဟာယ (ဂ.ဒ.ဂ) စီ- အက်စ် - အိုင် ဘွဲ့တံဆိပ်ဖြင့် ချီးမြှင့် သူကောင်းပြုခံရသည်။ နောက် ၁၂၅၀ ပြည့်နှစ်ကစ၍ အင်္ဂလိပ် အစိုးရမင်းတို့က ပြည့်စုံလုံလောက်စွာ ပင်ရှင်လစာ တို့ဖြင့် ချီးမြှင့် တော်မူခြင်းခံရသည်။ နောက် ၁၂၅၉ ခုနှစ် အတွင်း မြန်မာနိုင်ငံတော်အလုံးကို စီရင် အုပ်ချုပ်တော် မူရသော ဘုရင်ခံမင်း၏ ဥပဒေပြုမင်းတိုင်ပင် အမတ်အသင်းသို့ သွင်း၍ ဂုဏ်ကျက်သရေ ပေးခြင်း ဖြင့် ထပ်မံ ချီးမြှင့် တော်မူပြန်သည်။

သည်ကဲ့သို့ မြန်မာအစိုးရမင်း လက်ထက်တော်နှင့် အင်္ဂလိပ်အစိုးရမင်းတို့ လက်ထက်၊ မင်း ၄ ဆက်မြောက် ကြီးကျယ်မြင့်မြတ်သော ရာထူးဌာနန္တရ၊ ဘွဲ့အမည် တံဆိပ်ဘယက်များ နှင့် တကွ ချီးမြှောက် သူကောင်းပြုတော်မူသည်ကို ခံရသော ပါရမီ ဒဗ္ဗသမ္ဘာရ သီလသမာဓိ ပညာ ဗဟုသုတ ဒီဃာယုက ဟူသော ဂုဏ်ကျေးဇူး အပေါင်းနှင့် ပြည့်စုံသော ဝန်ရှင်တော်ကင်းဝန်မင်းကြီးသည် အသက် ၈၇ နှစ်အရွယ်သို့ ရောက်သောအခါ သင်္ခါရသဘောကို မလွန်နိုင်သည် ဖြစ်၍ သက္ကရာဇ် ၁၂၇၀ ပြည့် ဝါဆိုလဆန်း ၃ ရက်၊ ၁၉၀၈ ခု ဇွန်လ ၃၀ ရက် အင်္ဂါနေ့ ခန္ဓာပဥ္စက သမုတိမရဏ သဘောသို့ ရွေ့လျော ကွယ်လွန်ရလေသည်။

ထိုသို့ ကွယ်လွန်သောအခါ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းတို့ လက်ထက် ဆောင်ရွက်မြဲ ဓလေ့ထုံးစံ အခမ်းအနားနှင့် အညီ ကြီးကျယ်မြင့်မြတ်စွာ သင်္ဂြိုဟ် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော် အလုံးကို အုပ်ချုပ်စီရင် တော်မူရသော ဘုရင်ခံမင်းနှင့် တကွ အစိုးရ အရာရှိမင်းတို့က အစိုးရဘဏ္ဍာတော်မှ သပြာငွေတော်များ စွာ ထုတ်ပေး ချီးမြှင့်တော်မူသည် ဖြစ်၍ ကွယ်လွန်သူ ဝန်ရှင်တော်မင်းကြီး၏ ရုပ်အလောင်းကို သက္ကရာဇ် ၁၂၇၀ ပြည့် ဝါဆိုလဆန်း ၁၀ ရက်နေ့

ညနေ ၄နာရီ အချိန် မန္တလေးတပ်မြို့ တွင်း ၃ ဆက် အိမ်ကြီးတွင် ထမ်းစင်, သန်လျင်, ဗိတန်, ညောင်စောင်း, ထီးဖြူ, ထီးနီ စသော အဖွယ်အရာ အဆောင်အရွက် တို့ကို စီစဥ်ခင်းကျင်းလျက် အမြောက်သံ ၅ချက် ပစ်ဖောက်သည်နှင့်တပြိုင်နက် အခမ်းအနားဖွင့် လှစ်ပါသည်။ ဤသို့ အခမ်းအနားဖွင့်လှစ် သောအခါ ကြွရောက်လာသော ပရိတ်သတ်အပေါင်း တို့သည် ကွယ်လွန်လေပြီးသူ ဝန့်ရှင်တော် ကင်းဝန်မင်းကြီးအား ကြည်ညိုလေးမြတ် လွမ်းဆွတ် တသခြင်း နှင့် တကွ ဤမျှလောက် ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံသောသူ စင်လျက်လည်း သင်္ခါရသဘော မလွန်နိုင်သည် ဖြစ်၍ စုတိကမ္မဇရုပ် စဲချု ပ်ကွယ်လွန်ရသည်ကို ယောနိသော မနသီကာရ အားဖြင့် တရားသံဝေ ယူတော်မူကြစေသတည်း။

ကွယ်လွန်သူ ဝန့်ရှင်တော် ကင်းဝန်မင်းကြီး၏ ရုပ်အလောင်းကို
သရဏာဂုံတင်၍ အမျှဝေသည့်စာတမ်း

အဂ္ဂမဟာသေနာပတိ ဝန့်ရှင်တော် ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်းမြို့ စား မင်းကြီး သတိုး သုဓမ္မမဟာ သက်တော်ရှည် စီ- အက်စ် - အိုင် သည် မြန်မာနိုင်ငံတော် အထက်ပိုင်း ဗန့်ကျိုတိုက် အဝင် ဆင်ရှင်မြို့ နယ် မင်းတိုင်ပင်မြို့ လျှင် ဖွားရာ ဇာတိရှိသဖြင့် အသက် ၂၈ နှစ်အရွယ်က စ၍ မြန်မာအစိုးရမင်းတို့လက်ထက် မင်း ၂ ဆက်မြောက် အသက် ၆၄ နှစ်အရွယ်သို့ ရောက်သည်တိုင် အောင်အတွင်း တစ်ဆယ့်သုံးကြိမ်တိုင်တိုင် ဘွဲ့အမည်၊ အစီးအနင်း၊ အဆောင်အရွက်၊ စားကျေး မြို့ ရွာ၊ ရာထူးဌာနန္တရတို့ဖြင့် အဆင့်ဆင့်ခန့်ထား ချီးမြှင့် သူကောင်းပြုတော်မူသည်ကို ခံရသည် အတွင်း မင်းရေးစီးခွင့် နည်းပါး၊ အားလပ်သော အခါတို့၌ လောကီ လောကုတ္တရာ ပညာ ဗဟုသုတ အစီးအပွားများ ကို ထောက်ထားမြော်ခေါ်ခြင်းအားဖြင့် ပို့ , ကဗျာ, လင်္ကာ, ဧချင်း, မော်ကွန်း, ရတု, ရကန်, စကားပြေ, စာတမ်း, ဓမ္မသတ်ကျမ်း ဟု ဆိုအပ်သော အစောင်အဖွဲ့ဖြစ် သော စာစောင်ရေ ၁၂ တို့ကို ဖွဲ့ဆိုစီကုံး ပြုစ ရေးသားထား ခဲ့လေ၏ ။ ထိုမှတစ်ပါး အဂ္ဂမဟာ သေနာပတိ ဝန့်ရှင်တော်မင်းကြီး၏ ဌာနန္တရသို့ ရောက်သည်မှ ၂ နှစ်မြောက်သော အခါ မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ်အတွင်း မန္တလေးမြို့ အနောက်ပြင် ရွှေတချောင်း အနောက်ဘက် ဒေဝန်းရပ်ရှိ

မြေရ အလားအလာ ကောင်းမွန်သော မင်းပေး မြေပြင်၌ ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်တို့ အမြဲထာဝရ သီတင်းသုံးနေစေခြင်းငှာ ကျောင်းအရံပြုလုပ်ခြင်းနှင့်တကွ သစ်ပျဉ်, အုတ်, ကျောက်တို့ဖြင့် ငြိးစေလျက် ငွေအသပြာ ရှစ်သောင်း ကျော် ကုန် ကျောင်းကြီး ဆောက်လုပ် တည်ထားပြီးလျှင် ကျောင်းအရံ အတွင်း၌ ကျွန်းပင်အများ စိုက်ပျိုး ဖြစ်ထွန်းသည်ကို အစွဲပြု၍ ``သာကဝန်´´ ဟူသော ကျောင်းတိုက်အမည်ကို သမုတ် ခေါ်ဝေါ်ခြင်း၊ ပိဋကတ်ကျမ်း ဂန် တတ်မြောက်သဖြင့် အကျင့်အာစာရ သီလသိက္ခာ နှင့် ပြည့်စုံသော ဆရာတော် ပုဂ္ဂလ်ကျော် တို့ကို အမှူး ထား၍ စတုဒိသာ အာဂတာနာဂတ သံဃိကအဖြစ် ရေစက်သွန်းချ လှူ ဒါန်းခြင်းများ ကို ဝန်ရှင်တော် ကင်းဝန်မင်းကြီး ကိုယ်တိုင် သဏ္ဍစ္စမြောက် အားထုတ်ဆောင်ရွက် တည်ထားပြုစုခဲ့လေ၏ ။ ယင်းသို့ လောကီ လောကုတ္တရာ ပစ္စု နိပ္ပန်သံသာရာ အစီးအပွား များ ကို အမြဲမပြတ် အားထုတ်ဆောင်ရွက်လေ့ရှိသော ဝန်ရှင်တော် ကင်းဝန်မင်းကြီးသည် အသက် ၈၇ နှစ် ရွယ်သို့ တိုင် ရောက်သောအခါ ဇရာဒုဗ္ဗလ သင်္ခါရသဘောကို မလွန်နိုင်သည် ဖြစ်၍ သက္ကရာဇ် ၁၂၇၀ ပြည့်၊ ဝေါဟာရအားဖြင့် ဂိမှန္တရတု တနင်္ခွေ၊ အယနအားဖြင့် ဝဿ ာနရတု ဝါဆိုလဆန်း ၃ရက်၊ ၁၉၀၈ ခု ဇွန်လ ၃၀ ရက် အင်္ဂါနေ့ နံနက် ၅ နာရီ အချိန်စုတိကမ္မဇရုပ် စဲချုပ်ကွယ်လွန်ခြင်း ဖြင့် အနိစ္စရောက်လေ၏ ။

ထိုသို့ ကွယ်လွန်သောအခါ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းတို့ လက်ထက် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် စစ်သူကြီး၊ သက်တော်ရှည် အမတ်ကြီးတို့ ကွယ်လွန်ရာ သင်္ဂြိုဟ်သည့် အခမ်းအနားနည်းကြီးကျယ် ကောင်းမွန်စွာ သင်္ဂြို ဟ်ဆောင်ရွက်ထိုက် သည်နှင့် အညီ မြန်မာနိုင်ငံတော်အလုံးကို စီဂင် အုပ်ချုပ်တော်မူရသော ဘုရင်ခံမင်းနှင့် တကွ အစိုးရ အရာရှိမင်းတို့က ကွယ်လွန်သူ ဝန်ရှင်တော် ကင်းဝန်မင်းကြီးအား သနား ကရုဏာ မေတ္တာ ရှေးရှုခြင်း ရှိသည်နှင့်အညီ မသာအခမ်းအနားနှင့် စပ်၍ သင်္ဂြိုဟ်ဆောင်ရွက်ရန် စရိတ်တွင် အစိုးရ ဘဏ္ဍာတော်မှ သပြာငွေတော်များ စွာ ထုတ်ပေးချီးမြှင့် တော်မူခြင်း၊ ချဆောင်သင်္ဂြိုဟ်မည့် ရက်ဖြစ်သော ၁၉၀၈ ခု ဇူလိုင် ၁၀ ရက်နေ့၌ လည်း မန္တလေးမြို့ ရှိ အစိုးရရုံးတော်များ ကို ပိတ်ထားခြင်း၊

ကင်းဝန်မင်းကြီး ရုပ်အလောင်း ကို သင်္ဂြိုဟ်ရပ်သို့ ဆောင်ယူသောအခါ အခမ်းအနား အစီအစဉ်၏ ရှေ့ဖျားၔ ပုလိပ်မြင်းတပ် ကြပ်မတ်လိုက်ပါခြင်း၊ ချဆောင်သော လမ်းစဉ်တစ်လျှောက်မှာ လည်း ပုလိပ်ခြေသည်တပ် ခင်းကျင်းစောင့်ကြပ် လိုက်ပါစေခြင်း၊ ဤသို့သော အစီအရင်၊ အခွင့်အရေးတို့ဖြင့် ချီးမြှင့်တော်မူသည် ဖြစ်၍ ကွယ်လွန်သူ ဝန်ရှင်တော် ကင်း ဝန်မင်းကြီး၏ ရုပ်အလောင်းကို မန္တလေးတပ်မြို့ တွင်း ၃ ဆက် နေအိမ်ကြီးမှ သက္ကရာဇ်၁၂၇၀ ပြည့် ဝါဆိုလဆန်း ၁၃ ရက်နေ့အခမ်းအနား အစီအစဉ်အတိုင်း ဆောင်ယူခဲ့သဖြင့် မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ် အကွက်နံပါတ် ၃၇၉ အတွင်းရှိ ဤသာကဝန် ကျောင်းတိုက်သို့ ဆိုက်ရောက် ရှိသည့် အတိုင်း ကွယ်လွန်သူ မင်းကြီး၏ သက်စေ့ ဆရာတော်သံဃာတော် ရှစ်ဆယ့် ခုနစ်ပါးတို့အား အထူးထူးသော ဒါနဝတ္ထုတို့ကို လှူဒါန်းပြီးလျှင် သရဏဂုံ ပဉ္စသီ ခံယူဆောက်တည် ခြင်းနှင့်တကွ ကွယ်လွန်သူ ဝန်ရှင်တော် ကင်းဝန်မင်းကြီးအား ဤကုသိုလ်၏ အဖို့ဘာဂကို အမျှရစေခြင်းငှာ အဦးထား၍ ခပ်သိမ်းသော ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေပါသည်။ အမျှရကြသည် ဖြစ်စေသော်ဝ်။

အလုံမြို့ ဝန် မင်းလှုနရာဇေတဗိုလ်၊ ညီမြင်းမှူမြို့ အုပ် မောင်မောင်ကလေးတို့နှင့် အင်စပက်တော်ခင်မောင်ကြီးတို့ ဖိတ်ကြားပါသည်။

သတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့နှင့်တကွ အိန္ဒိယ မဟာ အတုလ တာရာ သဟာယ ဇီ.ဇ်.ဂျ ဘွဲ့တံဆိပ်တော်အရ အဘ အဂ္ဂမဟာ သေနာပတိဝန်ရှင်တော် ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်းမြို့ စား မင်းကြီးအသက် ၈၇ နှစ်ရွယ်ရှိသူသည် ဇရာဒုဗ္ဗလ အိုနာရောဂါနှင့် ခန္ဓာ ချုပ်စဲ ကွယ်လွန်ရာ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းတို့လက်ထက် အဂ္ဂမဟာသေနာ ပတိ ဝန်ရှင်တော်စစ်သူကြီး၊ သက်တော်ရှည်အမတ်ကြီးတို့ ကွယ်လွန်ရာ သင်္ဂြိုဟ်သည့် အခမ်းအနား ဓလေ့ထုံးစံများ နှင့်အညီ အောက်၌ ဖော်ပြပါရှိသော အစီအစဉ်အတိုင်း သက္ကရာဇ် ၁၂၇၀ ပြည့် ဝါဆိုလဆန်း ၁၀ ရက် အင်္ဂါနေ့ညနေ ၄ နာရီအချိန် အခမ်းအနား ကျင်းပဖွင့်လှစ်ခြင်း၊ ၎င်းဝါဆို လဆန်း ၁၃ရက် သောကြာနေ့ မန္တလေးမြို့ ရှိ အစိုးရရုံးတော်များ ပိတ်ထားခြင်း၊ ၎င်းနေ့နံနက် ၁၀

နာရီအချိန် တပ်မြို့ တွင်း နေအိမ်မှ ဆောင်ယူပြီးလျှင် မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ်ရှိ ဝန့်ရှင်တော် ကင်းဝန်မင်းကြီး တည်ထားရင်း သာကဝန်ကျောင်းတိုက် အတွင်း အုတ်ဂူသွင်းနှံ သင်္ဂြိုဟ်ခြင်း အခမ်းအနားများ ကို ဆောင်ရွက်မည်ဖြစ်ပါ၍ အခမ်းဖွင့်သောအခါ၊ ချဆောင်သော အခါများ ၌ ကြွရောက် လိုက်ပို့ သင်္ဂြိုဟ်ပါမည့် အကြောင်း ဖိတ်ကြားပါသည်။

သင်္ဂြိုဟ်ဆောင်ရွက်သည့် အခမ်းအနား အစီအစဉ်

သက္ကရာဇ် ၁၂၇၀ ပြည့် ဝါဆိုလဆန်း ၁၀ ရက် အင်္ဂါနေ့ညနေ ၄ နာရီ အချိန် တပ်မြို့ တွင်း နေအိမ် တွင် သန်လျင်, ထီးဖြူစသော အဖွယ်အရာများ နှင့် တကွ အခမ်းအနား ကျင်းပဖွင့်လှစ် ပါသည်။

ထိုအခါ အမြောက်သံ ၅ ချက်ပစ်ဖောက်ပါသည်။

သက္ကရာဇ် ၁၂၇၀ ပြည့် ဝါဆိုလဆန်း ၁၃ ရက် သောကြာနေ့ နံနက် ၁၀ နာရီအချိန် မန္တလေး တပ်မြို့ တွင်း နေအိမ်မှ အခမ်းအနား အစီအစဉ်အတိုင်း မသာချဆောင်ပါသည်။ ၎င်းနေ့ မန္တလေးမြို့ ရှိ အစိုးရရုံးတော်များ ပိတ်ထားပါသည်။

ထိုအခါ အမြောက်သံ ၅ ချက် ပစ်ဖောက်ပါသည်။

ချဆောင်မည့်အစီအစဉ်

ရှေ့ဖျား ပုလိပ်မြင်းတပ်၊ ရှေ့ဖျား သံဃာတော်တို့ကို လှူရန် အလှူဝတ္ထုတွင် လှည်းစီးရေ ၈၇၊ နောက်စွန့်ကြဲရန် အထည် ပဒေသာပင်ရေ ၃၆ တင် လှည်းစီးရေ ၁၈၊ နောက် သင်္ကန်းပိုက်လူ ၈၇၊ နောက် အခမ်းဝင် တောစည်။

နောက် တောဆောင် အခမ်းအနား အဖွယ်အရာများ ၊ နောက် ကြေးတဝန်း ပတ်တဝန်းဆိုင်း၊ နောက် ရှေ့ဖျားလက်ရထောင် ၂၊ နောက် လင်စဉ် ယပ်စွဲဝဲယာ ၁၀၀။

၎င်းအတွင်း ကျိုင်း ၂ ချက်၊ ဆောင်ထီးနီနှင့်တကွ အစီးအနင်း အဆောင် အရွက်များ ၊ နောက် တံဆိပ်, ဘယက်၊ ကွမ်းခွက်, ကွမ်းလောင်းတင်၊ ရွှေထီး ၄ ချက် အုပ် ရွှေထမ်းစင်။

နောက် ရမြားဆွဲနှင့် တကွ ခမ်းဝင် ထီးဖြူကြီး ၄ အုပ်မိုးသော သန်လျင်၊ ပုလိပ်ခြေလျင် တပ်များ ခင်းကျင်းလိုက်ပါရခြင်း။

၎င်းအစီအစဉ်အတိုင်း ချဆောင်ရာ လမ်းစဉ်တစ်လျှောက် စခန်းထောက် ဌာနများ ရပ်နား၍ သာကဝန် ကျောင်းတိုက်သို့ ခေါင်းသန်လျင်း ရောက်သောအခါ အမြောက်သံ ၅ ချက် ပစ်ဖောက် ပါသည်။

နောက် သရဏဂုံတင်၍ ရေစက်သွန်းချ အမျှပေးဝေသောအခါ အမြောက်သံ ၅ ချက် ပစ်ဖောက်ပါသည်။ ပြီးလျှင် လုပ်ဆောင် အသင့်ရှိသော အုတ်တွင်း အုတ်ဂူသို့ ခေါင်းကို သွင်းနံ့ သင်္ဂြိုဟ်ပါသည်။

မင်းကြီးပြုစုခဲ့သော စာပေများ

၁။ ၃ စောင်တွဲ ဓမ္မသတ်ကြီး၊

၂။ သမီးတော်ချေင်း နှင့် ပုခက်တင်ချေင်း

၃။ စိတ္တုပက္ကိလေသစာတမ်း၊

၄။ တိတ္ထုကပို့၊

၅။ ရတနာနဒီမော်ကွန်း၊

၆။ လန်ဒန်သွားမှတ်တမ်းနှင့် ပြင်သစ်သွားမှတ်တမ်း၊

၇။ နာနာနယသင်္ခေပ ကဗျာဗန္ဓကျမ်း

၈။ အမွေမှု ဓမ္မသတ်ကြီး၊

၉။ အဋ္ဌသင်္ခေပဝဏ္ဏနာဓမ္မသတ်၊

၁၀။ မေတ္တာစာများ ၊

၁၁။ ဓမ္မောဇမော်ကွန်း၊

၁၂။ ပကိဏ္ဏက ဓမ္မသတ်လင်္ကာ၊

၁၃။ နေမိရကန်၊

၁၄။ ကဗျာနှင့် ဂီတသီချင်းများ ဖြစ်လေသည်။

# ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

သတ္တင်္ဂုပေတမဇယံဒသသဒ္ဒရဋ္ဌံ၊
ပဉ္စင်္ဂ စတုဒ္ဒါရိယဘောဇနံယော၊
မာပေသိမေသိကမရိက္ခပဋ္ဌာကတောရုံ၊
ဝါသီ တဒါစကကုမေဟိဝိဘူသိတံသော ။ ။
ဝသန္တတိလကဂါထာ ။ ။ပဌာမ။

ယောဓမ္မရာဇာ - အကြင်တရားမင်း ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်၊ သတ္တင်္ဂုပေတံ- ခုနစ်ပါး သောဗောဇ္ဈင်တရားဟူသော တင့်တည်ထူးလည် ပြည်၏ အစာနှင့် ပြည့်စုံထသော၊ အဇယံ - အောင်နိုင်ခဲသော ကိလေသာ ဟူသော ရန်သူအပေါင်းကို အောင်တော်မူပြီးထသော (ဝါ) တိတ္ထိတို့ သည် မဖျက်ဆီးနိုင်သည် ဖြစ်၍ မအောင်အပ်ထသော၊ ဒသသဒ္ဒံ - အရိယာဝါသ မြတ်ဓမ္မ ဟူသော မဆိတ်မည့် ပြည်၏ အသံလည်း ရှိထသော၊ ပဉ္စင်္ဂ စတုဒ္ဒါရိကဘောဇနံ -သဒ္ဓါဗလ အစရှိသော စင်ကြယ်စွာ သော ပြအိုး တန်ဆောင်း, ဆန္ဒိဒ္ဓိပ္ပါဒ် အစရှိသော လေးပါးသော တံခါးမ, အတ္တရသ အစရှိသော ချိုမြိန်လှစွာ ဩဇာထူးလည်း ပြည်၏ အစာလည်းရှိသော တံခါးတိုင်, ဂရုဏာတော် တည်းဟူသော ထက်ဝန်းကျင် တူးအပ်သောကျုံး , အရဟတ္တဖိုလ်တည်းဟူသော စိုက်ဆောက်အပ် သော အောင်တမ်းခွန်, သတိပဋ္ဌာန် သမ္မပ္ပဓာန် ဟူသော အတွင်းအပ ထိုးလျှ အပ်သော တုရိုင်း တိုင်လည်း ရှိထသေ၊ ရဋ္ဌံ - နိဗ္ဗာန်ကြင့နန်း ရွှေနန်းရွှေပြည်တော်ကြီးကို၊ မာပေသိ-ဖန်ဆင်း တည်ထောင်တော်မူပြီ၊ မာမေတွာ-တည်ထောင်တော်မူပြီး၍ ၊ ကကုမေဟိပိ-သဗ္ဗညုတဉာဏ်, ဒေသနဉာဏ်, အာသယာနုသယဉာဏ်, ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်, ပစ္စဝေက္ခဏာဉာဏ် တည်းဟူသော မင်းမြောက်တန်ဆာ ငါးပါးတို့ဖြင့်လည်း၊ ဝိဘူသိတံ-တန်ဆာဆင်အပ်သည် ဖြစ်၍ ၊ တဒါ-ထိုအခါနှိုက်၊ ဝါသီ-ဖလသမာပတ္တိ သုခဖြင့် ချမ်းမြေ့စွာ စမ္ပာယ်တော်မူပြီ။ ။ ဤကား မဏာမ ဂါထာ၏ အနက်။

၁၂၃၃ ခု တပေါင်းလပြည့်ကျော် ၉ ရက် စနေနေ့က စ၍ မှတ်သည့် နေ့စဉ်မှတ် ။

။

မြန်မာတိုင်းပြည်နိုင်ငံ နှင့် အင်္ဂလိပ်တိုင်းပြည်နိုင်ငံ အစဉ် ရာဇ မဟာမိတ်အဖြစ် မြဲမြံခိုင်ခံ့ အောင် ရည်သန်တော်မူလျက် ဝန်ကြီး ကင်းဝန်မင်းကြီး မဟာစည်သူကို သံကြီး၊ ဝန်ထောက် ပန်းတဉ်းဝန်-မဟာမင်းလှကျော်ထင်, ဝန်ထောက်ဘန် ချက်ဝန်-မဟာမင်းကျော်ရာဇာတို့ကို သံလတ်၊ စာရေးကြီး-မင်းလှဇေယသူကို သံငယ်ခန့်၊ သံကြီး သံလတ် သံငယ်တို့ကို ရာဇသံ လက်ဆောင်တော်များ နှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ မင်းမှူး မတ်တို့ ရှိရာရောက်ရှိသွားစေ ။ ။

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း၊ ခန့်ထားတော်မူရင် ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်တော်မင်း, စာရေးတော်ကြီးမင်းတို့ ထွက်သွားရန် ကောင်းမြတ်သည့် ဇေယသိဒ္ဓိမင်္ဂလာအခါ မရောက်မီကပင် တိုင်းရေး ပြည်မှု နိုင်ငံခြားမှု မှ စ၍ အရပ်ရပ် အမှု မျိုး တို့ကို စီရင် ဆုံးဖြတ်နိုင်သော သတ္တိရည်သွား ကဲလွန်ထက်မြတ် လှသည် ဖြစ်၍ တိုင်းရေးပြည်မှု ကို လွှဲအပ်တော် မူသည်နှင့် အညီ ခွဲခြမ်းဝေဖန် စီရင်ဆုံးဖြတ်ရသော အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် စစ်သူကြီးမင်း, အတွင်းဝန်မင်း, ဝန်ထောက်တော်မင်း တို့နှင့် စုံညီ ရှေ့နောက်ပြန်လှန် ဆင်ခြင်တိုင်းထောက်၍ အယုတ်အလွန် မရှိစေရ ညှိနှိုင်းတိုင်ပင်ပြီးလျှင် ရာဇသံ အမိန့်တော် ဆင်ရွက်ရသည့်အတိုင်း၊ ခန့်ထားတော်မူရင်း ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်တော်မင်း, စာရေးတော်ကြီးမင်းတို့ ထွက်သွားရန် ကောင်းမြတ်သည့် ဇေယသိဒ္ဓိ မင်္ဂလာအခါ မရောက်မီကပင် တိုင်းရေးပြည်မှု နိုင်ငံခြားမှု မှစ၍ အရပ်ရပ် အမှု မျိုး တို့ကို စီရင်ဆုံးဖြတ်နိုင်သော သတ္တိရည်သွား ကဲလွန်ထက်မြတ် လှသည် ဖြစ်၍ တိုင်းရေးပြည်မှု ကို လွှဲ အပ်တော်မူသည်နှင့် အညီ ခွဲခြမ်းဝေဖန် စီရင်ဆုံးဖြတ်ရသော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် စစ်သူကြီးမင်း, အတွင်းဝန်မင်း, ဝန်ထောက်တော်မင်းတို့နှင့် စုံညီ ရှေ့နောက် ပြန်လှန် ဆင်ခြင် တိုင်းထောက်၍ အယုတ်အလွန်မရှိစေရ ညှိနှိုင်းတိုင်ပင်ပြီးလျှင် ရာဇသံအမိန့်တော် ပေးမှာ ရန် စာများ ကို စီကုံးရေးသားခြင်း၊ ရေးသားပြီး စာလက်ခံများ ကို

အမိန့်တော်မြွက်ခံခြင်း၊ အမိန့်တော် မြွက်ခံပြီးနောက် စက္ကူပေါ်၌ သေချာစွာ ရေးသားခြင်း၊ တံဆိပ်တော်ခတ်ခြင်း၊ လက်မှတ်တော် ကိုယ်တော်တိုင် ထိုးတော်မူခြင်း၊ ဆင်စွယ်ကျည်, ကတ္တီပါအိတ် ကျင်ခပ်အိတ် သွတ်သွင်း, သေတ္တာနှင့်ကောင်းမွန်စွာ ထည့်ခြင်း၊ လက်ဆောင်တော် ပတ္တမြားစီခါးကြိုး ၁, ပတ္တမြားစီလက် ကောက်ရန်စုံ ၁ များ ကို အင်္ဂလိပ်ဘုရင်မသို့ ပေးရန်၊ မင်းချင်းပေး လက်ဆောင်တော် ဟူစထိုက် အောင် လက်တတ်လက်ကောင်း ၉ ခေါင်းပန်းထိမ် ဂုံတန်တော်တို့ကို လက်ကုန် ကောင်းမွန်အောင် လုပ်ဆောင်စေခြင်း၊ အင်္ဂလိပ် အိမ်ရှေ့မင်းကို ပေးရန် ပတ္တမြားစီ ၂၁ သွယ် စလွယ်ကိုလည်း အထက်နည်း ကောင်းမွန်အောင် လုပ်ဆောင်စေခြင်း၊ သေတ္တာသွင်းခြင်း၊ အင်္ဂလန်နိုင်ငံ လန်ဒန် မြို့ သို့ ရောက်ကာလ သင့်ရာပေးကမ်းရန် စိန်ရောင်ထိုး ၁၂ သွယ် ရွှေစလွယ်ကုံးရေ ၃, ပန်းပြောက် ထု ၉ သွယ် ရွှေစလွယ်ကုံးရေ ၅, ပတ္တမြားတင် လက်စွပ်ကွင်းရေ ၇, ကောင်းမွန်စွာ ထုလုပ်အပ်သော ၁၂ ရာသီ ရွှေဖလားလုံးရေ ၁၀ များ ကို သနားတော်မြွက်ခံ၍ ကောင်းမွန်သေချာ စွာ သေတ္တာသွင်းထားခြင်း၊ ရှမ်းပြည်လုပ် ငွေပန်းပြောက်ထိုး ကွမ်းအစ်အလုံးရေ ၄၉, ၎င်းငွေ ဘာလျားလုံးရေ ၄၂, ရွှေငါးရုပ်ကောင်ရေ, ရွှေငွေ ၂ စုစပ် ငါးရုပ်ကောင်ရေ ၅, ငွေငါးရုပ်ကောင် ရေ ၅၄, ငွေဖားရုပ်ကောင်ရေ ၉၃ များ ကိုလည်း သနားတော်မြွက်ခံ၍ ကောင်းမွန် သေချာစွာ သေတ္တာသွင်းထားခြင်း စသော ပုဗ္ဗကိစ္စများ ကို ပြီးစီးပြည့်စုံစေလျက် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်ကင်းဝန်မင်းကြီး - မင်းကြီးမဟာစည်သူ,ဝန်ထောက်တော် ပန်းတဉ်းဝန် - မဟာမင်းလှ ကျော်ထင်, ဝန်ထောက်တော် ဖန်ချက်ဝန် - မဟာမင်းကျော်ရာဇာ, စာရေးတော်ကြီး - မင်းလှဇေ ယသူ တို့ကိုလည်း အလုံးစုံ အစီးအနင်း အဆောင်အရွက်များ ကို တဝတည်းလုပ်ဆောင် သနား တော်မြွက်ခံစေ၍ ပညာရှိတို့ ရွေးချယ် ဆက်သွင်းသည့် ဇေယသိဒ္ဓိ မင်္ဂလာအခါတော်အရ၊ သက္ကရာဇ် ၁၂၃၃ ခု တပေါင်းလဆန်း ၈ ရက် တနင်္ဂနွေနေ့ နံနက် တစ်ချက်တီးကျော် အချိန်တွင် ထွက်ရွှေ့ရပ်ဆိုင်းပြီးလျှင်၊ ၎င်းလဆန်း ၁၅ ရက် ကြာသပတေးနေ့ အမိန့်တော် ရာဇသံ၊ လက်ဆောင်တော်များ ကို လှပတင့်တယ်အောင် အစီအစဉ် အခမ်းအနားနှင့် စီစဉ်ခင်းကျင်း သင်္ဘောတော်ဆိပ်သို့ ပို့သပြီးမှ၊ ၎င်းလပြည့်ကျော် ၉ ရက် စနေနေ့ ၂ ချက်တီးကျော် ၄ နာရီ အချိန်တွင် သန်လျက်မော် သင်္ဘောတော်ဆိပ်ကမ်းက စကြာယာဉ်မွန်

သင်္ဘောတော်နှင့် ထွက်ခဲ့သည်။ ၎င်းသင်္ဘောတော်တွင် သိဟိုဠ် ကျွန်းရှိ စွယ်တော်အား လှူ ရန်အလှူတော်နှင့် သိဟိုဠ်ရဟန်း ၂ , ကျွန်တော်မျိုး ၂, တို့လည်း ပါသည်။ မင်းလှရွာ နိဗ္ဗာန်ဆိပ်ဦးတောရ ဆရာတော် လည်း တပည့်သံဃာ ၄ ပါးနှင့် ပါသည်။ ၎င်းသံဃာတော်များ ကို ဝန်ရှင်တော်မင်းကြီးက နံနက်ဆွမ်း နေ့ဆွမ်း နေ့စဉ်ကပ်လှူ၍ ၊ သရဏဂုံပဥ္စသီ နေ့စဉ်ခံယူသည်။ ၎င်းနေ့ ခရီးသောင်း နှစ်တိုင် ကွာ ကျောက်တစ်လုံးကင်းတော်တွင် စခန်းချရပ်အိပ်နေသည်။ ရတနာ ၃ ပါးကို ဆည်းကပ်၍ ဆရာသမားတို့ကို ပူဇော်ဖူးမြင် အဆုံးအမကို ခံရခြင်းသည် အမှု ခပ်သိမ်း အလိုရှိရာ ပြီးစီးအောင်မြင်ခြင်း စသော များ စွာ သော အကျိုး ထူးရှိရကား ကျော်တစ်လုံးရွာရှိ ဂိုဏ်းထောက် ဆရာတော်ဘုရား ကျောင်းသို့ ဝန်ရှင်တော်မင်းကြီး,ဝန်ထောက်တော်မင်း, အရာရှိစုံ သွားရောက် ပူဇော် အဆုံးအမကို ခံကြသည်။

၎င်းလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့ ကျောက်တစ်လုံး ကင်းတော်က ထွက်လာခဲ့ရာ နေ ၂ ချက်တီးကျော် ၁ မောင်းခန့်အချိန် မြင်းခြံရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ ၃ မောင်းခန့် ရပ်နားသည့်အတွင်း ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်မင်းတို့ ၉ ဆောင်တိုက် ဆရာတော်ကျောင်း သို့ တက်သွား ပူဇော်ကန်တော့ ပြီးလျှင် အဆုံးအမကိုခံ၍ လန်ဒန်မြို့ မှာ ကိုးကွယ်ရန် ဓာတ်တော် ဆင်းတုတော်များ ကို ပင့်ဆောင်ထွက်လာခဲ့ရာ မြင်းခြံဆိပ်ကမ်းနှင့် ခရီး ၂ တိုင်ခန့်ကွာ မြစ်လယ် တွင် သင်္ဘောတင်ငြိ၍ ၎င်းတွင် တစ်ည ရပ်ဆိုင်းချရပ်အိပ်နေရသည်။ ၎င်းနေ့ ခရီးသောင်းရှစ်တိုင် သာရောက်သည်။

၎င်းလပြည့်ကျော် ၁၁ ရက် တနင်္လာနေ့ ၎င်းသင်္ဘောငြိတင်ရာအရပ်က ၁၁ နာရီအချိန် ထွက်လာရာ နေ ၃ ချက်တီးကျော် ၅ မောင်းအချိန် ညောင်ဦးရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက် ထင်းသယ်ယူ တင်ဆောင်သည့်အတွင်း ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်တော်မင်းတို့ စည်းခုံ တော်ကြီးသို့ တက်သွား ရွှေဆိုင်းရေ ၁၀, ဖယောင်းတိုင် ၃၀၀၀, ရေချမ်းအိုး ၁၀၀ လှူဒါန်း ပူဇော်၊ တောင်မျက်နှာ နတ်လှေကားမုခ်တွင် ဒက္ခိဏသာခါဘုရားကို ရွှေဆိုင်းရေ ၁ ပူဇော်၊ စေတီတော် သပိတ်တော်မှစ၍ ၁၂ ဌာနများ ကို ဝင်ထွက် မှတ်သားပြီးလျှင်၊ စည်းခုံတော် မြောက်ဆီတည့် သောင်စွယ်တွင် ချရပ်အိပ်နေသည်။

၎င်းနေ့ ခရီးတစ်သောင်းသာ ရောက်သည်။

၎င်းလပြည့်ကျော် ၁၂ ရက် အင်္ဂါနေ့နံနက် စည်းခံတော်ကို အရာရှိစုံ အရုဏ်ဆွမ်းကပ်လှူပြီးမှ ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန်တွင် ၎င်းစည်းခံတော် ဆိပ်ကမ်းက စုန်ဆင်းထွက်လာ ရာ၊ ၁ ချက်တီးကျော် ၂ မောင်းခန့်အချိန် စည့်ကူအုံအောက်တွင် ဓာတ်လှေစီး ဦးရွှေခဲနှင့် တွေ့၍ ကောင်စစ် - အစ်ဒမန်-ဂျွန်း ကပေးသည့်စာကို ပေးအပ်ရယူသည်။ ၎င်းစာတွင် စကြာယာဉ်ပျံ သင်္ဘောတော်နှင့် ဆီးကြို ပါမည် ပါသည်။၎င်းနေ့ ရေနံချောင်းမြို့ ညောင်လှဆိပ်ကမ်းသို့ ညနေ ၃ ချက်တီးကျော် ၃ မောင်းခန့်အချိန် ဆိုက်ရောက်အိပ်နေသည်။ ၎င်းဆိပ်ကမ်းသို့ ရောက်ကြောင်းကို ကြေးနန်းနှင့် လွှတ်တော်သို့ ပြောဆိုသည်။ မင်းလှရုံးသို့ လည်း ဆင့်သည်။ ၎င်းနည်း မြင်းခြံဓာတ်ရုံ, ပုဂံမြို့ ဓာတ်ရုံများ ကလည်း ပြောဆိုခဲ့သည်။ ၎င်းနေ့ ခရီးနှစ်သောင်း ငါးတိုင်ရောက် သည်။

၎င်းလပြည့်ကျော်၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီးအချိန် ညောင်လှဆိပ်ကမ်းက စုန်ဆင်းထွက်လာရာ မင်းဘူးရွာ အလွန်တွင် မလွန်မြို့ ဝန် မြစ်စဉ်စစ်ကဲ လှေတော် ၄ စင်းနှင့် ဆီးကြိုလာ၍ တွေ့ဆုံမိကြသည်။ မကွေးသို့ ရောက်လျှင် ကင်းရွာဆိပ်တွင် ကျောက်စွဲရပ်၊ မကွေး ဆရာတော်ဘုရားကျောင်းသို့ တက်သွားဖူးမြော် ပူဇော် ကန်တော့၍ ၊ ၎င်းမြို့ တွင် ၂ နာရီခန့် ရပ်နားစုန်ဆင်း ထွက်လာခဲ့ရာ မင်းလှရွာ ဆိပ်ကမ်းသို့ ၃ ချက်တီးအချိန် ဆိုက်ရောက်၊ ကုန်းသို့ တက်ပြီးလျှင် မြင်းကျတောင် တောရ ဆရာတော်ဘုရား, မလွန်ဂိုဏ်းထောက်ဦးဥယျ, ဦးလွန်းတို့ ကျောင်းသို့ အရာရှိစုံ လှေတော်နှင့် သွားရောက်ပူဇော်ကန်တော့ ကြသည်။ ၎င်းနေ့ မင်းလှဆိပ် ကမ်း တိုင်ပျောက်ဓာတ်ရုံက ကြေးနန်းနှင့် လွှတ်တော်သို့ ပြောဆိုမြဲ ပြောဆိုသည်။ ၎င်းနေ့ ခရီးသောင်း ၃ တိုင် ရောက်သည်။ ရွှေဖဝါးတော်အောက် သန်လျက်မော် သင်္ဘောတော်ဆိပ်ကမ်း က မင်းလှရွာ ဆိပ်ကမ်းရောက် ခရီးပေါင်း ခုနစ်သောင်း ရှစ်တိုင်ရှိသည်။

၎င်းလပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့ မင်းလှရွာတွင်ပင် ရပ်နေ၍ နိဗ္ဗာန်ဆိပ်ဦး တောတောရ, မလွန်မြို့ မြသပိတ်ဘုရားများ ကို အရာရှိစုံ သွားရောက်

ဖူးမြော်ကြသည်။ ၎င်းမင်းလှ မှာ တောင်တွင်းမြို့ ဝန်, စကုလယ်ကိုင်း ၂ မြို့ ဝန်, မြေတဲမြို့ ဝန်, မကွေးမြို့ ဝန်, မြင်ကွန်းမြို့ ဝန်, တောင်စဉ်ခုနစ်ခရိုင်မြို့ ဝန်, အရာရှိစုံစည်းဝေးနှုတ်ခွန်းဆက်၍ အဆင့်အဆိုခံလာကြသည်။ ၎င်းနေ့ ဓာတ်လှေစီး မောင်ကျော် ရန်ကုန်မြို့ က ဆန်တက်လာရောက် ၎င်းဆိပ်ကမ်းတွင် တွေ့၍ မေးရာ၊ ရန်ကုန်မြို့ အရေးပိုင် အီဒင် ဘဂ်လား က မရောက်သေးကြောင်း၊ နေ့ည ရောက်လိမ့်မည် ကြားခဲ့ကြောင်းနှင့် ပြောဆို၊ မြန်မာသံတော်ဆင့် သတင်းစာကို ပေးအပ် ရယူ၊ ၎င်းသို့ မြို့ ရေးရွာမှု အကြောင်းအရာ တင်စာ ၁ ရေးသား ပေးအပ် ဆန်သွားစေသည်။

၎င်းလပြည့်ကျော် ၁၅ ရက် သောကြာနေ့နံနက် ၄ ချက်တီးကျော် ၁ မောင်းခန့် အချိန် အောက်မြစ်စဉ် လှေတော် ၄ စင်း ခတ်လှူကြည်းလှူ ကိရိယာအစုံနှင့် သင်္ဘောတော်မှာ တွဲ ၍ ၎င်းမင်းလှဆိပ်ကမ်းက ထွက်ခဲ့သည်။ မလွန်ဝန် အောက်မြစ်စဉ်စစ်ကဲ - မဟာမင်းလှ နရာသူလည်း သရက်မြို့ ရောက် လိုက်ပို့သည်။ သရက်မြို့ ဆိပ်ကမ်းသို့ နေ့ ၂ ချက်တီးကျော် ၃ မောင်းခန့် အချိန် ဆိုက်ရောက်၍ မလွန်မြို့ ဝန် မြစ်စဉ်စစ်ကဲ အရေးပိုင်ပြောင်း အိမ်သို့ သွားရောက် တိုင်ပြောရာ၊ မှူး ကြီးမတ်ကြီး သံကြီးတမန်ကြီးများ ကိုလာရောက် တွေ့ကြုံ နှုတ်ဆက်သည် ထုံးစံ နှင့် မညီ၊ ပကတိ လူချင်း အမှတ်မဲ့ တွေ့ကြုံနှုတ်ဆက်သကဲ့သို့ အရေးပိုင်ပြောင်း ကိုယ်တိုင် မြင်းစီး၍ သင်္ဘောတော်ရောက် လာရောက် နှုတ်ဆက်သည် ကာလ လက်ခံသည်မှာ ဝန်ရှင်တော် ကင်းဝန်မင်းကြီး စားပွဲထိပ်၊ လက်ယာဘက်က ပြောင်း၊ လက်ဝဲဘက်က ပန်းတဉ်းဝန်ထောက်မင်း၊ အနောက်စားပွဲဦးက ဖန်ချက်ဝန်ထောက်မင်း၊ လက်ယာဘက် အရှေ့ပိုင်းပြောင်းနှင့် ယှဉ်လျက် မလွန်မြို့ ဝန်မြစ်စဉ်စစ်ကဲ သို့ စီစဉ် ကင်းဝန်မင်းကြီးက ကျန်းမာတော်မူကြောင်း ပြန်ပြောသည်။ နောက် ရွှေဖဝါးတော်အောက်က ထွက်ရက်၊ ရန်ကုန်မြို့ မှာ မည်မျှရပ်နေမည် အကြောင်းအရာ ၊ လမ်းခရီး အရပ်အဆိုင်း၊ လန်ဒန်မြို့ မှာ မည်မျှကြာမည်၊မည်သည့်တိုင်းပြည် နိုင်ငံများ ကို ဝင်ထွက် ဦးမည် အကြောင်းအရာများ ကို ပြန်လှန်ပြောဆို တစ်နာရီခန့်ကြာလျှင် အရေးပိုင်ပြောင်း နှုတ်ခွန်း ဆက်၍ ပြန်သွားသည်။ လိုက်ပို့သည့် မလွန်မြို့ ဝန်မြစ်စဉ်စစ်ကဲတော်ကြီး မင်းလည်း သရက်မြို့ တွင် ဆင်းနေရစ်သည်။ သင်္ဘောတော်ဝဲယာ မနီးမဝေးတစ်ဖက် လှေတော် ၂ စီး

လှပ သစ်လွင်သည့် အဝတ်အစား ဆင်ယင်လျက် တညီတညာ ခြံရံ၍ ပြန်သွားလျှင် လှေတော် ၄ စင်းကို အလျင်တက်ပြိုင်ထွက်သွားနှင့်စေ၍ တစ်မောင်းခန့် ကြာမှ သင်္ဘောတော်ထွက်သည်။ ထွက်သည့်အချိန်မှာ ၂ ချက်တီးကျော် ၅ မောင်းခန့်အချိန်ကို ထွက်ခဲ့သည်။ ရုံးဆိပ်သို့ ရောက်လျှင် ရန်ကုန်ကြားသင်္ဘော ဆန်တက်သွားသည်ကို တွေ့မြင်လိုက်သည်။ ၎င်းက စုန်ဆင်းခဲ့ရာ ပြည်မြို့ အနီး ဘိုးဦးတောင်နှင့် ဆီတည့် အရှေ့ဘက် ဆိပ်ကမ်းတွင် နေဝင် ၄ ချက်တီးအချိန် စခန်းချရပ် အိပ်နေသည်။ ၎င်းနေ့ခရီး နှစ်သောင်းလေးတိုင်ရောက်သည်။

# အပိုင်း[၁] ၁၂၃၃ ခုနှောင်းတန်ခူးလဆန်း

ငင်းလဆန်း ၁ရက် စနေနေ့နံနက် ၄ ချက်တီးအချိန် ငင်းဆိပ်ကမ်းက စုန်ဆင်းထွက်လာ ခဲ့ရာ၊ ၄ ချက်တီးကျော် ၄ မောင်းခန့်အချိန် ပြည်မြို့ သို့ ဆိုက်ရောက်၊ မြန်မာထင်းဆိပ်တွင် ချရပ် ထင်းတင်ဆောင်ဆဲအခါ၊ ဝန်ရှင်တော်ကင်းဝန်မင်းကြီး , ဝန်ထောက်တော် ပန်းတဉ်းဝန်မင်း, ဝန်ထောက်တော် ဖန်ချက်ဝန်မင်းတို့ ပြည်ဆံတော်ရှင် ဘုရားသို့ ဆွမ်းတော်တင် အဖူးအမြော် တက်သွားကြသည်။ မြတ်စွာ ဘုရား ခြေရင်းတော်က ဆင်းလျှင် မြို့ တွင်းလမ်းမကို လျှောက်၍ အနောက်ကို ၊ ငင်းက မြောက်ကို လျှောက်၍ စျေးရုံနှင့် ဆီတည့်လမ်းသို့ ရောက်လျှင် အနောက် ကိုချိုး ၍ စျေးရုံကို ကြည့်ရှုပြီးမှ သင်္ဘောတော်သို့ ပြန်ခဲ့ကြသည်။ သင်္ဘောတော်ဆိုက်လျှင် ဆိုက်ချင်း အင်္ဂလိပ်အစေခံ ပြာတာခေါ် မြန်မာ ၁ လာရောက်ဘုရားဖူးတက်မည် မတက်မည်ကို ဝန်ရှင်တော်မင်းကြီးထံ လျှောက်ထားရာ၊ တက်မည် အမိန့်ရှိ၍ တက်သွားသည်ကာလ ပြာတာခေါ် မြန်မာ ၂ လိုက်၍ လမ်းပြသည်။ ငင်းပြာတာ ၂ တို့လည်း သင်္ဘောတော်က ဆံတော်ရှင်ဘုရား ရောက်၊ ဘုရားက စျေးရုံ ၊ စျေးရုံက သင်္ဘောတော်ရောက် လမ်းပြ လိုက်ပို့ကြသည်။ အထက် သရက်မြို့ မှာ ကဲ့သို့ လှေတော် ၄ စင်း ဝဲယာခင်းကျင်း သင်္ဘောတော် ဆိုက်သည်ကာလ၊ မိန်းမ ယောကျ်ား လူရှင်အများ အုတ်အုတ်ကျက်ကျက် လာရောက် ကြည့်ကြသည်။ ငမှန်း, ညီငရန်း, ငဘိုးမင်း, ငကြင်တင်း, သူကြွယ်ဟောင်း ငလှိုင်းတို့လည်း လာရောက်နှုတ်ဆက်ကြသည်။ ငဘိုး မင်းနှင့် ငလှိုင်း၊ ငင်း ၂ ယောက်အတွက် အသံ အမှုအရာမှာ ကြေကွဲဝမ်းနည်းပုံနှင့်တကွ မိုက်မှာ း မိသည့် အကြောင်းအရာ၊ နိုင်ငံတော်သို့ ပြန်ရောက် ရွှေဘုန်းတော်ရိပ်ကို ခိုလှုံပေးတော်မူရာ ရာဇဝတ်တော်ကို ခံ၍ အမှု တော်ကို ထမ်းရွက် ရွှေစက်တော်မြတ်အောက် လာရောက် နေထိုင်လို ကြောင်း လျှောက်ထား ပြောဆိုသည်။ ငင်းပြည်မြို့ တွင် ၇ မောင်းခန့်ရပ်ဆိုင်း ထင်းတင်ဆောင်ပြီး လျှင် နံနက် ၁ ချက်တီးကျော် ၅ မောင်းခန့် အချိန်ပြည်မြို့ ဆိပ်ကမ်းက ထွက်လာခဲ့ရာ၊ ည ၄ ချက်တီး အချိန် ရေကင်းအထက် သမ္မရာခုံရွာတွင် ချရပ်အိပ်နေသည်။ ငင်းနေ့ ခရီးနှစ်သောင်း ခြောက်တိုင်ခန့် ရောက်သည်။ ငင်းဆိပ်ကမ်းတွင် တလုပ် မြို့ နယ် မြစ်ဆုံရွာနေ ရွှေလက်ယာ အမှု ထမ်း ငပေါ, ငတော, ငရော တို့နှင့် လူပေါင်း ၁၀ ကျော် တံငါ

လုပ်ဆောင်နေသည်။ ငါးကြင်း ကောင်ရေ ၃ အချိန် ၁၀ ခန့် အရှင် ခြံလှောင်ချည်ထားသည်ကို အဖိုးဒင်္ဂါး ၃ ပေး၍ လွှတ်ခဲ့သည်။ ငရော သမီးငယ် ကျောက်ရောဂါစွဲရောက် အသည်းအသံ ရှိနေသည်ကို သောင်တင်းကြီး လှေတော်အမှု ထမ်း ငဘိုးလူ ဆိုသူက ကျောက်ကာလက်ဖွဲ့ပေး ပြီးလျှင် အမိမှာ အစွဲရှိသည် ဆို၍ လင်ကို တင်ပြင်သို့ သွား၍ အစိမ်းစောင့်ရမည် လှည့်ဖြားစေလွှတ်၊ မယားကို ကာမစပ်ယှက်၊ လင်သိ၍ လှေတော်အမှု ထမ်း ငဘိုးလူကို ရာဇဒဏ် ၁၀ ချက် ရိုက်သည်။ ငရောကို ငွေဒင်္ဂါး ၁၀ ပေးခဲ့သည်။ ခိုက်ရန်ဖြစ်ရာ အထောင်းခံရသူ ငတောနှင့် အမည်မသိလူ ၁ ကိုလည်း ဒင်္ဂါး ၅ စီ ပေးခဲ့သည်။

ဇွင်းလဆန်း ၂ ရက် တနင်္ဂနွေနေ့ ၎င်း သမ္မာရာခုံဆိပ်ကမ်းက ထွက်လာရာ နံနက် ၁ ချက်တီး အချိန် သမ္မာရာတိုင်းရှာ အထက်တွင် ဟင်္သာဒ အရေးပိုင် လှေငယ် ၁ နှင့် လာသည်ကို တွေ့၍ ၊ ၎င်းအရေးပိုင်လည်း ဝန်ထောက်တော် ပန်းတဉ်းဝန်မင်းနှင့် သိကျွမ်းရင်း ဖြစ်သောကြောင့် သင်္ဘောတော်ပေါ်သို့ တက်လာပြီးလျှင် လှေကို တွဲ ခဲ့ပါရစေ တိုင်ပြော တွဲ ယူခဲ့စေ၍ ဟင်္သာတမြို့ ဆိပ်ကမ်းရောက် နှုတ်ဆက်စကား ပြောဆိုကြသည်။ ၎င်းအရေးပိုင်လည်း လန်ဒန်မြို့ သို့ ၁၂၃၄ ခု ကဆုန်လအတွင်း ပြန်သွား၊ ၂ နှစ်ခန့်ကြာလိမ့်မည် ပြောဆိုသည်။ ကျောက်တိုင်အောက်မြို့ ကျေးရွာများ ကို ထိန်းသိမ်းပုံကိုမေးရ၊ သရက်တောကျောင်းက မြစ်စဉ်ဝဲယာ ကာမမြို့ နယ်ကုန် အရေးပိုင် တစ်ယောက် ၊ ၎င်းငါးကာမမြို့ နယ် ကုန်က စ၍ ပြည်မြို့ နှင့်တကွ မြစ်စဉ်ဝဲယာ အကောက်တောင်ရောက် အရေးပိုင်တစ်ယောက်၊ ၎င်းအကောက်တောင်ကစ၍ ညောင်တုန်း ထိ မြစ်စဉ်ဝဲယာများ မှာ အရေးပိုင်တစ်ယောက် ထိန်းသိမ်းကြောင်း။ မြို့ ရွာနယ်မြေများ မှာ ၄၅ ခု၊ ၆၄ ခု သတ်မှတ်ပိုင်းခြား ရင်းအတိုင်းရှိကြောင်း။၎င်းအရေးပိုင် ထိန်းစု အကောက်တောင်က ညောင်တုန်း ထိ မြို့ ရွာများ သည် နယ်မြေမြို့ ကျေးရွာ ကျယ်ဝန်း လှသောကြောင့် တစ်ယောက်တည်းနှင့် မနိုင်နိုင် ဖြစ်၍ ၊ အကောက်တောင်က ဓနုဖြူထိ မြစ်စဉ်ဝဲယာတစ်ရပ်၊ ဓနုဖြူက ညောင်တုန်းရောက် မြစ်စဉ်ဝဲယာတစ်ရပ်၊ သို့ ၂ ရပ်ပိုင်းခြား ထိန်းသိမ်းရအောင် ပြောဆိုဆဲ ဖြစ်ကြောင်း နှင့် ပြောသည်။ စလေဒင် လည်း

ယိုးဒယားနိုင်ငံမှာ ကိုယ်စားလှယ်ဖြစ်ကြောင်းကို ပြောသည်။ ၎င်းအရေးပိုင်က အသက်မည်မျှ ရှိသည်ကို မပြောဘဲနှင့် သိသော ၆ ၃ာန ဂဏန်းပုံကိုလည်း ပုရပိုက်ပေါ်တွင် ကိုယ်တိုင်ကူးရေး လက်မှတ်ထိုး၍ ပေးခဲ့သည်။ ၎င်းလက်ကိုင် စာအုပ်ငယ်တွင် ကင်းဝန်မင်းကြီး, ပန်းတဉ်းဝန်ထောက်, ဖန်ချက်ဝန်ထောက်ဟူ၍ ကင်းဝန်မင်းကြီး ကိုယ်တိုင်ရေး၍ ပေးလိုက်သည်။ ၎င်းအရေးပိုင်လည်း ဟသ်ဒမြို့ ပွဲဆိပ်သို့ ရောက်လျှင် ဆင်းနေရစ်သည်။ အချိန်မှာ ၂ ချက်တီးကျော် ၃ မောင်း။ ၎င်းက စုန်ဆင်းလာခဲ့ရာ ရွှေပန်းတန် ဆိပ်ကမ်းတွင် ၂ မောင်းခန့် ဆိုက်ရပ် ထင်းတင်ဆောင်ပြီးမှ ၂ ချက်တီးကျော် ၅ မောင်းခန့်အချိန် ထွက်လာခဲ့ရာ၊ အဖျောက်ရွာ နှင့် ဆီတည့် မြစ်လယ်တွင် ဘယ်ရာခေါ် ကြားသင်္ဘောအဆန်နှင့် တွေ့မြင်သည်။ ၃ ချက်တီးကျော် ၆ မောင်းခန့်လောက် ရှိပြီ။ ၎င်းက စုန်ဆင်းခဲ့ရာ နေဝင် ၄ ချက်တီးအချိန် ဆကာကြီးရွာ ဆိပ်ကမ်းတွင် စခန်းချရပ် အိပ်နေသည်။ ၎င်းနေ့ ခရီးနှစ်သောင်း ခုနှစ်တိုင်ခန့် ရောက်သည်။

၎င်းလဆန်း ၃ ရက် တနင်္လာနေ့ ၎င်းဆကာကြီးရွာ ဆိပ်ကမ်းတွင် နှင်းအားကြီးလှ၍ ရှေ့နောက်ဝဲယာ ရေလမ်းကို မမြင်သည်နှင့် ၅ မောင်းခန့် ရပ်ဆိုင်းပြီးမှ နေရောင်ထွန်းလင်း နှင်းပျောက်ကာလ နံနက် ၄ ချက်တီးကျော် ၇ မောင်းခန့်အချိန် ထွက်လာခဲ့ရာ၊ ညောင်တုန်းရွာနှင့် ဆီတည့် မြစ်လယ်တွင် ဓာတ်လှေစီး အဆောင်တော်မြဲ မောင်ဆိုင်းနှင့် တွေ့၍ ဂွန်းက ပေးလိုက် သည့်စက္ကူစာထုပ် ၂, စာစောင်ရေ ၆ များ ကို ပေးအပ်ဆန်တက်သွားသည်။ ၎င်းစာများ တွင် ဂွန်း ကောင်စစ်ခန့် အမိန့်တော်ကို အင်္ဂလိပ်ရုံးမှာ ပြရာ၊ နေရာမကျသေးကြောင်း ပါသည်။ ၎င်းအရပ် မြစ်လယ်တွင် အတူပါလာသူ စူချွန်မြို့ နေ တရုတ်လူမျိုး တို့က လက်စွဲစာ တောင်းသောကြောင့် ယပ်မှာ ရေးပေးလိုက်သည်။ ၎င်းရပ်မှာ ရေးပေးလိုက်သည်။ ၎င်းယပ်မှာ ရေးပေးလိုက်သည့် စာလက်ခံ ။ ။

တရုတ်တိုင်းပြည် ပဲကြင် မြို့ မနှင့် ခရီးရက်ပေါင်း ၅၀ ကွာ မြောက်မျက်နှာ ရှိ စူချွန်မြို့ နေ စိမ်ဝေါင်ရောင်၊ စိမ်းဝေါင်မည်တို့ မြန်မာနိုင်ငံ ဗန်းမော်မြို့ က ရတနာပုံနေပြည်တော်ကြီးသို့ လာရောက်၊ နေရင်း မြို့ ရွာသို့ ပြန်လိုကြောင်းနှင့်

လျှောက်ထားသောကြောင့် တရုတ်ဥတည်မင်း နှင့် အစဉ် မဟာမိတ်ဖြစ်သည်ကို ထောက်၍ လမ်းခရီးမပင်ပန်းစေရ၊ စရိတ်ကြေးငွေ အပြည့်အစုံ ပေးကမ်း မစပြီးလျှင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ သွား ဝန်ရှင်တော်ကင်းဝန်မင်းကြီး - မင်းကြီး မဟာစည်သူ, ဝန်ထောက်တော် ပန်းတဉ်းဝန်မင်း - မဟာမင်းလှကျော်ထင်, ဝန်ထောက်တော် ဖန်ချက်ဝန်မင်း - မဟာမင်းကျော်ရာဇာတို့သည် စီးသည့် စကြာယာဉ်မွန် သင်္ဘောတော်တွင် ကောင်းမွန်စွာ တင်ဆောင်၍ ရန်ကုန်မြို့ ရောက်လိုက်စေသည်။ ။ သက္ကရာဇ် ၁၂၃၃ ခု နှောင်းတန်ခူးလဆန်း ၃ ရက် ညောင်တုန်းရွာဆိပ်ကမ်းတွင် စကြာယာဉ်မွန်သင်္ဘောတော်တွင်ရေး။

ငင်းက စုန်ဆင်းထွက်လာခဲ့ရာ တွံတေးဝ မြစ်လယ်တွင် ည ၄ ချက်တီးအချိန် ကျောက်ချစွဲရပ်နား အိပ်နေသည်အတွင်း ရေနန်းစကြာ သင်္ဘောတော် ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန် ဆန်တက်လာရောက် တွေ့ကြုံကြသည်။ငင်းသင်္ဘောတော်လည်း ငင်းအရပ်မှာ ပင် ကျောက်စွဲရပ်အိပ်နေသည်။ ငင်းသင်္ဘောတော်စီး မြဲတိုက်သံဆင့် မောင်ဘိုးလှတွင် စာရေးတော်ကြီးနှင့် သူဌေးဦးစံတို့က ပေးလိုက်သည့် စကားချက် ၉, စက္ကူ စာ ၁ ကို မောင်ဘိုးလှ က ပေး၍ ရသည်။ စကား၉ချက်လက်ခံ။ ။

ဂွန်း ရွှေဖဝါးတော်အောက်က လာရာ စကြာယာဉ်ပျံ သင်္ဘောတော်တွင် မြန်မာဒေါင်းလံ တင်လိုကြောင်း ကိုစာပေးသည်။ အီဒင် လွှဲအပ်ခဲ့ လူတို့က အီဒင်မရှိသောကြောင့် အစိုးမပိုင် ကြောင်းကို စာပြန်ပေးသည်။

အီဒင်ဘင်္ဂလားမြို့ က ပြန်လာရာ ဂွန်းက ကောင်စစ်ခန့်တော်မူကြောင်းကို စာရေးသား၍ ပေးသည်။ အီဒင်က ရွှေမြို့ တော် အရေးပိုင် စတိုဝါ က ဂွန်ကို ကောင်စစ်ခန့်ကြောင်းကို စာမရ ဆိုသည်။

ဂွန်းက နှုတ်ခွန်းဆက် အီဒင်ထံ လာလိုကြောင်းကို စာရေးပေးသည်။ အီဒင်က အဆွေခင်ပွန်း အဖြစ်နှင့် နှုတ်ခွန်းဆက် အခွင့်ပေးနိုင်သည်၊ တိုင်းရေးပြည်မှု စကားကို ပြောရန် အခွင့်မပေးနိုင်ဆိုသည်။

ဂျွန်းက ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်တော်မင်းတို့ လာလျှင် ကြိုဆိုချင်ကြောင်းနှင့် စာပေးသည်။ အီဒင်က ဝန်ရှင်တော်မင်းကြီးနှင့် ဝန်ထောက်မင်းတို့ ရန်ကုန်မြို့သို့ လာလိမ့်မည်သာ စာရသည်။ ဘိလတ်မြို့ သို့ သွားမည် စာမရဆိုသည်။

ဂျွန်းက ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်တော်မင်းတို့ရောက်လျှင် အရေးပိုင်စတိုဝါက ဂျွန်းကို ကောင်စစ်ခန့်ကြောင်းစာ၊ အိန္ဒိယဘုရင်ခံထံ ပေးရန်စာ၊ ဘိလတ်မြို့ သို့ ပေးရန် ရာဇသံစာ အရပ်ရပ်စာများ ကို အီဒင်ထံ ပေး၍ ဘင်္ဂလားဘုရင်ခံထံ စာရောက်မှ ကောင်းမွန်စွာ လက်ခံလျှင် ဘိလတ်မြို့ က ကောင်းမွန်စွာ လက်ခံမည် မထင်ကြောင်းကို ဆိုသည်။

သက္ကရာဇ် ၁၂၃၃ ခု နှောင်းတန်ခူးလဆန်း ၃ ရက် နေ့ ရေနန်းစကြာသဘော်တော်စီး မြဲတိုက်သံဆင့် မောင်ဘိုးလှတွင် ပါသည်။ တွံတေးဝတွင် တွေ့၍ပေးခဲ့သည်။

၎င်းစက္ကူစာကိုလည်း ဂျွန်းကပေးသည့်စာ မြန်မာပြန်ချက်နှင့်အတူရေးသားထားသည်။ ရေနန်းစကြာ သဘော်တော်စီး မြဲတိုက်သံဆင့် မောင်ဘိုးလှကို မေးရာ၊ အီဒင် ရန်ကုန်မြို့ တွင် ရှိကြောင်း၊ ကောင်စစ်အက်ဒမန်ဂျွန်းလည်း စကြာယာဉ်ပျံသဘော်တော်ကို ကောင်းမွန်စွာ ပြင်ဆင် အသင့်ရှိကြောင်း၊ ဂျွန်းကို ကောင်စစ်ခန့်စကားမှာ အင်္ဂလိပ်အရာရှိတို့က သဘောမကြည် လင်ရှိသည်နှင့် နေရာမကျသေးကြောင်း ၊ လန်ဒန်မြို့က စကြာယာဉ်ပျံသဘော်တော်နှင့် တင်ဆောင်ခဲ့သည့် နပ်ပြီးကျောက်မီးသွေး တန်ချိန် ၁၀၀, ဝွမ်းနိပ်စက်,လွန်ပူစက်, သကြားချက်စက် များ ကိုသာ ရေနန်းစကြာ သဘော်တော်တွင် တင်ယူခဲ့ရကြောင်း၊ ကျန်စက်ကိရိ ယာများ ကို ဒလဘက် တံတားပေါ်တွင် တင်ထားခဲ့ရကြောင်း ၊ နေ့ရက်ကြန့်ကြာလျှင် စရိတ်ကြေး ငွေ ကျကုန်ရန် ရှိကြောင်းများ နှင့် အစီရင်ခံသည် ဖြစ်၍ ၎င်းအကြောင်းအရာတင် စာရေးသား သဘော်တော်စီး မြဲတိုက်သံဆင့် မောင်ဘိုးလှသို့ ပေးအပ်လိုက်သည်။ ၎င်းနေ့ ခရီး နှစ်သောင်းငါး တိုင်ရောက်သည်။

၎င်းလဆန်း ၄ ရက် အင်္ဂါနေ့နံနက် ၎င်းတွံတေးဝတွင် နှင်းအားကြီးလှ၍ ရှေ့နောက် ဝဲယာ ရေလမ်းကို မမြင်သည်နှင့် ၎င်းအရပ်တွင် ၃ မောင်းခန့်ရပ်ငံ့ ဆိုင်းလင့်ပြီးမှ

၄ မောင်းခန့် အချိန် စုန်ဆင်း ထွက်လာခဲ့ရာ၊ နေ့ ၂ ချက်တီးအချိန် တိုးဝသို့ ဆိုက်ရောက်၊ ၁ မောင်းခန့် ကျော်ချရပ်၊ တက်ရေကို ဆိုင်းငံ့နေရသည်။ ၂ ချက်တီးကျော် ၁ မောင်းခန့်ရှိလျှင် ရေတက်စပြုသည်နှင့် လှေတော် ၄ စင်းကို သင်္ဘောတော်တွဲ ရာက ဖြုတ်၍ ရှေ့လွှန် ရေဦး လိုက်သွားစေသည်။ နောက်တစ်မောင်းခန့်ကြာ ရေတက်အားကြီးမှ သင်္ဘောတော်ရှေ့နောက် ပြန်လှန် စက်ခုတ်မမှန်။ ကြံ့ဖန်ဝင်သွားရသည်။ လမ်းခက်လမ်းကျဉ်းဖြစ်သည်။ ၎င်းက လာခဲ့၍ သခွတ်ပင်ဝအနီးသို့ ရောက်မှ လှေတော် ၄ စင်းကို သင်္ဘောတော်မှာ တွဲ မြဲ တွဲ ရသည်။ ၎င်းက လာခဲ့ရာ ၎င်းနေ့ ၃ ချက်တီးကျော် ၅ မောင်းခန့် အချိန် သခွတ်ပင်ဝသို့ ရောက်လျှင် စာရေးတော်ကြီးမင်း - မင်းလှဇေယသူ, သူဌေး မဟာသီရိဘောဂသာရ, စကြာယာဉ်ပျံ သင်္ဘောတော်စီးရင်း ကပ္ပိတန်တို့ ကြိုဆို စောင့်နေ အလံဆီးပြသောကြောင့် ၎င်းသခွတ်ပင်ဝတွင်ပင် ကျောက်စွဲရပ် အိပ်နေသည်။ အကြိုလာရင်း စာရေးတော်ကြီးမင်း, သူဌေး, ကပ္ပိတန်တို့နှင့် နှုတ်ခွန်းဆက်လက် စကားပြောဆို မေးမြန်း ရာ အင်္ဂလိပ်အရာရှိတို့က ယခုသွားမည့် အရေးကို မသက်မသာ အားကြီးစွာ ရှိကြောင်း၊ ပျက်ရာ ပျက်ကြောင်း ကြံ့နိုင်သမျှကြံ့ကြောင်း ၊ ပျက်အောင်မကြံ့နိုင်လျှင် အသွားအလာ နှောင့်ယှက် ရပ်ဆိုင်း နေ့ရက်ကြန့်ကြာရုံပင် ဖြစ်သော်လည်း ပြုရန်ရှိကြောင်း ပြောဆိုကြသည်။ ၎င်းနေ့ ခရီး သောင်းခြောက်တိုင်သာ ရောက်သည်။

ဗုဒ္ဓဟူးနေ့ သခွတ်ပင်ဝက နံနက် ၄ ချက်တီးကျော် တစ်မောင်းခန့်အချိန် ထွက်လာရာ၊ တစ်ချက်တီး အချိန် ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊ စကြာယာဉ်ပျံ သင်္ဘောတော် အနီး ဗိုလ်တထောင်ဆိပ်ကမ်းတွင် ကျောက်စွဲရပ်သည်။ ၎င်းနေ့ ခရီးခြောက်တိုင် ရောက်သည်။ မင်းလှ ရုံးတော်ဆိပ်ကမ်းက ရန်ကုန်မြို့ ဆိပ်ကမ်း ရောက် ခရီးပေါင်း တစ်သိန်း နှစ်သောင်းလေးတိုင် ရှိသည်။ ရွှေဖဝါးတော်အောက်က ရန်ကုန်မြို့ ရောက် ခရီးပေါင်းမှာ ယခု မီးသင်္ဘော သွားလမ်း စခန်းအတိုင်း မှတ်သားချက်အရကို ပေါင်းလျှင် နှစ်သိန်းနှစ်တိုင် ရှိ၏ ။

၎င်းနေ့ ရန်ကုန်မြို့ သို့ ဆိုက်ရောက်သည့် အချိန်ကစ၍ နေ့ ၃ ချက်တီးကျော်တိုင် အင်္ဂလိပ် အရာရှိတို့ မသိမကြားသကဲ့သို့၊ အထူးသဖြင့် ဆင့်ဆိုထားသည့် လက္ခဏာ

ဆိတ်ဆိတ်ငြိမ်ငြိမ်, စာ လူ မစေမလွှတ်, ကိုယ်တိုင် မဆက်မလက် မကမ်းမလှမ်း နေကြသည်ကို အံ့ဖွယ်ရှိလှပေသည်။ အင်္ဂလိပ် မှူး တော် မတ်တော် တို့ကပင် စတင်၍ မဆက်မလက် မကမ်းလှမ်းသော်လည်း၊ အကြောင်းအရာ စာပေးရလျှင် သင့်မြတ်သည်ဟု ပါရင်းအရာရှိ စုံညီ သဘောတူကြသည်နှင့် လန်ဒန်မြို့ သို့ စေလွှတ်တော်မူသည့် သံတော်တို့ ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြောင်း၊ ၎င်းသံတော် စေလွှတ်တော်မူမည့် အကြောင်းအရာကိုလည်း အရေးပိုင်မင်းကြီးသို့ ပေးရန်စာ ၁၊ ရွှေမြို့ တော်ရှိ အင်္ဂလိပ်အရေးပိုင်သို့ ပေးရန်စာ၁ များ ကို ဝန်ရှင်တော် ပုခန်းကြီးမြို့ စား မင်းကြီးက ရွှေမြို့ တော်ရှိ အင်္ဂလိပ် အရေးပိုင်သို့ ပေးပို့ရှိသည်အတိုင်း၊ ၎င်းစာများ ကို စတိုဝါက မင်းကြီးထံပို့၍ ရလိမ့်မည်ယုံကြည် စိတ်ချကြောင်းနှင့် စာရေးသား၍ ရန်ကုန်မြို့ ရုံးအရာရှိ အီဒင်ဝန်စာရေး ဂျောဘယ်လဘွာယိဝိလာ သို့ လဆန်း ၅ ရက်နေ့ ပေးပို့သည်။ ၎င်းနေ့ ဝန်ရှင်တော် ကင်းဝန်မင်း ကြီးနှင့် စာရေးတော်ကြီး မင်းလှဇေယျာသူတို့ ဥပုသ်ဆောက်တည်ကြသည်။ ဂွန်းကလည်း အင်္ဂလိပ် အရာရှိတို့သို့ ပေးနှင့်သည့်စာ၊ အင်္ဂလိပ်အရာရှိတို့ က ဂွန်းသို့ ပြန်ပေးသည့်စာများ ကို ပြ၍ ၊ ပေးရင်း စာစောင်ရေ ၅, ပြန်စာစောင်ရေ ၅ များ ကို အင်္ဂလိပ်ဘာသာ အတိုင်း ကူးယူထားသည်။ မြန်မာလည်း ပြန်သည်။ ဂွန်း ရွှေဖဝါးတော်အောက်မှာ ရှိစဉ် ကောင်စစ်ခန့်အမိန့်တော် ပြန်တမ်း တော်ကြီးကို အင်္ဂလိပ် အရေးပိုင် စတိုဝါသို့ ပြရာ၊ စတိုဝါက ဂွန်းသို့ ပြန်ပေးသည့် စာလက်ခံကို လည်း ဂွန်းကပြသကြည့်ရှု၊ ၎င်းစာကိုလည်း ကူးထားသည်။

ကြာသပတေးနေ့ ဝန်ရှင်တော်မင်းကြီး, ဝန်ထောက်တော်မင်း, စာရေးတော်ကြီး မင်းတို့မှ စ၍ သဘော်တော်စီး ရွှေတိုက်စိုး, ကပ္ပိတန်, လှေတော်ပဲ့နင်း, သဘော်သား လှေတော်အမှု ထမ်း, နောက်ပါလူငယ်, အဆောင်ကိုင်တို့ကို တစ်ဦးတစ်ယောက် အကြွင်းအကျန် မရှိစေရ သဒ္ဓါသမျှ နှိုးဆော်တိုက်တွန်း၊ ဆံတော်ရှင် ဖြစ်သော တိဂုံမှ စေတီတော်အား ဆွမ်းတော်ကြီး ကပ်လှူပူဇော် ရန် ဝန်ရှင်တော်မင်းကြီးက ဒင်္ဂါးပြားရေ ၁၉၂အဦးအစ စိုက်ထုတ်ပြီးလျှင်၊ ဝန်ထောက်တော်မင်း ၂ ဦးက ဒင်္ဂါးပြားရေး ၃၀ စီ၊ စာရေးတော်ကြီးမင်းက ဒင်္ဂါးပြားရေ ၁၅၊ ဤသို့ စသည်ဖြင့် အသီးသီး သဒ္ဓါခွန်အား ရှိသမျှ

ထည့်ကြသည့် ငွေပေါင်း ဒင်္ဂါးပြားရေ ၃၅၀ ကိုရန်ကုန်မြို့ ရှိ သူဌေး မဟာသီရိ ဘောဂသာရသို့ အပ်၍ ဆွမ်းစမဲပွဲစုံ ပြင်ဆင်စေသည်။

သောကြာနေ့ ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန်ရောက်လျှင် စားပွဲခုံရေ ၁၂၊ တစ်ပွဲလျှင် ဟင်းလျာမျိုး စုံ, မုန့်မျိုး စုံ, ယိုမျိုး စုံ, အချိုအချဉ်မျိုး စုံ, ပန်းကန်ပြားကြီး ၁၂ စီ အကျ ပန်းကန်ပြားပေါင်း ၁၄၄ များ ကို စေတီတော် မြောက်မျက်နှာ စရပ် တော်ကြီး အတွင်း လှပတင့် တယ် အံ့ဖွယ်ရှိအောင် ခင်းကျင်းပြင်ဆင်ပြီးလျှင် ပန်းတိုင်ပွင့် မီးအိမ် သောက်တော်ရေ ဖန်တကောင်း ဖန်ခွက် ပန်းမျိုး စုံ အထူးထူး အပြားပြား ရှုဖွယ်ဘနန်း အဆန်းတကြယ် ထွန်းညှိတည် ထား ကြွေမွန်းလှပစေလျက် ကြာယပ်သထောင်း လည်လှစ်ရွှဲ တင့်တယ်စွာ အုပ်မိုးကြယ်ကာပြီးလျှင် ဆွမ်းတော်ကြီး ကြီးကြပ်ပြင်ဆင်သူ ကျောင်းတကာ ဦးဘိုညွှန်း, ဦးမောင်ကလေး , ဦးရစ်, ဦးဘူး, ဦးဘိုးတို့က ရှေ့လွှန် သွားရောက်ပြင်ဆင် အသင့်ရှိနှင့်စေ၍ ၊ သူဌေးမဟာ သီရိဘောဂသာရက အသီးအသီး စီးရန်ရထား ၃ နှင့် မြစ်ဆိပ်ရောက် ကြိုယူလာ၍ ဝန်ရှင်တော် မင်းကြီး , ဝန်ထောက်မင်း, စာရေးတော်ကြီးမင်းတို့ ရထားကိုယ်စီ စီးသွားကြသည်။ ကျန်ပရိတ်သတ်တို့လည်း အသီးအသီးငြိမ်သက်စွာ သွားကြလေသည်။ မြတ်စွာ ဘုရား ရင်ပြင်တော်သို့ ရောက်လျှင် လက်ဦးရှေ့လွှန် ကြွသွားတော်မူနှင့်သော မင်းလှရွာ နိဗ္ဗာန်ဆိပ်ဦး တောရဆရာတော်ကို ပင့်၍ သရဏဂုံ ပဥ္စသီခံယူကြပြီးလျှင်၊ မြတ်စွာ ဘုရားကို ကိုယ်စားတော်စား ကုသိုလ်တော်ပွား ဆွမ်းတော်ကြီး ကပ်လှူကြသည်။ ရွှေဆိုင်းရေ ၁၂ ကိုလည်း သူဌေးမင်းသို့ အပ်၍ မြတ်စွာ ဘုရား အရှေ့မြောက်ထောင့် ခေါင်းလောင်းနားမှာ တစ်ဝိုက်တစ်ဝန်းတည်း ချစေသည်။ မြတ်စွာ ဘုရား တောင်မျက်နှာ စောင်းတန်းရှေ့ ဇင်ဘော်အတွင်းရှိ ရုပ်စုံ သံသေတ္တာ တွင်းသို့ လည်း ပါသည့် ပရိတ်သတ်တို့က တတ်အားသမျှ စေတီတော် ပြင်ဆင်ရန် စရိတ် အလို့ငှာ ကောင်းကင်ပြတင်းပေါက်ရုပ်စုံ ခံတွင်းပေါက်တိုင်းက ဒင်္ဂါးပိုက်ဆံ အသီးသီး ထည့်လှူ ခဲ့ကြသည်။ ဘုရားအရံအတွင်းရှိ ဒက္ခိတ တို့အားလည်း မစေ့မင မရှိစေရ။ စွန့်ကြဲပေးကမ်း ခဲ့ကြသည်။ စေတီတော်ကြီး မဟာရံပတ်လည် အင်္ဂလိပ်မင်းတို့ ပြင်ဆင်သည့် ကျုံး မြို့ ရိုး, နင်းကြမ်းများ နှင့် စနေထောင့်, ရာဟုထောင့် ရှိလက်နက်တိုက် အနေအထားများ ကိုလည်း

လှည့်ပတ်ကြည့်ရှု တွေ့မြင်ခဲ့သည်။ ဘုရားရင်ပြင်တော်သို့ တောင်မျက်နှာ စောင်းတန်းက တက်သည်။ ၎င်းအထက် အရှေ့ဘက်က ယိုးဒယားမင်းဆောက်လုပ်သည့် ဆင်ရုပ်ယိုးဒယား တံဆိပ်တင်သော ဇရပ်ကို လည်း တွေ့မြင်သည်။ ဇင်္ဘော် အတွင်းရှိ စဉ့်ကူးမင်း ခေါင်းလောင်းတော်၊ ခမည်းတော် မင်းတရားကြီး လှူတော်မူသည့် ခေါင်းလောင်းတော်များ ကိုလည်း တန်ဆောင်းမိုးကာလျက် တွေ့မြင်ခဲ့သည်။ ဇင်္ဘော်အတွင်း တနင်္ဂနွေ ထောင့်တွင် အင်္ဂလိပ်သင်္ချိုင်း ၂ ခု၊ ၃ ခု တံဆိပ်အမှတ် နှင့်တွေ့မြင်သည်။ ပဋမ ထီးပုံလည်း ၎င်းတောင်ခပ်ယွန်းယွန်းတွင် ရှိသည်။ ၎င်းမြောက်တွင် ယခုမြန်မာမင်းမြတ် တင်လှူ တော်မူသည့် ထီးတော်ပုံလည်း အုတ်ရိုးလုပ်ဆဲ တွေ့သည်။ ပြီးလျှင် အရှေ့စောင်းတန်း က ဆင်း၍ ကျောင်းတော်ရာသို့ သွားကြသည်။ စေတီတော် တောင်ခြေတွင် ဂေါ်ရာတဲများ ကို ကြည့်ရှုသွားပြန်ရာ၊ ဂေါ်ရာ တို့စက်ပစ်၍ နေသည်ကို တွေ့မြင် လွန်သွား၊ ကျောင်းတော်ရာသို့ ရောက်လျှင် သူဌေးမင်းက ပြင်ဆင်၍ ထားသော ခေါင်းလျှော်ရေ ချိုး ရေများ ကို ဝန်ရှင်တော်မင်းကြီး, ပန်းတဉ်းဝန်ထောက်မင်း တို့ ချိုး သုံးကြသည်။ ကျွန်ပရိတ်သတ် တို့လည်း ကျောင်းတော်ရာရှိ ရေတွင်းမှာ အသီးအသီး ရေချိုး ကြပြီးလျှင် သူဌေးမင်းက ပရိတ်သတ် နှင့်တကွ အရာရှိမင်းများ ကို ထမင်းကျွေး သည်။ ၎င်းကျောင်းတော်ရာ ဇရပ်တွင် နေထိုင်ကြဆဲ အခါ၊ သံတော်တို့က ပေးသည့်စာအရ အင်္ဂလိပ်အရာရှိ အီဒင်အိမ်သို့ သံတော်တို့ လာရောက်ရန် အခွင့်ကိုရပါလျှင် အလိုရှိကြောင်း ပါသည်။ ပြီးလျှင် နေ့ ၂ ချက်တီးကျော် ၂ မောင်းခန့် အချိန် ရထားစီးမြဲစီး၍ ပြန်ခဲ့ကြသည်။

၎င်းလဆန်း ၈ ရက် စနေနေ့ ရွှေဖဝါးတော်အောက် ထွက်သည်ကစ၍ မင်းလှရုံးသို့ ဆိုက်ရောက်သည့် အကြောင်းအရာ၊ သရက်မြို့ သို့ ဆိုက်ရောက်၊ သရက် အရေးပိုင် ပြောင်းနှင့် စကားပြောကြသည့် အကြောင်းအရာ၊ ပြည်မြို့ သို့ ဆိုက်ရောက်၊ ဆံတော်ရှင်ဘုရားသို့ တက်သွား ဖူးမြော်လှည့်ပတ်ကြည့်ရှုသည့် အကြောင်းအရာ၊ သမ္ဘရာတိုင်းအထက် မြစ်လယ်တွင် ဟသ်ာတ အရေးပိုင်နှင့် တွေ့သည့်အကြောင်းအရာ၊ ရန်ကုန်မြို့ သို့ ဆိုက်ရောက်၊ အင်္ဂလိပ်အရာရှိတို့ အကြောင်းအရာ ၁-ဂဏန်းမှတ်တင်စာ လျှောက်စာ၁။

ဂျွန်းကို ကောင်စစ်ခန့်သည့်အမိန့်တော်မြတ်ကို ရန်ကုန်မြို့ အင်္ဂလိပ်ရုံးမှာ တင်ရာ လက်မခံ သည့် အကြောင်းအရာ - ၂ ဂဏာန်းမှတ်တင်စာ ၁။

လန်ဒန်မြို့ ဝန်ကြီးချုပ်သို့ သနားတော်မူသည့် ကျောက်စီဘယက် မည်သို့ ထူးမြတ်ကြောင်း အင်္ဂလိပ်အရာရှိတို့က မေးသည့် အကြောင်းအရာ ၃-ဂဏာန်းမှတ် အစီရင်ခံစာ ၁။

၎င်းဘယက်အကြောင်းအရာ ပြောရန် အချက်ရ၊ လွှာ - ကို ၃ -ဂဏာန်း မှတ် အစီရင်ခံစာ နှင့် တွဲ လျှက်။ တင်လျှောက်ရန် အတုံ့အပြန် ပေးမှာ သည့် စာများ မှာ ယခု ရေးသားသည့် စာများ ကို အဦးအစ ထား၍ ဂဏာန်းစဉ်အတိုင်း မှတ်သားပြီးလျှင် နေ့စွဲရက်မှတ် အသေအချာနှင့် ပြန်လှန် ပေးပို့မည်အကြောင်း ၄ -ဂဏာန်းမှတ်မှာ စာ ၁ များ ကို ဝန်ထောက် စာရေးကြီးတို့ စုံညီ ရန်ကုန်မြို့ ဆိပ်ကမ်းတွင် စကြာယာဉ်မွှန် သင်္ဘောတော်မှာ စုံညီညှိနှိုင်းရေးသား နေ့စွဲရက်မှတ် ရေးရပ် အသေအချာ မှတ်သားအိတ်သွင်း တံဆိပ်တော်ကြီး ခတ်မှတ်ပြီးလျှင်၊ ဓာတ်လှေစီး အဆောင် တော်မြ ငဘိုးမင်းသို့ ပေးအပ်၊ ၎င်းနေ့ည ဆန်တက်သွားစေသည်။ ၎င်းလဆန်း ၁၀ ရက်နေ့ သံတော်တို့ အီဒင်အိမ်သို့ လာရောက်မည့် အကြောင်းနှင့် သံတော်တို့က အီဒင်သို့ စာပေးသည်။၎င်းနေ့ နံနက် တစ်ချက်တီးအချိန် အနောက် ကရင်ခွန်တီး, ခွန်ရှားတို့အမတ် ငခန်း ဆိုသူ စကြာယာဉ်မွှန် သင်္ဘောတော်သို့ လာရောက် အလွှာ ၁ ပေးသည်။ ၎င်းပေးသည့် အလွှာလက်ခံ။

ဘုရားကျွန်တော် အနောက်ကရင် ကြယ်ဘိုးမြို့ နေ ပဗ္ဗတဒေဝရာဇာစော်ဘွား ခွန်တီး, ခွန်ရှားတို့ ကိုယ်စားလှယ်အမှတ် မောင်ခန်းရှိခိုးသံတော်ဦးတင်၍ သနားတော်ခံပါသည် ဘုရား။ ဘုရားကျွန်တော်မျိုး မှာ အရှင်မျက်နှာတော်ကို ဖူးမြော်ရအောင်သာ ရှိခိုးအစီရင်တော်ခံပါ ဘုရား ။

၁၂၃၃ခုနှစ် တန်ခူးလဆန်း ၇ ရက်နေ့။

၎င်းစာကို ကြည့်ပြီးလျှင် နှုတ်ခွန်းဆက် ဆက်လက် စကားပြော၍ ရွှေဖဝါးတော်မြတ် အောက် တက်သွားသည့်ကာလ လက်ကိုင်ပြုလုပ် ပြသရန် စာ ၁

လိုကြောင်းနှင့် အမတ် ငခန်းက အစီရင်ခံသောကြောင့် အမှတ်အသား လက်ကိုင်စာ ၁ ကို ရေးပေးသည်။ ရေးပေးသည့် စာလက်ခံ။

ရန်ကုန်မြို့ ဆိပ်ကမ်းတွင် ဆိုက်ရပ်နေစဉ် ၁၂၃၃ ခု နှောင်းတန်ခူးလဆန်း ၈ ရက်နေ့ အနောက် ကရင်နီ ကြယ်ဘိုးကြီးမြို့ နေ ပဗ္ဗတ ဒေဝရာဇာ စော်ဘွား ခွန်တီး, ခွန်ရှားတို့ ကိုယ်စား လှယ် အမတ် မောင်ခန်း စကြာယာဉ်မွန် သင်္ဘောတော်သို့ လာရောက်နှုတ်ဆက် တွေ့မြင် အကြောင်းမျိုး ကို မေးရာ၊ ဆက်သရန် ဆင်ကောင်းဆင်မြတ် ရှာလာကြောင်း ၊ ဆက်သရန် လက်ရှိ ဆင်ပေါက်မ ၂ လည်း ရှိကြောင်း၊ ၁၂၃၄ ခု ကဆုန်လ တိုင် ရောက်လျှင် ဆင်တော်အဆက်အသ ရွှေဖဝါးအောက် သွားမည့် အကြောင်းနှင့် အစီရင်ခံသည်။ ။

ဝန်ရှင်တော်ကင်းဝန်မင်းကြီး

၁၂၃၃ ခု နှောင်းတန်ခူးလဆန်း ၈ ရက်နေ့ ရန်ကုန်မြို့ ဆိပ်ကမ်း စကြာယာဉ်မွန် သင်္ဘော တော်တွင် ရေး။

ငှင်းလဆန်း ၉ ရက် တနင်္ဂနွေနေ့ နံနက် တစ်ချက်တီးကျော် ၃ မောင်းခန့် အချိန် စကြာယာဉ်ပျံသင်္ဘောတော်သို့ အကောက်ဝန် ဧတွယ် လာရောက်နှုတ်ဆက်ပြီးလျှင်၊ ၁၀ ရက်နေ့ နံနက် အီဒင်မင်းကြီးက ရထားနှင့် ဆီးကြိုပါစေလိမ့်မည်။ ဝိလာမှာ တံတားက ရထားနှင့် စောင့်နေ ပါလိမ့်မည်။ ဧတွယ်, မြို့ ဝန် ၂ တို့မှာ သင်္ဘောတော်ရောက် လာပါမည် ပြောဆိုသည်။ သင်္ဘောတော်ဖိုး ပေးချေပြီးဖြစ်ကြောင်း လက်မှတ်ကို ဂျွန်းက ပေး၍ ၊ ဂျွန်းက ဝိတိတ်ကား သို့ ငွေပေးပြီးဖြစ်ကြောင်း။ ဝိတိတ်ကားကိုယ်စားလှယ် ရန်ကုန်မြို့ ဘန်တိုက်က လက်မှတ်ကိုလည်း ဂျွန်းက ယူပေးလျှင် သင်္ဘောတော်အဖြစ်သို့ ရောက်ရပါ၏ ။ ဝိတိတ်ကား အမည်သာ မလဲနိုင်သေး ဖြစ်ပါသည်။ သို့ သော်လည်း လန်ဒန်မြို့ က လာသည့်နည်း၊ ပင်လယ်လမ်း ထွက်သွား နိုင်ပါသည်။ လမ်းခရီး အနှောင့်အယှက် မရှိပါ။ လန်ဒန်မြို့ သို့ ရောက်ကာလလည်း တစ်စုံတစ်ယောက် မနှောင့် ယှက်နိုင်ပါ။ သည်အရာကို ကျွန်တော်လည်း ယုံကြည်ပါသည်။ အများ အင်္ဂလိပ် အရာရှိတို့လည်း ယုံကြည်စိတ်ချရန် ရှိပါသည်။ ငှင်းအကြောင်းများ ကို အကောက်ဝန် အသေအချာ ပြောဆို၍ နေ ၃ ချက်တီး အချိန်မှ

အကောက်ဝန် ပြန်သွားသည်။

ငှင်းလဆန်း ၁၀ ရက်တနင်္လာနေ့ တစ်ချက်တီးကျော် ၅ မောင်းခန့် အချိန်တွင် ဝန်ရှင်တော် မင်းကြီး, ဝန်ထောက်တော်မင်း, စာရေးတော်ကြီးမင်းတို့ စုံညီ စကြာယာဉ်ပျံ သင်္ဘောတော်တွင် ရှိနေသည့် အတွင်းမြို့ ဝန်ခေါ် အင်္ဂလိပ်လူမျိုး ကပ္ပိတန် အီဘင်စန်း, လက်ထောက် အင်္ဂလိပ်လူမျိုး အာဒန်စန်း, အကောက်ဝန် ဇွေယ်တို့ သဗ္ဗန်၃ နှင့် အကြို အယူလာ၍ ရောက်လျှင်၊ စကြာယာဉ်ပျံ သင်္ဘောတော်ပေါ်တွင် လက်ခံပုံမှာ ဝန်ရှင်တော်မင်းကြီးကို အဦးထား၍ လက်ဝဲတစ်သွယ် လက်ယာ တစ်သွယ် ခင်းကျင်းရှိနေသည့် နေရာစဉ်တွင် ပန်းတဥ်းဝန်ထောက်တော်မင်း လက်ယာထိပ်, ငှင်းနောက် ဖန်ချက်ဝန်ထောက်တော်မင်း, ငှင်းနောက် စာရေး တော်ကြီးမင်း -မင်းလှဇေယသူ, ငှင်းနောက် သူဌေး မဟာသီရိဘောဂသာရတို့ စီစဉ်နေ ထိုင်၍ ၊ မြို့ ဝန်ခေါ် အီဘင်စန်းမှာ လက်ဝဲထိပ်, ငှင်းနောက် အာဒန်စန်း, အကောက်ဝန် ဇွေယ်တို့ကို နေထိုင်စေပြီး လျှင်၊ မာကြောင်း သာကြောင်း မှစ၍ နှုတ်ဆက်စကား ပြောဆို၊ တအောင့်လောက်ရှိလျှင် သံတော် တို့မှာ အင်္ကျီ လက်ကျယ် ရွှေစလွယ် ဆင်ယင်လျက် ဝန်ရှင်တော်မင်းကြီးမှာ မြို့ ဝန်ခေါ် အီဘင်စန်း နှင့်အတူ သမ္ဗန်၁၊ နောက်ပါ လူငယ်များ မှာ သမ္ဗန် ၁ စီး၍ ရထားခင်းကျင်း အသင့်ရှိသည့် ဟောက်ပါးခေါ် ရေဝန်ခံတံတားသို့ ကူးသွားဆိုက်ရောက် တံတားပေါ်သို့ တက်ပြီးလျှင် ဝန်ရှင်တော် မင်းကြီးမှာ ခင်းကျင်းရှိသည်နှင့် မြင်း ၂ စီးက လေးဘီးတပ်ရထားတွင် စာရေးကြီးခေါ် အင်္ဂလိပ် လူမျိုး ဝိလာနှင့်အတူ၊ ပန်းတဥ်းဝန်ထောက်တော်မင်းမှာ မြင်း၂ စီးက လေးဘီးတပ် ရထားတွင် မြို့ ဝန်ခေါ် အီဘင်စန်းနှင့်အတူ၊ ဖန်ချက်ဝန်ထောက်တော်မင်း, စာရေးတော်ကြီးမင်းတို့မှာ မြင်း ၂ စီးက လေးဘီးတပ်ရထားတွင် လက်ထောက် အာဒန်စန်း, အကောက်ဝန် ဇွေယ်တို့နှင့်အတူ၊ သူဌေးမှာ ကိုယ်ပိုင်ရထားနှင့် စီးနင်းသွားကြရာ ၂ ချက် တီးအချိန်အရေးပိုင် အိမ်ဒင်အိမ်သို့ ရောက်လျှင် လက်ခံပုံမှာ ၊ အရေးပိုင် အီဒင်ကို အဦးထား၍ လက်ဝဲတစ်သွယ် လက်ယာတစ်သွယ် ခင်းကျင်းရှိသည့် နေရာစဉ်တွင် ဝန်ရှင်တော် ကင်းဝန်မင်းကြီး လက်ယာထိပ်, ငှင်းနောက် သူဌေးမင်း စီစဉ်နေထိုင်၍ ၊ ရာဇဝတ်မင်းကြီးခေါ် မေဇာဒန်ကင်း

မှာ လက်ဝဲထိပ်, ၎င်းနောက် ဝိလာ, ၎င်းနောက် ဇတွယ်, ၎င်းနောက် အီဘင်စန်း, ၎င်းနောက် အာဒန်စန်းတို့ကို နေထိုင်စေ၍ ဘုန်းတော်ကြီးဘုရား မာတော်မူပါသလား အီဒင်အမေးနှင့် ဒန်ကင်း မြန်မာပြန်ဆိုမေးမြန်းသည်။ ဝန်ရှင်တော်မင်းကြီးက မာတော်မူကြောင်းနှင့် ပြန်ပြောသည်။ နောက်နှုတ်ခွန်းဆက်သင့်သမျှ ထုံးစံ ရှိရာ ပြန်လှန်ပြောဆိုရမည်ကို အမှုနှင့်ဆိုင်သည့် စကားကိုသာ အဆက်မပြတ် မေးမြန်း သောကြောင့် ပြန်လှန်ပြောဆိုခွင့်မရ။ အမှု နှင့်ဆိုင်သည့် စကားကိုသာ ပြောဆိုရသည်။ အီဒင်က မေးမြန်းသည်မှာ -

ရန်ကုန်မြို့ ဆိပ်ကမ်းက မည်သည့်နေ့ထွက်သွားမည်။

လမ်းခရီးတစ်လျှောက် အိန္ဒိယဆိုင် မြို့ရွာများ အနက် မည်သည့်မြို့ရွာများ သို့ ဝင်ထွက် သွားလာမည်။

ဘင်္ဂလားမြို့ သို့ ဝင်မည် မဝင်မည်၊ ဝင်လျှင် ကြေးနန်းရိုက်လိုသည် ဖြစ်၍ မသွားမီအတွင်း အမှန်သိလိုပါသည်။ ဘင်္ဂလားမြို့ သို့ ဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ အလိုရှိရာ သွားနိုင်ပါသည်။

လမ်းခရီးတွင် ဘုရင်တစ်ပါးပိုင် နိုင်ငံခြားသို့ ဝင်မည် မဝင်မည်။ ဝင်ရန် အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည် မဆင်ရွက်ရသည်။ ရာဇသံ အသီးအခြား ပါသည် မပါသည်။

ဘုရင်မသို့ ပေးရန် ရာဇသံ ပါသည် မပါသည်။ ဘုရင်ခံသို့ ပေးရန်ရာဇသံ ပါသည် မပါသည်။လန်ဒန်မြို့ သို့ မည်သည့်လမ်းက မည်သို့ သွားမည်။

လန်ဒန်မြို့ ဝန်ကြီးချုပ်ကို သနားတော်မူသည့် ကျောက်စီဘယက် မည်သို့ ထူးမြတ်သည်။ စလွယ်နှင့် တူသည် မတူသည်။ မည်သူကို ပေးဖူးသည်။

၎င်းစကားအချက်များ ကို အီဒင်က ဒန်ကင်းကို စကားပြန်စေ၍ မေးရာ၊ ရန်ကုန်မြို့ ဆိပ်ကမ်းက ယခုတနင်္လာနောက် စနေနေ့အတွင်း တော်သင့်သည့် နေ့ရက်ကို ထွက်သွားမည် အကြံရှိသည်။ ဘင်္ဂလားမြို့ သို့ ဝင်လိုသည့်စိတ်ရှိသည်။ ဘင်္ဂလားမြို့ သို့ ဝင်ရန်မှာ ပင်လယ်လမ်း ခရီး လေမိုးကို စိုးရိမ်ရန်ရှိသောကြောင့် အမြန်သွားလိုသည်။

အခွင့်သင့်မှ ဝင်နိုင်မည်။ မသွားမီ အတွင်း သေချာအောင် ပြောမည်။ အသွားဖြစ်စေ၊ အပြန်ဖြစ်စေ အခွင့်သင့်သည့်ကာလ အီတာလျံနိုင်ငံသို့ ဝင်မည်အကြံရှိသည်။ ပြင်သစ်, ရွှတ်, အမေရိကန်, ဂျာမန်နိုင်ငံ စသော မြို့ ရွာနိုင်ငံများ သို့လည်း အခွင့်သင့်သည့်အခါ လှည့်ပတ်သွားလာ ဝင်ထွက်ကြည့်ရှုမည် အကြံရှိသည်။ အမိန့်တော် မှတ်သား၍ အထူးမပါ။ အလိုရှိရာ သွားခွင့်ကိုရသည်။ အင်္ဂလန်နိုင်ငံသို့ တိုက်ရိုက်သွားဖြစ်သော ကြောင့် နိုင်ငံခြားမင်းများ သို့ ပေးရန် ရာဇသံ အထူးမပါ။ အီတာလျံနိုင်ငံ ဗရန်ဒီစီမြို့ လမ်းဖြတ်၍ ပြင်သစ်နိုင်ငံမြောက်စွန်း ကာလေမြို့ ရောက် မီးရထားလမ်း သွား၍၊ ကာလေမြို့က မီးသင်္ဘော တော် ခံစေမည် အကြံရှိသည်။ သို့သော်လည်း အခွင့်သင့်ရာ သွားလာရလိမ့်မည်။ မြန်မာတိုင်းပြည် နိုင်ငံမှာ နိုင်ငံရှင် ဖြစ်သော မင်းဧကရာဇ်ကို နေနတ်နွယ်ရိုး ဖြစ်သောကြောင့် သူရိယဝံသ, အာဒိစ္စဝံသအနွယ်တော်အဖြစ် ထင်ရှားကျော်စောကြောင်း သမုတ်ပြဋ္ဌာန်းကြသည်။ အနွယ်တော် ဖြစ်သော နေမင်းကို အစွဲပြု၍ ဒေါင်းအလံ, ဒေါင်းတံဆိပ်, ဥဒေါင်းဖောင်း စသော မင်းသုံးမင်း ဆောင်နှင့် ထိုက်တန်သည့်အရာများ မှာ အသုံးပြုကြောင်း။ ရွှေနန်းတော်ကြီး ပလ္လင်ရှစ်ရပ်တွင် လည်း ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ စသော ရတနာမျိုး များ ကို ရတော်မူ၍ မြို့ မင်္ဂလာ ဂုဏ်ကျက်သရေ တိုးတက်စေခြင်းငှာ ဘိသိက်ခံတော်မူရာ ရာဇပလ္လင်တော်တွင် ဥဒေါင်းရုပ်ခံကြောင်း။ ၎င်းပလ္လင်လည်း မြောက်စမုတ်ဆောင်တော်တွင် ရှိကြောင်း။ သို့ဖြစ်၍ ထူးမြတ်လွန်ကဲသော ဂုဏ် ကျက်သရေနှင့်တကွ ချစ်ခင်လေးမြတ်ခြင်း ထင်ရှားစေလို၍ သူရိယဝံသ၊ အာဒိစ္စဝံသ အနွယ်တော်မှ ဆင်းသက်သော ဧကရာဇ်မင်းမြတ်တို့၏ အသုံးအဆောင်ဖြစ်သော၊ နေ၏ အလျှံနှင့် တကွ ဖြစ်သော ဥဒေါင်း တံဆိပ် ဘယက်ကို သနားတော်မူသည်မှာ အနွယ်တော်နှင့် တကွ ကိုယ်တော်တိုင် တွေ့ကြုံရသည်နှင့် အတူ သဘောထား၍ သနားတော်မူကြောင်း။ ၎င်းဘယက်ကို မြန်မာမှူး တော် မတ်တော်တို့ မဆင်ထိုက် မဆင်ရကြောင်း။ နိုင်ငံခြား မှူး တော်မတ်တော်တို့ကိုသာ သနားတော်မူမြဲ ဖြစ်ကြောင်း။ အင်္ဂလိပ် ဝန်ကြီးချုပ် ကိုသာ သနားတော်မူသည် မဟုတ်။ ပြင်သစ် နိုင်ငံခြားဝန်ကြီးကိုလည်း သနားတော်မူဖူးကြောင်း။ ကျောက်စီဘယက်နှင့် စလွယ် သဘောမတူ၊ ထူးမြတ်သည့်အရာ ဖြစ်သည်။ မြန်မာ့မှူး မတ်တို့ မဆင်ယင် ထိုက်။ ဆွေတော်မျိုး တော်တို့သာ ဆင်ထိုက်သည်။ ဘယက် အခေါ်ချင်းသာတူ၍

ဂုဏ်ချင်း မတူ၊ ပြင်သစ် နိုင်ငံခြားဝန်ကြီး စင်ဒလာတူ ကို သနားတော်မူဖူးသည်။

သို့ အချက်အဆစ် စကားရပ်များ ကို မေးမြန်း ပြောဆိုကြပြီးနောက် အီဒင်က ပြောဆိုသည်မှာ - သံတော်တို့ သွားမည့် အကြောင်းအရာနှင့် စတိုဝါက ပို့ရောက်သည့်စာကို ရ၍ ၊ ၎င်းစာရ ဘုရင်ခံမင်းသို့ မှာ ထား၍ ၊ ဘုရင်ခံမင်းက လန်ဒန်မြို့ ရှိ အိန္ဒိယဆိုင်ရာ ဝန်ကြီးသို့ တိုင်ပြော၍ ၊ လန်ဒန်မြို့ က ကြေးနန်းနှင့် ပြန်ဆိုမှာ ထားသည့်စာ ဆို၍ အီဒင်က ဖတ်ပြော ပြန်ဆိုစေသည်မှာ -

မြန်မာသံတော်တို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ သို့ ရောက်လျှင် မဟာမိတ် လက္ခဏာနှင့် အညီ ကောင်းမွန်စွာ လက်ခံ ဝင်ထွက်ရရုံ ဝင်ထွက်ရပါလိမ့်မည်။ အိန္ဒိယဘုရင်ခံ သဘောတူ အခွင့် ရအောင် ပြုလုပ်၍ မသွားလျှင် တိုင်းမှု ပြည်မှု ၊ လက်နက်ကိရိယာ ဝယ်ယူမှု မှ စ၍ မှု ခင်းနှင့် စပ်ဆိုင်သည်များ ကို လန်ဒန်မြို့ နိုင်ငံခြားဝန်ကြီးထံဖြစ်စေ၊ လန်ဒန်မြို့ အိန္ဒိယဆိုင်ရာ ဝန်ကြီးထံ ဖြစ်စေ တစ်စုံတစ်ရာ ပြောဆိုခွင့်မရ။ စာချုပ်ကိုပြု၍ ဖြစ်စေ၊ တစ်စုံတစ်ခုစာကို ပြု၍ ဖြစ်စေ၊ မည်သို့ သော အကြောင်းနှင့် ပြောသင့်ပြောထိုက်အောင် ပြောသည် ဖြစ်စေ ပြောဆိုသော်လည်း လက်မခံ ကြောင်းနှင့် ကြေးနန်းစာတွင် ပါသည်။ သို့ဖြစ်၍ တိုင်းပြည်မှု ၊ လက်နက်ကိရိယာမှု မှ စ၍ အမှု စကား ကို မပြောဆိုပါလေနှင့်။ ပြောဆိုသော်လည်း စိတ်နှလုံး ပူပန်ရုံမျှသာ ဖြစ်ပါမည်။ သိစေလို၍ အဆွေ ခင်ပွန်း အဖြစ်နှင့် ပြောဆိုကြောင်း။

ပြန်ပြောသည့်ကာလ၊ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက ပြန်ပြောသည်မှာ -

၂ တိုင်း ၂ ပြည် မဟာမိတ် ဖြစ်ကြသည်နှင့်အညီ အင်္ဂလိပ်မင်းက ကျွန်ုပ်တို့ အရှင်မင်းမြတ်ထံ သံတမန် မှူး တော် မတ်တော် အကြိမ်ကြိမ်စေလွှတ်၊ ရွှေတော်သို့ ဝင်ထွက် ရွှေမျက်နှာတော်ကို ဖူးမြော်ကြ ရသည်။ ကျွန်ုပ်တို့နိုင်ငံ မှူး တော်မတ်တော်တို့ အင်္ဂလိပ်ဘုရင်မထံ တစ်ကြိမ်တစ်ခေါက် မရောက်ဖူးသေး ဖြစ်၍ ရောက်ပေါက်ကောင်းလှပေသည် ယုံကြည်ခြင်းနှင့်တကွ လာရောက်သည် အမှု ဖြစ်၍ မဟာမိတ် လက္ခဏာနှင့်အညီ ဝင်ထွက်ရလျှင် ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်။ အမှု ဆိုသည်မှာ အမှု အလျောက် ဖြစ်ထိုက် ဖြစ်သင့်သည် သဘောအတိုင်း ဖြစ်ပါလိမ့်မည်

ပြောဆိုသည်။

နောက် အီဒင်က ပြောဆိုပြန်သည်မှာ အင်္ဂလိပ်ဘုရင်မက ဘုန်းတော်ကြီးလှသော ဘုရင်ထံ ပေး သည့် ရာဇသံ၊ လန်ဒန်မြို့ ဝန်ကြီးချုပ်က ပုခန်းမင်းကြီးသို့ ပေးသည့်စာ၊ ၎င်း ၂ ရပ် ရန်ကုန်မြို့ သို့ ဆိုက်ရောက်၊ သရက်မြို့ အရေးပိုင်ထံ ပို့အပ်ဆက်သပါစေပြီ ပြောဆိုသည့်ကာလ မည်သည့်နေ့ရက်က ရောက်သည်၊ မည်သည့်နေ့က ပို့လိုက်သည်၊ ရာဇသံစာများ ကို မည်သူသွား၍ ဆက်သွင်းလိမ့်မည် ထပ်မံ မေးမြန်းရာ - ရန်ကုန်မြို့ သို့ ရောက်သည် ၂ လခန့် ရှိကြောင်း။ သရက်မြို့ သို့ ပို့လိုက်သည် ရက်ပေါင်း ၂၀ ခန့် ရှိကြောင်း။ သရက်မြို့ အရေးပိုင် ရွှေဖဝါးတော်အောက် သွား၍ ပို့ဆက်လိမ့်မည် အကြောင်းနှင့် ပြောဆို သည်။ သည်စကားအတိုင်း မှန်လျှင် သရက်မြို့ သို့ ဆိုက်ရောက်၍ အရေးပိုင်ပြောင်း သဘော်တော်သို့ လာရောက် နှုတ်ဆက်စဉ် ၎င်းအကြောင်းအရာများ ကို ပြောဆိုသင့်လျက် မပြောမဆိုသည်ကို ထောက်လျှင် အင်္ဂလိပ်ဘုရင်မ ရာဇသံရောက်သည် ကြာသေးမည့် လက္ခဏာ မထင်။ ယခုမှ ဆိုက်ရောက်၍ အလျင်အ မြန် ပို့သည့် လက္ခဏာ ရှိသည်။

တစ်ကြောင်းလည်း လန်ဒန်မြို့ သို့ စေလွှတ်တော်မူမည်ကို အင်္ဂလိပ်အရာရှိတို့ သိ၍ ၎င်းရာဇသံ တွင်လည်း အကြည်အသာ ဝမ်းမြောက်ရန် စကားပါသည် ဖြစ်သောကြောင့်၊ ၎င်းရာဇသံ အလျင် ဆိုက်ရောက်လျှင် လန်ဒန်မြို့ သို့ စေလွှတ်တော်မူမည် အကြံတော်ကို အားပေးသကဲ့သို့ ရှိမည်ကို စိုးရိမ်သောကြောင့် မပို့မဆက် ရပ်ဆိုင်းထားပြီးလျှင် ယခုမှ ဧကန် စေလွှတ်တော်မူသည်ကို သိ၍ ၊ သံတော်တို့ လန်ဒန်မြို့ သို့ ရောက်သည့်ကာလ ရာဇသံစာများ မရောက်သေးကြောင်းကို ပြောဆိုလျှင် အပြစ် ဖြစ်မည်ကို စိုးရိမ်သောကြောင့်၊ ယခု အလျင်အမြန် ပို့ရောက်ကြောင်းကို သံတော်တို့ သိ၍ သွားစေလိုသော ကြောင့် ပြောသည့်လက္ခဏာ ရှိသည်။ ။ ၎င်းစကား ၂ရပ်မှာ ထင်ချက်။ ။ အင်္ဂလိပ်ဘုရင်မ ရာဇသံ ပို့လိုက်ကြောင်း အီဒင်က ပြောဆိုသည့်အချက်တွင်၊ ၎င်းရာဇသံ လက်ခံကို ကျွန်ုပ် လန်ဒန်မြို့ မှာ ရှိနေစဉ် အိန္ဒိယဆိုင်ရာ ဝန်ကြီး အတွင်းစေခိုင်းသည့် ဝန်စာရေး ကေရီ ဆိုသူက ပြ၍ ကျွန်ုပ်ကိုယ်တိုင် ဖတ်ကြည့်ခဲ့ ဖူးကြောင်း။ ၎င်းရာဇသံ

လန်ဒန်မြို့ က ထွက်သည့်ကာလ ရှည်ကြာရှိကြောင်းနှင့် ပန်းတဥ်းဝန်ထောက်တော် မင်းက ပြောသည်။ သည်စကားကို ပြန်၍ မဆို။

ငှင်းနောက် အီဒင်က မေးမြန်းသည်မှာ သင်္ဘောတော်နှင့်သွားမည်လား၊ သင်္ဘောတော်ဖိုး ငွေတော် ပေးချေ၍ ပြေပြီလား၊ ငွေပြေလက်မှတ ဂျွန်းက ပေးပြီလား မေးသည်ကို ပြန်ပြောသည်မှာ သင်္ဘောတော်နှင့် သွားမည်။ ငွေတော် ပေးချေ၍ ပြေပြီ။ ငွေပြေလက်မှတ်ကို ဂျွန်းက ပေးနိုင်ပါလိမ့်မည် ပြောဆိုသည့်ကာလ-

ငွေတော် ပြေသော်လည်း သင်္ဘောရောင်းရင်းလူ ဝိတိတ်ကားဆိုသူ အင်္ဂလန်နိုင်ငံမှာ ဖြစ်၍ သင်္ဘောတော်လည်း ဝိတိတ်ကားအမည်နှင့်ပင် ရှိသေးသည်။ လန်ဒန်မြို့ သို့ ရောက်၍ ဝိတိတ်ကား နှင့် စုံညီ သင်္ဘောလက်မှတ်တံဆိပ်ကို လဲရမှ သင်္ဘောတော် အဖြစ်သို့ ရောက်မည်။ သို့ဖြစ်၍ ယခုမှ သင်္ဘောတော်ဖိုး ငွေတော် ပေးချေပြီးဖြစ်လျက် သင်္ဘောတော် အဖြစ်သို့ မရောက်။ ဝိတိတ်ကား သင်္ဘောအဖြစ်၌ သာ တည်လျက် ရှိသေးသောကြောင့် ပင်လယ်လမ်းခရီးမှာ သည်ကဲ့ သို့ သင်္ဘောသွားလာရီး ဥပဒေ မရှိ၊ သင်္ဘောကို သိမ်းယူနိုင်သည်။ ဥပဒေသို့ သက်ဝင်ကြောင်းနှင့် ဥပဒေစာအုပ် အချက်ကို ဖွင့်၍ ပြသည်။

ငှင်းဥပဒေများ ကို ဝန်ထောက်မင်း ၂ ဦးတို့ ကြည့်ရှု၍ ဥပဒေနှင့်လွတ်အောင် မည်သို့ပြုလျှင် သင့်မည် ထပ်မံမေးရာ၊ ဂျွန်းသို့ ပေးပြီး သင်္ဘောတော်ဖိုးငွေကို ပြန်၍ ယူလျှင် ငွေတော်ချေပြီး အဖြစ်သို့ မရောက်။ ဝိတိတ်ကား သင်္ဘောအဖြစ်၌ သာ တည်မြဲတည်၍ လန်ဒန်မြို့ က အထက်လာရင်းအတိုင်း ပြန်သွားလျှင် ဥပဒေလွတ်ကြောင်းနှင့် အင်္ဂလိပ် အရာရှိတို့က ပြောဆိုကြသည်။ သည်စကားမှာ သင်္ဘောတော် ရောင်းရင်းသူ ဝိတိတ်ကားလည်း လန်ဒန်မြို့ တွင် အထင်အရှား၊ သင်္ဘောတော်ကို ဝယ်၍ ဆောင်ယူ ငွေတော်ခံသူ ဂျွန်းလည်း သင်္ဘောပေါ်တွင် အထင်အရှား၊ လန်ဒန်မြို့ မှာ သင်္ဘောတော် တည်လုပ်စဥ် ကာလကပင် သင်္ဘောတော်ဖြစ်ကြောင်း အထင်အရှား၊ လန်ဒန်မြို့ က သင်္ဘောတော်ကို ဆောင်ယူခဲ့သည့် ပင်လယ်လမ်းခရီး နိုင်ငံမြို့ ရွာတစ်လျှောက်မှာ လည်း သင်္ဘောတော် ဖြစ်ကြောင်း အထင် အရှား။ သို့ အရပ်ရပ် ထင်ရှားကျော်စော

ကြေညာကြားသိပြီး ဖြစ်သောကြောင့် စိုးရိမ်ရန် မရှိ။ အင်္ဂလိပ် အရာရှိတို့ ပြသည့် ဥပဒေအချက်လည်း တိုက်ရိုက်ထွက်သည့်အချက် မဟုတ်၊ ၎င်းဥပဒေအချက်သို့ ဝင်သင့် ဝင်ထိုက်သည်ယူရန် ရှိကြောင်းနှင့်သာ ဆ၍ ယူရသည့် အချက်မျှသာ ဖြစ်သည်။ သို့ဖြစ်၍ စိုးရိမ်ရန် မရှိ။ ။ သည်စကားမှာ ထင်ချက် ။ ။

# အပိုင်း[၁] ၁၂၃၃ ခုနှောင်းတန်ခူးလဆန်း

သို့ အရပ်ရပ် နှုတ်ခွန်းဆက်လက် စကားပြန်လှန်ပြောဆို ၃ မောင်းခန့် ရှိလျှင် စီးမြဲရထားမှာ အင်္ဂလိပ် အရာရှိတို့နှင့်အတူ သံတော်တို့ စီး၍ မြစ်ဆိပ်ဟောက်ပါး ရေဝန်ခေါ် တံတားရောက် ပြန်လာကြ သည်။ တံတားသို့ ရောက်လျှင် ဝိလာမှာ တံတားက ပြန်သွားသည်။ ကျန်အင်္ဂလိပ် အရာရှိတို့နှင့် သံတော်တို့ တံတားတွင် အသင့်စောင့်နေရှိသည့် အင်္ဂလိပ်အရာရှိတို့ သမ္ဗန် ၁ စီး၍ စကြာယာဉ်ပျံ သင်္ဘောတော်သို့ ပြန် လာကြသည်။ သင်္ဘောတော်ပေါ်သို့ ရောက်၍ တအောင့်လောက်ကြာလျှင် လိုက်ပို့သည့် အင်္ဂလိပ်အရာရှိတို့ ပြန်သွားကြသည်။

၄င်းလဆန်း ၁၁ ရက် အင်္ဂါနေ့ အင်္ဂလိပ်အကောက်ဝန် ပြောင်း စကြာယာဉ်ပျံ သင်္ဘောတော်သို့ လာရောက်၊ သင်္ဘောတော် ဦးခန်းပဲ့ခန်း အထက်အောက် မကြွင်းမကျန် ပြန်လှန်ကြည့်ရှု မှတ်သားပြီးလျှင် သင်္ဘောတော်ပေါ်တွင် သံတော်တို့နှင့်အတူ ၃ချက်တီးအကျော် ၅ မောင်းခန့်အချိန် စားပွဲထိုင်၍ ပြန်သွားသည်။ ၄င်းနေ့ -

အင်္ဂလိပ်အရာရှိတို့နှင့် တွေ့ကြုံပြောဆိုကြသည့် အကြောင်းအရာ ၅-ဂဏန်းမှတ် တင်လွှာ ၁၊ ၄င်းနှင့် တွဲ လျက် ပြောဆို မှတ်သားချက်လွှာ ၁။

စကြာယာဉ်ပျံ သင်္ဘောတော် အကြောင်းအရာ ၆-ဂဏန်းမှတ် တင်လွှာ ၁။

ဘင်္ဂလားမြို့ သို့ မဝင်နိုင်ကြောင်း အီဒင်သို့ စာပြန်ပေးသည့် အကြောင်းအရာ ၇-ဂဏန်း မှတ်တင်လွှာ ၁။

စရိတ်ကြေးငွေမှု အကြောင်းအရာ ၈-ဂဏန်းမှတ် အစီရင်ခံလွှာ ၁။

အင်္ဂလိပ်ဘုရင်မက ပေးသည့် ရာဇသံ လက်ခံကို တောင်းသည့်အကြောင်းအရာ ၉-ဂဏန်းမှတ် အစီရင်ခံလွှာ ၁။

ရွှေဖဝါးတော်အောက်နှင့် သံတော်တို့ စာပြန်လှန် ပေးပို့ရာ အလွှာမှာ ရေးထည့်ရန် ဥပဒေ၊

ကြေးနန်းမှာ ရေးထည့်ရန် ဥပဒေအကြောင်းအရာ ၁၀-ဂဏန်းမှတ် အစီရင်ခံလွှာ ၁။

ငှင်းနှင့်တွဲ လျက် ဥပဒေလွှာ ၁များ ကို ဝန်ထောက်၊ စာရေးကြီးတို့နှင့် စုံညီညှိနိုင်း ရေးသားပြီးလျှင်၊ ဂဏန်းနေ့စွဲ အသေအချာ ရေးသားထည့်မှတ် အိတ်သွင်း တံဆိပ်တော်ကြီး ခတ်မှတ် လိပ်ထိုးပြီးလျှင် သူဌေး မဟာသီရိဘောဂသာရသို့ ငှင်းနေ့ အပ်သည်။

ငှင်းလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့ အင်္ဂလိပ် အကောက်စာရေး ကရော်ဒင်၊ ရေဝန်ကရောဒက် တို့နှင့် မြို့ စာရေး၊ ထောင်မှူး တို့ သင်္ဘောတော်သို့ လာရောက် ကြည့်ရှု မှတ်သားသည်။ ငှင်းနေ့ ဘင်္ဂလားသို့ မဝင်နိုင်ကြောင်း၊ လဆန်း ၁၃ ရက် နေ့ ထွက်သွားမည်အကြံရှိကြောင်း စာကို သံတော်တို့က ဝိလာသို့ ပေးပို့သည်။

ငှင်းလဆန်း ၁၃ ရက် ကြာသပတေးနေ့ သင်္ဘောတော် ထွက်သွားမည်။ အရပ်ရပ် ပြင်ဆင်ပြီးပြေမီး ထည့်၍ အသင့်စောင့်နေကြရာ၊ ဂွန်း ယူခဲ့ရင်း အမြောက် သေနတ် စကားမရှင်းမလင်း ရှိသေးသည်ဆို၍ ထွက်လက်မှတ် မပေးသောကြောင့် မထွက်မသွားရ ရပ်ဆိုင်းနေရသည်။ ငှင်းနေ့လည်း အင်္ဂလိပ် အကောက်တိုက် အရာရှိတို့ လာရောက်ကြည့်ရှု တစ်နေကုန် နေ့စဉ် စောင့်နေ ကြည့်ရှု မှတ်သားကြသည်။

ငှင်းလဆန်း ၁၄ ရက် သောကြာနေ့ မြို့ ဝန်ခေါ် ကပ္ပိတန် အာရနက်၊ အကောက်ဝန်ပြောင်း၊ အကောက်စာရေး ကရော်ဒင်တို့နှင့် ထောင်မှူ း ထောင်စချိတို့ သင်္ဘောတော်သို့ လာရောက်ပြီးလျှင် ဦးပဲ့ ဝဲယာ အထက်အောက် ပြန်လှန်ကြည့်ရှု၍ ငှင်းနေ့ နေကုန် ၄ ချက်တီးမှ ပြန်သွားကြသည်။ အကောက် တိုက် အရာရှိတို့မှာ သင်္ဘောတော်ပေါ်တွင် နေ့ည စောင့်နေသည်။ လန်ဒန်မြို့ က သင်္ဘောတော်ပေါ်တွင် တင်၍ ဂွန်း ဆောင်ယူခဲ့သည့် အမြောက်လုံးရေ ၃၊ သေနတ်လက်ရေ ၁၂ များ ကို ရန်ကုန်မြို့ က သင်္ဘော တော်ပေါ်တွင် တင်၍ ဂွန်း ဆောင်ယူခဲ့သည့် အမြောက်လုံးရေ ၃၊ သေနတ်လက်ရေ ၁၂ များ ကို ရန်ကုန်မြို့ သို့ သင်္ဘောတော်ဆိုက်လျှင် ဆိုက်ချင်း မတိုင်မကြား မပြောမဆို စာရင်းမတင်မပေး ဆို၍ သေနတ်လက် ရေ ၁၂ ကို အင်္ဂလိပ် အရာရှိတို့က သိမ်းယူသည်။ ဒင်္ဂါးငွေ ၁၅၀၀ ကိုလည်း ဂွန်းက ပေးရသည်။ အမြောက် မှာ သင်္ဘောတော်ပေါ်က မချရ။

လန်ဒန်မြို့ သို့ပြန်၍ ယူသွားရမည်။ စာနှင့် ဂျွန်းကို ဆင့်ဆိုသည်။ ဂျွန်းလက်တွင် ၎င်းဆင့်စာကို ကူး၍ ထားသည်။ ၎င်းနေ့လည်း သင်္ဘောတော် ထွက်မည် အပြည့်အစုံ မီးထိုး ပြင်ဆင်ပြီးမှ မထွက်မသွား ရပ်ဆိုင်းရသည်။

၎င်းလဆန်း ၁၅ ရက် စနေနေ့ ကောင်စစ် ကျွန်တော်မျိုး အက်ဒမန်ဂျွန်းက သင်္ဘောတော်နှင့် ပင်လယ်လမ်းခရီး ထွက်သွားခွင့်ကို ရနိုင်မည်မဟုတ်။ သင်္ဘောတော်ကို ထားခဲ့၍ အမှု ရှိရာ ရှင်းလင်းရစ်ပါ စေမည်။ သံတော်တို့နှင့် ကျွန်တော်အတူ သင့်ရာ သင်္ဘောတွင် အခကြေးငွေပေး၍ စီးနင်းလိုက်သွားရမှ သင့်ပါမည်။
စီးနင်းလိုက်သွားရန်လည်း တနင်္သာရီခေါ် မီးသင်္ဘော ယခုနေ့ ၃ ချက်တီးအချိန် ထွက် သွားပါ လိမ့်မည်။ ၎င်းသင်္ဘော ဘင်္ဂလားသို့ မဝင်၊ ရန်ကုန်မြို့ က သီဟိုဠ်ကျွန်း၊ ၎င်းက ဧထင်၊ ၎င်းက စွစ်မြို့ ရောက် အဖြောင့်ခရီး သွားပါလိမ့်မည်။ ၎င်းသင်္ဘောတွင် လိုက်ရန်သင့်ကြောင်းနှင့် အစီရင်ခံသောကြောင့် ဝန်ထောက်တော်မင်း၊ စာရေးတော်ကြီးမင်းတို့ စုံညီ ညှိနှိုင်းကြရာ၊ လိုက်လျှင် သင့်ကြောင်း သဘောတူကြ သည်နှင့် အထက်ရန်ရင်း လန်ဒန်မြို့ လိုက် စာရင်းပါလူ ၃ ကိုျပ်အနက် ပညာတော်သင် စက်ဆရာအမှု ထမ်း လူ ၁၀ တို့ကို ချန်ထားခဲ့၍ ဝန်ရှင်တော်မင်းကြီး၊ ဝန်ထောက်တော်မင်း၊ စာရေးတော်ကြီးမင်း၊ ပြင်သစ်ကပ္ပိတန်၊ စာရေး ၄၊ လူငယ် ၇တို့နှင့်သာ ရာဇသံ ပြောင်းသို့ စွစ်မြို့ ရောက် သင်္ဘောခ ၅၂၀၀ ငွေကို ကောင်စစ် အက်ဒမန်ဂျွန်းက ပေးစေ၍ ၊ စကြာယာဉ်ပျံ သင်္ဘောတော်က တနင်္သာရီ သင်္ဘောသို့ ၂ ချက်တီး ကျော် ၅ မောင်းခန့်အချိန် သံတော်အရာရှိ၊ ပြင်သစ် ကပ္ပိတန်တို့မှာ သမ္မန်တော်နှင့် စကြာယာဉ်ပျံ သင်္ဘော သို့ ရောက်လျှင်ရောက်ချင်း ဥဒေါင်း အလံတော်ကို တင်ပြစိုက်ထူပြီးလျှင် ၎င်းနေ့ ၃ ချက်တီးအချိန် ရန်ကုန်မြို့ ဆိပ်ကမ်းက ထွက်လာခဲ့ကြသည်။ တနင်္သာရီသင်္ဘော အလျားပေ ၃၂၅၊ တောင်သင့် ၂၁၆ တောင် ၂ မိုက်၊ အနံပေ ၃၂၊ တောင်သင့် ၂၁ တောင် ၁ မိုက်၊ ဇောက်ပေ ၂၆၊ တောင်သင့် ၁၇ တောင် ၁ မိုက်၊ မီးစက်ပကတိမြင်းအား ၁၈၀၊ အလိုရှိလျှင် ၆၀၀၊ အလုံးစုံတန်နိုင် ၁၇၀၀၊ ဝန်တင်တန်နိုင် ၁၁၀၀၊ ၃ ပင်တိုင် ခရုစက် မီးသင်္ဘောဖြစ်သည်။ ၎င်းသင်္ဘောတွင် ကပ္ပိတန်ပြောင်း ၁, လက်ထောက် ၄, မီးထိုးမီး သွေးသယ်လူ ၁၆, ခလာသီ ၈, ထမင်းချက် စားပွဲထိန်းလူ ၆,

စုစုလူပေါင်း ၄၃ နှင့် ကြည်းဆောင်နိုင်သည်။ စကြာယာဥ်ပျံ သင်္ဘောတော်က တနင်္သာရီ သင်္ဘောသို့ ကူးပြောင်းလိုက်သွားမည် စုံညီညှိနှိုင်း ပြောဆိုဆဲ အခါ၊ အကောက်ဝန်ဟောင်း ဧတွယ် သမ္ဗန်ငယ် ၁ နှင့် သင်္ဘောတော်သို့ လာရောက်၊ အရေးပိုင် အီဒင်က ကင်းဝန်မင်းကြီးသို့ ပေးပို့သည့်စာ ဆို၍ ပေးအပ်လာသည့် စာအရမှာ ၊ အိန္ဒိယ ဘုရင်ခံက ကြေးနန်းနှင့် မှာ ထားသည်အရ သံတော်တို့တွင် ပါသည့် ရာဇသံလက်ခံကို ပေးခဲ့မည့် အကြောင်းနှင့် ပါသည်။ ၎င်းစာကို ကြည့်ရှုပြီးလျှင် ယခု သင်္ဘောတော် မထွက်မသွားနိုင်ရှိ၍ ၊ သင့်ရာ သင်္ဘောနှင့် လိုက်သွားမည် အကြံရှိ၍ လုပ်ဆောင်ရန် အခွင့်လည်း များ ပြားသည်။ စကားလည်း အရှည် မပြောဆိုနိုင်။ ရာဇသံ လက်ခံကိုလည်း ပေးခွင့်မရှိကြောင်းနှင့် စာပြန်ပေးမည် ရှိရာ၊ ကိစ္စများ လျှင် စာမရေးပါနှင့်တော့။ အရေးပိုင်မင်းကြီးကို ကျွန်တော် နေရာကျ ပြန်ပြောပါမည်။ အကောက်ဝန် ဧတွယ် ပြောဆို ပြန်သွားသည့်နောက် တစ်မောင်းခန့် ကြာလျှင် အကောက်ဝန် ဧတွယ် သင်္ဘောတော်သို့ ထပ်မံ လာရောက်ပြန်၍ အရေးပိုင်မင်းကြီးက ပေးသည့် စာကို စာပြန်၍ ပေးပါဦးမည် အကြောင်း။ အရေးပိုင်မင်းကြီးက ကျွန်တော်ကို အထူး မှာ ထားလိုက်သည်မှာ ရာဇသံ လက်ခံများ ကို ပေး၍ ဖြေးဖြေးသာသာ ထွက် သွားပါ။ ရန်ကုန်မြို့ က သံတော်တို့ အလျင်အမြန် မထွက် သွားပါနှင့်။ နောက် ၁၀ ရက်ခန့်ကြာလျှင် သင်္ဘောတော်နှင့် ကောင်းမွန်စွာ သွားရပါလိမ့်မည်။ ယခု အဆောဆောလျှင်လျှင် ရာဇသံ လက်ခံကို မပေးဘဲသွားလျှင် အင်္ဂလိပ် ဘုရင်မက ကောင်းမွန်စွာ လက်ခံ မည်မဟုတ်ကြောင်းနှင့် ပြောဆိုရမည် မှာ ထားလိုက်ပါသည်။ အကောက်ဝန် ဧတွယ်က ပြောဆိုသည့်ကာလ ယခု သင်္ဘောပြောင်းဆဲ ဖြစ်၍ စာမပြန်မပေးနိုင် ပြောဆိုလျှင် ဧတွယ် ပြန်သွားသည်။ သံတော်အရာရှိတို့ လည်းအထက် ဆိုခဲ့သည့်အတိုင်း သင်္ဘောတော်ပေါ်က တနင်္သာရီခေါ် သင်္ဘောသို့ ကူးပြောင်းသည်။ တနင်္သာရီသင်္ဘောနှင့် နေ့ ၃ ချက်တီးကျော်အချိန် ထွက်ခဲ့၍ ပဲခူးချောင်းဝသို့ ရောက်လျှင် မြစ်လယ်တွင် ကျောက်စွဲရပ် စခန်းချနေသည်အတွင်း -

အင်္ဂလိပ်ရေဝန်လူ စာ ၁ နှင့်လာရောက်ပြန်၍ ပါသည်စာကို ကြည့်ရှုရာ၊ ယခုနေ့ နံနက်က ဝန်ရှင်တော် ကင်းဝန်မင်းကြီးသို့ အရေးပိုင် အီဒင်က ပေးသည့်စာအရ

စာပြန်ပေးပါမည် အကြောင်းနှင့် ဝိလာက ကင်းဝန်မင်းကြီးသို့ ပေးသည့်စာဖြစ်သည်။ ၎င်းစာ ကြည့်ရှု ဆင်ခြင်ကြပြီးလျှင် လန်ဒန်မြို့ သို့ သံတော် စေလွှတ်မည့် အကြောင်းအရာများ ကို အရေးပိုင် အီဒင်သို့ တစ်စောင်, စတိုဝါသို့ တစ်စောင်, ဝန်ရှင်တော် ပုခန်းမင်းကြီးက စာရေးသားပေးပြီး ဖြစ်သည်နှင့် ရာဇသံလက်ခံကို လန်ဒန်မြို့ သို့ ရောက်မှ ပြပေးရန်ရှိကြောင်း။ ၎င်း အကြောင်းအရာများ ကိုလည်း သင်္ဘောကူးပြောင်း ထွက်မည်ဆဲဆဲအခါ ဖြစ်၍ စေ့စုံစွာ မပြန် မပြောရ ရှိသည်ကို နှမြောတသရှိကြောင်းနှင့် စာရေးသား ပြန်ပေးလိုက်သည်။ ရန်ကုန်မြို့ က ထွက်သည် အကြောင်းအရာ၊ စကြာယာဉ်ပျံ သင်္ဘောတော်ကို ရန်ကုန်မြို့ တွင် ထားခဲ့ရသည့်

အကြောင်းအရာ၊ တနင်္သာရီ သင်္ဘောတွင် အခပေး၍ စီးနင်းထွက်သွားသည့် အကြောင်းအရာများ ကိုလည်း တင်စာ ရေးသားပြီးလျှင် ပဲခူးဝ သင်္ဘောဆိုက်နေရာသို့ စကြာယာဉ်မွှန် သင်္ဘောတော်စီး ရွှေတိုက်စိုး, သူဌေး မဟာသီရိဘောဂသာရ, ဓာတ်လှေစီး အဆောင်တော်မြဲ ငမွှန်းတို့ လှေတော် ၄ စီးနှင့် နှုတ်ဆက်လိုက်လာကြသည့်အ ခါ ဓာတ်လှေစီး အဆောင်တော်မြဲ ငမွှန်းသို့ ပေးအပ်လိုက်သည်။

၎င်းလဆန်း ၁ ရက် တနင်္ဂနွေနေ့ည ၃ ချက်တီးကျော် ၆ မောင်းခန့်အချိန် ၎င်းသင်္ဘောတွင် လိုက်ပါသသည့် ရေကြောင်းမာလိန်မှာ မင်းနှင့်ဆိုင်သူ ဖြစ်၍ ရန်ကုန်မြို့ အင်္ဂလိပ် အရာရှိတို့က ဆင့်ဆိုသည်မှာ သံတော်တို့က စာပြန် ပေးလျှင် ပေးစေ၊ မပေးလျှင် သူတို့ အကြံအစည်ရှိသည်များ ကို ရေကြောင်း မာလိန် ဝိုက်စစ်က အင်္ဂလိပ်ရုံးတွင် အမေးခံရမည်။ ၎င်းရေကြောင်းမာလိန်ကိုလည်း ရေကြောင်းမပြရအောင် ခေါ်ယူသိမ်းထားမည် အကြံရှိကြောင်းနှင့် ရေဝန်က စာပို့စေလွှတ်ရင်း လူက ရေကြောင်းမာလိန်ကို ပြောသည်။ ၎င်းက တနင်္သာရီသင်္ဘော ကပ္ပိတန် ပြောင်း ကို ပြောသည်။ ၎င်းက သံတော်တို့နှင့် အက်ဒမန်ဂျွန်းတို့ကို ပြောသည်။ ရန်ကုန်မြို့ ဆိပ်ကမ်းတွင် ရှိနေစဉ် စကြာယာဉ်ပျံ သင်္ဘောတော်က တနင်္သာရီ သင်္ဘောသို့ ပြောင်းရွှေ့ လိုက်သွားမည့်အကြောင်းကို အင်္ဂလိပ် အရာရှိတို့ သိလျှင် တနင်္သာရီ သင်္ဘော ကပ္ပိတန်ပြောင်းကို မထွက်မ သွားပါနှင့်ဦး၊ အင်္ဂလိပ် အရာရှိတို့က ဆိုကြောင်း။

ကပ္ပိတန်ပြောင်းက လည်း ထွက်မည်ဆဲဆဲ ပြင်ဆင်အသင့်ရှိပြီးမှ ရပ်ဆိုင်းရလျှင် ကုန်စရိတ်အများ ဖြစ်၍ ၎င်းငွေကို အဆုံးမခံနိုင်ကြောင်း နှင့် ပြောဆို ထွက်လာရကြောင်း။ တနင်္သာရီသင်္ဘော ကပ္ပိတန်ပြောင်း ပြောဆို ကြားသိရသည်။

၎င်းလဆန်း ၂ ရက် တနင်္လာနေ့ ကိုကိုးကျွန်းအနီးတွင် အမရပူရခေါ် မီးသင်္ဘော ရန်ကုန်မြို့ သို့ အသွားနှင့် တွေ့ကြုံကြသည်။ ၎င်းသင်္ဘောကို ပင်လယ်လမ်းခရီးတွင် မြင်လျှင် မြင်ချင်း တနင်္သာရီ သင်္ဘောက တင်မြဲ အင်္ဂလိပ် အလံနှင့် ဥဒေါင်းအလံတော်ကို တင်ပြသည်။ အမရပူရခေါ် သင်္ဘောကလည်း အင်္ဂလိပ်အလံတင်၍ ပြသည်။ သင်္ဘော ချင်းနီးလျှင် တင်ထားသည့် အလံများ ကို ချချည်တင်ချည် ပြ၍ နှုတ်ဆက်ကြသည်။ အင်္ဂလိပ်သင်္ဘောတွင် မြန်မာအလံ တင်ပြသည် အလိုမှာ ၎င်းသင်္ဘောပေါ်တွင် မြန်မာအရာရှိကြီး လူကြီးပါကြောင်းကို သိစေလို၍ တင်ပြမြဲထုံးစံ ဖြစ်သည့် အတိုင်း တင်ပြရသည်။ တစ်စတစ်စ သင်္ဘောချင်းနီး၍ တာ ၂၀ ခန့်ကွာ သင်္ဘောချင်း ယှဉ် မိကြလျှင်၊ ၂ ဦး ၂ ဖက် ကပင် သင်္ဘောပေါ်ရှိ လူကြီးလူငယ်တို့ သိုးချွတ်ဆလံပေး ပဝါမြှောက်ပြီးလျှင် သဲသဲရတ်ရတ် ကောင်းချီးကြော်ငြာအ သံပြုကြသည်။ သင်္ဘော မီးအိုး အခိုးတိုင်ကိုလည်း အသံပြင်းစွာ ဖွင့်လွှတ်ကြသည်။ သည်ကဲ့သို့ ပြုမြဲထုံးစံ ဥပဒေမှာ လူကြီးလူကောင်း ပါလျှင် ဂုဏ်ကျက်သရေရှိအောင် ကောင်းချီးပေးမြဲ ဥပဒေ ဖြစ်ကြောင်းနှင့် ပြောဆိုကြသည်။

၎င်းလဆန်း ၃ ရက် အင်္ဂါနေ့ နေ ၃ ချက်တီးခန့် အချိန်တွင် သင်္ဘောဝဲယာ တစ်ဖက်တစ်ချက် ရွက်သင်္ဘော ၂ သီဟိုဠ်ကျွန်း ခရီးသို့ သွားသည်ကို မြင်ရသည်။ လက်ဝဲဘက် သင်္ဘောမှာ ၁ တိုင်ခန့်ကွာ၊ လက်ယာဘက်သင်္ဘောမှာ ၄ တိုင်ကျောက်ခန့် ကွာမည် ထင်သည်။ ခရီးမှာ အနောက်တောင်ထောင့်သို့ ချည်း လာခဲ့ရသည်။

၎င်းလဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့ နံနက်တစ်ချက်တီး အချိန်တွင် သင်္ဘောနှင့်အနီး လက်ဝဲဘက်တွင် ငါးအများ ငုပ်တုံပေါ်တုံ သွားသည်ကို မြင်ရသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းခန့်အချိန်၊ ၂ ပေတိုင်ခွဲ ရွက်သင်္ဘော လက်ဝဲခရီး ၅၀၀ တွင်းခန့်က သီဟိုဠ်လမ်း သွားသည်။ လက်ယာဘက်ခရီး တစ်တိုင်ခန့်ကွာ အရပ်ကလည်း ၂ ပေတိုင် ခွဲ ရွက်သင်္ဘောတစ်ခု သီဟိုဠ်လမ်း သွားသည်ကို မြင်ရသည်။

ငင်းလဆန်း ၅ ရက် ကြသပတေးနေ့ နေ ၂ ချက်တီးကျော် ၃ မောင်းခန့် အချိန် ၂ ပင်ခွဲ ရွက်သဘော်ာ မဒရပ် ရှိရာ တူရူဖြတ်သွားသည်ကို တွေ့သည်။ ငင်းသဘော်ာရှေ့က တည့်တည့်ခံလျက် ရွက်သဘော်ာ ဖြစ်၍ ရတ်ချည်း မရှောင်နိုင်ရကား တနင်္သာရီ သဘော်ာက လက်ဝဲဘက်သို့ စဉ်းငယ်တိမ်း၍ ရှောင်ရသည်။

ငင်းလဆန်း ၆ ရက်သောကြာနေ့ နေ ၃ ချက်တီးအချိန် လက်ယာဘက် ခရီး၂ တိုင်ခန့်တွင် သီဟိုဠ်လမ်း ရှေးရှုသွားသည် ၂ ပင်ခွဲ ရွက်သဘော်ာ ၁ ကို မြင်ရသည်။ ငင်းနေ့ နေ ၃ ချက်တီးကျော် ၅ မောင်းခန့်အချိန် လက်ဝဲဘက်ခရီး ၄ တိုင်ခန့်ကွာတွင် မဒရပ်မြို့ ရှိရာ တူရူ အရှေ့တောင်က အနောက်မြောက်သို့ ဖြတ်သွားသည့် ၃ ပင်တိုင် ရွက်သဘော်ာ ၁ ကို မြင်ရသည်။ ငင်းနေ့ ၃ ချက်တီးကျော် ၇ မောင်းခန့်အချိန် ရှေ့လက်ယာဘက်ခရီး ၄ တိုင် ခန့်ကွာ အရပ်တွင် မဒရပ်လမ်း ဖြတ်သွားသည့် ရွက်သဘော်ာ ၁ ကိုမြင်ရသည်။ငင်းနေ့ ၄ ချက်တီးကျော် ၂ မောင်းခန့် အချိန်လက်ဝဲဘက်ခရီး ၃ တိုင်ခန့်ကွာတွင် မီးသဘော်ာ ၁ကိုမြင်ရန်ကုန်မြို့ သို့ တူရူသွားသည်ကို မြင်ရသည်။ ရွက်သဘော်ာ ၃, မီးသဘော်ာ၁, ၂ စု ၄။ ငင်းနေ့ ၂ ချက်တီးအချိန် လက်ယာဘက်ခရီး ၃ တိုင်ခန့်ကွာ အရပ်တွင် ရေလယ်ကျောက်ဆောင်မှာ မီးပြတိုက် ၁ မီးထွန်းလျက် တွေ့မြင်ရသည်။

ငင်းလပြည့်ကျော် ၇ ရက် စနေနေ့နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့် အချိန်တွင် လက်ဝဲဘက်ခရီး ၄တိုင်ခန့် ကွာတွင် သီဟိုဠ်ကျွန်း တူရူလာ ၃ ပင်တိုင်ရွက်သဘော်ာ ၁ ကို တွေ့မြင်သည်။ တံငါလှေငယ်အများ ကိုလည်း လက်ဝဲလက်ယာ အများ ၊ ရွက်နှင့် တချို့ တွေ့သည်။ ငင်းတံငါလှေ စ၍ တွေ့သည်က သီဟိုဠ်ကျွန်းနှင့် ခရီးနှစ်သောင်း ကျော်ခန့်လောက် ကွာရန်ရှိသည်။ ငင်းက စ၍ တံငါလှေ လက်ဝဲလက်ယာ မပြတ်တွေ့သည်။ သီဟိုဠ်ကျွန်းလည်း သဘော်ာ လက်ယာဘက်က စိမ်းညိုသောတောင်တန်း တောင်ခြေ ပင်လယ်ကမ်းယံ တစ်လျှောက် မှိုင်းမှိုင်းညို့ ညို့ အုန်းတော အများ စပ်ကာစပ်ကာ ထုံ့ပိုင်းထုံ့ပိုင်း ကျောက်ကမ်းပါးတို့၌ ဖွေးဖွေးမောက်မော်က တောင်လောက်ရှိရှိ လှိုင်းရိုက်၍ ရေပန်းဂယက်ထလျက် နုပျိုသာယာ ရှုသာတင့်တယ်သော သီဟိုဠ်ကျွန်းတောင်မျက်နှာ တစ်လျှောက်ကို အစဉ်အတိုင်း မြင်ရသည်။ ငင်းတောင်မျက်နှာက ခံမြို့ ၁ ကိုလည်း

မြင်ရသည်။ ၎င်းကျွန်းကို တောင်မျက်နှာက အစဉ် အတိုင်းကြည့်လျှင် ဧရာဝတီမြစ်တွင် နေ၍ စစ်ကိုင်းဘက်တစ်လျှောက်ကိုကြည့်ရသည်နှင့် ခပ်သွင်သွင်တူသည်။ ၎င်းကျွန်းကို မြင်လျှင်မြင်ချင်း သီဟိုဠ်ကျွန်းမှာ ဆိုက်ဦးမည်၊ မဆိုက်မည်ကို ကပ္ပိတန်ပြောင်းကို မေးရာ မဆိုက်ကြောင်း ကို ပြောသည်။ ၎င်းတွင် ရန်ကုန်မြို့ က ထွက်ခဲ့၍ ၎င်းလပြည့်ကျော် ၇ ရက်နေ့ သီဟိုဠ်ကျွန်းသို့ ရောက်ကြောင်း သီဟိုဠ် ကျွန်းတွင် မဆိုက်မရပ်ကြောင်း။ ၁၂- ဂဏန်းမှတ် တင်လွှာ ၁၊ ၎င်းစာကို ရောက်လျှင်ရောက်ချင်း တင်ပို့ဆက်သ ရမည်။ သူဌေး မဟာသီရိဘောဂသာရသို့ ဆင့်စာ ၁ များ ကို စီကုံးရေးသား အိတ်သွင်း လိပ်မှတ် ထိုးပြီးလျှင် သီဟိုဠ်ကျွန်း စာပို့တိုက်မှာ ထည့်ခဲ့ရန် ဂျွန်းသို့ အပ်သည်။ ၎င်းနေ့ နေ ၂ ချက်တီးကျော် ၂ မောင်းခန့်အချိန် လက်ဝဲ ဘက်ခရီး ၃ တိုင်ခန့်ကွာ အရပ်က ၂ ပင်တိုင် ရွက်သင်္ဘော ရှေ့နောက်ဆက်ကာ သီဟိုဠ်ကျွန်းသို့ တူရူလာသည့် ရွက်သင်္ဘော ၂၊ ၎င်းရှေ့ လက်ဝဲဘက်ခရီးတစ်တိုင်ခန့်ကွာ အရပ်တွင် သီဟိုဠ်ကျွန်းသို့ ရှေးရှုလာသည့် ရွက်သင်္ဘော ၂ ပင်တိုင် ၁၊ စုစု ရွက်သင်္ဘော ၃ လာသည်ကိုတွေ့မြင်ရသည်။၎င်းကျွန်း တောင်မျက်နှာ ကမ်းယံတစ်လျှောက် ကြည့်မြင် ခဲ့သမျှအရပ်တွင် စေတီတော် တစ်ဆူသ ဖူးမြင်ရသည်။ ၎င်းနေ့ နေ ၂ ချက်တီးကျော် ၅ မောင်းခန့်အချိန် သီဟိုဠ်ကျွန်း ဂါလု ဆိပ်သို့ ဆီတည့်ဆိုက်ရောက်လျှင် စဉ်းငယ် စက်ကိုရပ်၍ ဆိုင်းငံ့သည်။ ၎င်းဆိပ်တွင် မီးပြတိုင် ၁, အလံတိုင် ၁, ခံမြို့ ၁, သင်္ဘော ၁၀ကျော် , တိုက်အိမ်အများ မြင်ရသည်။ ၎င်းဂါလု ဆိပ်နှင့် ဆီတည့် ခရီး ၂ တိုင်ခန့်ကွာ ရေလယ်တွင် စက်ကိုရပ်၍ နေရာ၊ တံငါ၂ ယောက်လှေငယ် ၁ နှင့် သင်္ဘောသို့ ကပ်လာ၍ ၊ ရေးသားပြီး ဂျွန်းသို့ ပေးထားသည့် စာနှင့် ဂျွန်းက ကိုယ်စားလှယ်များ သို့ ပေးသည့်စာများ ကို စာအိတ်တစ်ခုတည်း ထည့်သွင်းပြီးလျှင် ၎င်းတံငါ ၂ ယောက်သို့ အပ်၍ ဂျွန်းကိုယ်စားလှယ်အိမ်သို့ ပို့စေသည်။ စာပို့သည့် အခမှာ ဂျွန်းကိုယ်စားလှယ်က ပေးလိမ့်မည် ပြောလိုက်သည်။၎င်းစာကို ပေးပြီးလျှင် သင်္ဘော စက်ခုတ်မြဲခုတ်၍ ထွက်ခဲ့သည်။၎င်းအထွက်တွင် ရှေ့လက်ယာဘက် တာငါးရာခန့်တွင် ၃ ပင်တိုင် ရွက်သင်္ဘော ၁ သီဟိုဠ်ကျွန်းကို လွန်၍ ဒေင်လမ်း တူရူသွား သည်ကို မြင်ရသည်။ ၎င်းက အလွန် နေ ၃ ချက်တီးခန့် အချိန် လက်ယာဘက်ခရီး ၂ တိုင်ခန့်ကွာတွင် ဒေင်လမ်းတူရူသွား ၃ ပင်တိုင် ရွက်သင်္ဘော ၁တွေ့မြင်ပြန်သည်။ ၎င်းနေ့ ည ၄ ချက်တီးအချိန်

လက်ဝဲဘက် ခရီး ၄ တိုင်ခန့်ကွာတွင် ၂ ပင်တိုင် မီးသင်္ဘော ၁ သီဟိုဠ်သို့ ရှေးရှုသွားသည်မြင်ရသည်။ ။ ရွက်သင်္ဘော ၆, မီးသင်္ဘော ၁ သီဟိုဠ်ကျွန်း လွန်သည်က စ၍ အနောက်မြောက်သို့ ချည်းသွားသည်။

ငင်းလပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန်တွင် လက်ဝဲဘက်က ခရီး ၃တိုင်ခန့်ကွာမှာ သီဟိုဠ်သို့ တူရူသွား မီးသင်္ဘော ၁ကို မြင်လိုက်ရသည်။ငင်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းခန့်ချိန် ရာဟုထောင့်က မိုးရိပ်ဆင်ပြီးလျှင် မိုးသက်လေ ၂ မောင်းခန့် ကြာလာသည်။ လေစဲလုနီးတွင် မိုးဖွဲအနည်းငယ် ရွာသည်။ ငင်းနောက် လေမှန်ကြီးလာ၍ လှိုင်းဂယက် အင်တန်အင်မျှထသည်။ သင်္ဘောလည်း အင်တန်အင်မျှ လှုပ်သည်။ ငင်းလေ ည ၂ ချက်တီးကျော်မှ ညံ့ရုံသာညံ့သည်။ ။ ဤတွင် ရွှေမြို့တော်က ထွက်သည် ရက်ပေါင်း တစ်လရှိပြီ။

ငင်းလပြည့်ကျော် ၉ ရက် တနင်္လာနေ့ ယမန်နေ့က လာသည်လေ အရှိန်မစဲ။ ယမန်နေ့ကဲ့သို့ လည်း မပြင်း။ ဝါဆိုဝါခေါင် တောင်လေမှန်ကြီးလာ၏ ။ သို့ တစ်နေ့လုံး လာသည်။ ငင်းနေ့ည ၂ ချက်တီးခန့်အချိန် လက္ကာဒီပကျွန်း, မလ္လာဒီပကျွန်းများ ကို လွန်ခဲ့သည်။ သီဟိုဠ်နှင့် လက္ကာဒီပကျွန်း, မလ္လာဒီပကျွန်း အကွာ မြန်မာတိုင်ပေါင်း နှစ်ရာငါးဆယ်၊ ခရီးနှစ်သိန်းငါးသောင်းရှိသည်။

ငင်းလပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့မှာ ယမန်နေ့ကကဲ့သို့ လေမပြင်းလွန်း။ သို့ သော်လည်း တညင်းညင်း လာလျက်ပင်ရှိသည်။

ငင်းလပြည့်ကျော် ၁၁ ရက် ဗုဒ္ဓဟူးနေ့ တစ်စုံတစ်ရာ အထူးမရှိ။ သွားမြဲအတိုင်း အနောက်မြောက်အရပ်သို့ ရှေးရှု၊ တစ်နာရီလျှင် မြန်မာ လေးတိုင်ကျ သွားသည်။ ငင်းည ၂ ချက်တီးကျော် ၂ မောင်းခန့်အချိန် သင်္ဘောခေါင်းတိုင် က မီးပွားအများ ကျ၍ ရေစက်နှင့် ဖျန်းပက်ငြိမ်းရသည်။

ငင်းလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့ နံနက် ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန်တွင် ကောင်းကင်မှာ တမ်ပုပ်အုပ်ထည့်ပြီးလျှင်

မိုးပေါက်အနည်းငယ်ကျသည်။ ၎င်းနေ့အလွန်အေးမြသည်။

၎င်းလပြည့်ကျော် ၁၃ ရက် သောကြာနေ့ တစ်စုံတစ်ရာ အထူးမရှိ။ သွားမြဲတိုင်း အနောက်မြောက်အရပ်သို့ ရှေးရှု၊ စက်သက်သက် ဖြစ်လျှင် တစ်နာရီကို လေးတိုင်၊ ရွက်ပါလျှင် လေးတိုင်ခွဲခန့်သွားသည်။ ၎င်းပင်လယ်လမ်းတစ် လျှောက်လာခဲ့သမျှ ခရီးမှာ ငါးပိသ ၁ခန့်ရှိ ငါးနှင့် မြစ်တွင် မြင်နေကျလပိုင်ခန့် လပိုင် များ ကို ရံခါမြင်ရသည်။ အလျား ၁ိခန့်၊ လုံးပတ် ၃ လက်မခန့်၊ အကြေးမပါ၊ ဝဲယာနံဘေးလည်နောက်တွင် ပေါက်သော အရှည်ငါးလက်မ၊ အနံ ၄ သစ်ခန့် အတောင်ပါသော၊ အမြီးတွင် ဆူးရိုးနှစ်ခွ နှစ်လက်မခန့် ရှိသော ငါးပျံခေါ်သည် ငါး အများ မပြတ် မြင်ရသည်။ ညအခါ ခုန်ပျံ၍ သင်္ဘောပေါ်သို့ တက်လာသည်ကို တစ်ခါတလေ မြင်ရသည်။ ၎င်းနေ့ အလျား ၈ တောင်ခန့် ရှိသော ငါးမန်းတစ်ခု သင်္ဘောလက်ယာဘက် ဆယ်တာကွာလောက်တွင် ကိုယ်လုံးပေါ်လျက် နေသည်ကိုမြင်ရသည်။ ၎င်းနေ့ ည တစ်ချက်တီးခန့် အချိန်တွင် လက်ယာဘက် ခရီးတစ်တိုင်ခန့်လောက်တွင် သီဟိုဠ်သို့ ရှေးရှုသွား မီးသင်္ဘော ၁ ကို မြင်ရသည်။ ။ မီးသင်္ဘော ၁။

၎င်းလပြည့်ကျော် ၁၄ ရက် စနေနေ့ နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့်တွင် လက်ယာဘက် ငါးတာကွာ လောက်တွင် အလျား ရှစ်တောင်ခန့် ငါးကြီးတစ်ခု ကိုယ်လုံးပေါ်လျက်နေသည်ကို မြင်ရသည်။ စင်ရော်ငှက်နှင့် ပုံသဏ္ဌာန်တူသော ငှက်လေးငါးခြောက်ခု ရေပေါ်ဝဲလျက်၊ အထက်ဆိုခဲ့သည့် ငါးပျံတို့ ပျံသွားသည်ကို လိုက်ဖမ်းသတ် စားသည်ကိုလည်း မြင်သည်။ ၎င်းငှက်များ ကို သီဟိုဠ်က ထွက်ခဲ့သည်နောက် လမ်းစဉ်တစ်လျှောက်မှာ မပြတ် မပြတ် တွေ့မြင်ရသည်။ မည်သည့် အရပ်မှာ အိပ်သည်၊ နားသည်၊ ရပ်သည်များ ကို ကြံစည်၍ မသိနိုင်။ ပင်လယ် အလယ်မှာ ပင်ဖြစ်သည်။ သင်္ဘောဦး လက်ယာဘက်ရှိ အနီးဆုံး စထော်ထရ ခေါ်သော ကျွန်းနှင့်ပင် ခရီးတိုင်ပေါင်း တစ်ရာခန့် ကွာဝေးသေးသည်။ သို့ဖြစ်၍ ၎င်းငှက်များ လာပုံ၊ ပျံပုံ၊ နားနေပုံများ ကို အံ့ဩစရာ ရှိပေသည်။

၎င်းကဆုန်လဆန်း ၁ ရက် တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့်အချိန် လက်ယာဘက် ၂ တာခန့်တွင် အလျား ၆ တောင်ခန့်၊ ကိုယ်လုံး ဟင်္သပဒါးအဆင်း ငါးခွေတွန့်လျက်ပေါ်သည်ကို မြင်ရလေသည်။ နောက်များ မကြာ ဆက်ကာ

ဆက်ကာလည်း အငယ်ဆုံး အလျားနှစ်တောင်ထွာ သုံးတောင် လေးတောင် ရှစ်တောင် ခန့်ရှိ ငှင်းငါးနီကြီးများ ကို မြင်ရသည်။ ၎င်းငါးများ သည် အခြားငါးများ ကဲ့သို့ တောင့်တင်းမာဆာ လျက် တစ်စင်းတည်း မဟုတ်။ ပျော့ပျောင်းနူးညံ့စွာ အဝတ်အထည်များ ရေမှာ မျောသကဲ့သို့ ကွေးကွေးတွန့်တွန့် ညွှံ့ညွှံ့သက်သက် မြင်ရသည်။ ၎င်းငါးသည် အဆင်းသဏ္ဍာန်ထူးခြားကွဲလွဲလှသောကြောင့် ငါးဟု စိတ်ကမထင်နိုင်။ နဂါးငယ်ဟုသာ တွေးထင်မိသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၅ မောင်းခန့်အချိန်လက်ယာဘက် ခရီး ၂ သောင်းကွာတွင် ကျွန်းညီ နောင်ကိုမြင်ရသည်။

၎င်းလဆန်း ၂ ရက် တနင်္လာနေ့ နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့် အချိန် လက်ဝဲဘက်ခရီး ၂ သောင်းကွာတွင် ကပ္ပလီကျွန်းကို မြင်ရသည်။ ၎င်းကျွန်းကို အာဖရိကကျွန်းလည်း ခေါ်သည်။ ၎င်းကျွန်းကို အဝေးက ကြည့်၍ မြင်ရသည်မှာ တောင်အဆက်မပြတ် တစ်စဥ်တည်း ရှိသည်ကို မြင်ရသည်။ ၎င်းနေ့ နေ ၂ ချက်တီးကျော် တစ်မောင်းခန့် အချိန် လက်ဝဲဘက် တာငါးရာကွာခန့် ရေလယ်တွင် အလျားအနံ တာငါးရာခန့်၊ အကွက်အရပ်အတွင်း ကိုယ်ချင်းစပ်မျှ အလျား၃တောင် ၄ တောင်ရှိငါးအများ မြူး ခုန်နေကြသည်ကို မြင်ရသည်။ အလွန်အံ့ဩဖွယ် ရှိလှသတည်း။

၎င်းလဆန်း ၃ ရက်၁ အင်္ဂါနေ့ နံနက်စ၍ မြောက်လေ အားကြီးလာသည် ဖြစ်၍ အေးစပြုသည်။ သင်္ဘောမှာ လည်းရွက်တင်ရသောကြောင့် စက်ခုတ်၊ ရွက်တိုက် အပြို င်သွားရသည်နှင့် အလွန်မြန်သည်။ တစ်နာရီ ၄ တိုင်ခွဲ ၅ တိုင်ခန့် ရောက်သည်။ ည ၂ ချက်တီး ခန့်အချိန် အေဒင်က မီးပြတိုင်ကို မြင်ရသည်။

၎င်းလဆန်း ၄ ရက်၂ ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့်အချိန် အေဒင်မြို့ သို့ အရှေ့တောင်က ပေါက်လာသည်။ ၎င်းပင်လယ်ကွေ့ကို ဝင်၍ အေဒင်တောင်အနောက်ဘက်က လက်ကြားတွင် ဆိုက်ရပ်ပြီးလျှင် အစားအစာ၊ ရေ၊ ကျောက်မီးသွေးများ ကို တင်သည့်အတွင်း သံတော် အရာရှိစုံနှင့် ကောင်စစ်အက်ဒမန်ဂျွန်း၊ ပြင်သစ်ကပ္ပိတန်တို့ စုံညီ အေဒင်မြို့ သို့ တက်သွား၊ ဥရောပတိုက် ခေါ်ထမင်းဆိုင်မှာ နံနက်စာ စားကြသည်။ ၎င်းသင်္ဘောဆိုက်လျှင် ဆိုင်ချင်း သံတော်တို့ အေဒင်မြို့ သို့

ဆိုက်သည့် အကြောင်းအရာ ၁၃ ဂဏာန်းမှတ်တင်လွှာ၁၊ ၎င်းအလွှာကို
ရောက်လျှင်ရောက်ချင်း တင်ပို့ရမည်။ သူဌေးမဟာသီရိဘောဂသာရသို့ ဆင့်စာ ၁ များ ကို
ရေးသား ရက်စွဲ လိပ်မှတ် အိတ်သွင်းပြီးလျှင် ဂျွန်းသို့ အပ်၍ အေဒင်မြို့ စာတိုက်သို့
ပို့စေသည်။သင်္ဘောဆိုက်လျှင် ဆိုက်ချင်း အေဒင်သား လှူငယ်တို့ လှေငယ် ၁ လျှင် လူ ၁, ၂
စီး၍ သင်္ဘောအနီး ကပ်လာပြီးလျှင် ပိုက်ဆံ ဒင်္ဂါးများ ကို တောင်း သည်။ သင်္ဘောပေါ်က
မူးပြား မတ်ပြား ကျပ်သုံး ဒင်္ဂါးများ ကို ၎င်းလူငယ်တို့အနီး ရေထဲသို့ ပစ်ချလိုက်လျှင်
၎င်းလူငယ်တို့စီးရင်း လှေငယ်ပေါ်က ခုန်ဆင်းကူးငုပ်၍ လိုက်ဖမ်းကြသည်။ ရေသို့ ပစ်ချသော
ဒင်္ဂါး မပျောက် မဆုံး၊ ပစ်တိုင်း ပစ်တိုင်း မကြွင်းမကျန် ကိုယ်စီရယူကြသည်။ သင်္ဘောပေါ်သို့
၎င်းလူငယ်တို့ တက်ပြီးလျှင် ရေသို့ ခုန်ချ၍ ပြသည်။ ရေမှာ
တောင်ပေါင်းသုံးဆယ်လေးဆယ်ခန့်နက်သည်။ အထက်ဆိုခဲ့သည့် သံတော်အရာရှိတို့နှင့်ပါ
လူတို့လည်း သင်္ဘောရှိ သမ္ဗန် ၁ နှင့် စီးနင်းကူးသွား၊ သင်္ဘောဆိပ် တံတားသို့ ရောက်လျှင်
အသင့်ငှားရန် စောင့်နေ သည့်ရထား ၂ ကို၊ အပြန်အသွားရထား ၁ လျှင် ဒင်္ဂါး ၆ ကျ
ပေးကမ်းငှားရမ်း စီးနင်းထမင်းဆိုင်တိုက်သို့ ဝင်၍ လူ ၁ လျှင် ဒင်္ဂါး ၂ ကျထမင်းဖိုးပေးကမ်း
ထမင်းစားကြပြီးလျှင် ၎င်းသင်္ဘောဆိပ်နှင့် ခရီး မြန်မာတိုင် ၂ တိုင်ခွဲကွာ အေဒင်မြို့ မသို့
အထက်ငှားရမ်းရင်း မြင်းတစ်စီးက လေးဘီးရထား ၂ ကို စီး၍ သွားကြသည်။
နောက်ပါလူငယ် ၆ မှာ ဒင်္ဂါးပြား ၄ ပြားနှင့် သမ္ဗန်ငှားရမ်းကူးခဲ့ပြီးလျှင်၊ ရထား ၁ လျှင် ဒင်္ဂါး ၄
ကျပေး၍ ရထား ၂ ငှားရမ်းစီးနင်း၊ အရာရှိများ သွားရာ အေဒင်မြို့ မသို့ လိုက်လာကြသည်။
၎င်းလူငယ်တို့မှာ နံနက်စာကို သင်္ဘောမှာ စားမြဲစားသည်။ လမ်းတစ်လျှောက်မှာ တိုက်အိမ်,
အစောင့်တိုက်, ကုန်သည်ကြီးတိုက်, ကိုယ်စားလှယ်များ တိုက် အဆက်မပြတ်မြင်ရသည်။
ရထားလမ်းမှာ သင်္ဘောဆိပ်ခံတံတားက တောင်ခြေရေစကို လျှောက်၍
ကျောက်အင်္ဂတေတို့ဖြင့် ကောင်းမွန်စွာ လုပ်ဆောင်၊ ရေနားဘက်က
သံလက်ရုံးသွယ်တန်းလျက်၊ ရေဆိပ်ဝေးသည် အရပ်မှာ လည်း ဝဲယာ အင်္ဂတေလုပ်
လက်ရုံးသွယ်တန်း လျက်၊ ၎င်းမြစ်ဆိပ်တောင်ခြေက တစ်စတစ်စတောင်ပေါ်သို့
တက်သွားနိုင်အောင် ၊ အကွေ့အကောက်တက်မှန်း မသိ တောင်ပေါ်သို့ ရောက်စေလျက်
အမြင့်ဆုံးသော နေရာသို့ ရောက်သည်ကာလ တောင်ကို ဆယ်တာခန့်ဖြတ်၍ ၊ အထက်က

ကျောက်အင်တေ ပေါင်းကူး လုပ်ဆောင်ပြီးလျှင် ၎င်းတောင်ဖြတ် အဝင်တွင် လက်နက်ကိုင် အစောင့်အနေထားလျက် တံခါး အခိုင်အခံ့နှင့် ရှိသည်။ ၎င်းက ဝင်၍ သွားရာ အေဒင်မြို့ မသို့ ရောက်၍ မြောက်မျက်နှာ က ဝင်ပြီးလျှင်၊ မြို့ လယ်သို့ ရောက်ကာလ အနောက်သို့ ဝင်သွားသည့် လမ်းကို လိုက်၍ မြို့ အဆုံးတောင်ခြေတွင် ကုက္ကိုပင်, ဇမ္ဗူပနီပင်, သဘော်ဂဝါပင်,ညောင်သားများ ပင်များ ကို စိုက်လျက် အောက်ခြေက သဘော်မှန်လာ, ဥစား မှန်လာဥနီ, ဟင်းနုနယ်ကြီး, ဟင်းနုနယ်နီများ ကို စိုက်လျက်၊ အမြတ်တနိုး ပြုစုထားသည့် ဥယျာဉ်ငယ်များ နှင့် တောင်ပေါ် တောင်ထိပ်တောင်စွယ် တောင်ကြား, ချပ်ကြား, လှို ရိုးပေါင်းဆုံသည့် တောင်ကြားတစ်ခုမှာ ကျောက်အင်တေတို့ဖြင့် ကောင်းမွန်စွာ လုပ်ဆောင်လျက်၊ ကျောက်လှေကား, ကျော်တံတား, သံလက်ရုံး, သံတံခါးတို့ ဖြင့် သေချာခိုင်ခံ့သော အဆင့်ဆင့်သောကန်, အလှိုလှိုသော လမ်းများ ကို သွားရောက် ကြည့်ရှုကြပြီးလျှင်၊ ၎င်းလာခဲ့ရင်း လမ်းအတိုင်း အရှေ့သို့ ပြန်ခဲ့၍ မြို့ လယ်သို့ ရောက်လျှင်၊ တောင်သို့ သွားသည့် လမ်းကို လိုက်ရာ ဈေးသို့ ရောက်၍ ၊ ဈေးလယ်ကိုဖြတ်သွား၊ အရှေ့သို့ ချိုး ပြီးလျှင် အင်္ဂလိပ်အရာရှိ လက်နက်ကိုင်တို့နေရာ အရှေ့တောင် သို့ လိုက်သွားကြည့်ရှုပြန်မြ ပြန်ခဲ့၍ ၊ အထက်လာရင်း မြောက်မျက်နှာ ထွက်လမ်းကို လိုက်သွားသည်။ မြို့ ထဲတွင် ဈေးရုံကျောင်းဘုရားလက်နက်ကိုင်တို့ နေရာမှစ၍ အရပ်ရပ်မှာ ပင် ၎င်းအေဒင်တောင်ရှိ ကျောက်ကိုအင်္ဂတေနှင့် စပ်၍ လုပ်ဆောင်သည့် တိုက်သာများ သည်။ အေဒင်သားဇာတိလူတို့ နေသည့် တဲအုံများ မှာ သစ်ခက်တဲ, ကောက်ရိုးအုံကဲ့ သို့ အလွန်ဆင်းရဲလှစွာ တဲငယ်၊ အုံငယ်နှင့် နေကြရသည်။ ၎င်းတဲများ လည်း မြို့ တွင်း မြောက်ပိုင်းတွင် တစ်ရာ ကိုးဆယ်လောက်မြင်ခဲ့ရသည်။ မြောက်မျက်နှာ ဝင်ရင်းတံခါးအနီးသို့ရောက်လျှင်၊ အရှေ့မြောက်သို့ ခွဲသည့်လမ်းသို့ လိုက်သွား၊ တောင်သား ကျောက်အတိကိုထွင်း၍ ဖောက်လုပ်ထားသည့်လမ်းကိုဝင်၍ သွားရသည်။ ၎င်းတောင်ကို ထွင်းဖောက်သည့်လမ်းသည် တာသုံးရာအောက် လျော့ရန်မရှိ။ ၎င်းက ထွက်ခဲ့ လမ်းစဉ်တစ်လျှောက် လက်နက် ကိုင်တို့ နေသည် တိုက်, ခံမြို့ , ကတုတ် တိုက်နေအိမ်, လမ်းပန်း အနေအထားများ ကိုမှတ်သားကြည့်ရှု ပြန်လာခဲ့ ကြရာ၊ တာတစ်ရာခန့် တောင်ကိုဖောက်သည့်လမ်းတစ်ခုကို ဝင်ပြန်၍ ၎င်းအထွက်တွင် ခံမြို့ ကြီး တောင်စွယ် ၂ ခု

ကြား ရေနားကမ်းစကို ပိတ်လျက် တွေ့မြင်သည်။ ၎င်းကို ကြည့်ရှုမှတ်သား၍ ပြန်လာရာ အထက်ဝင်ရင်းတိုက်သို့ရောက်၍ ၎င်းတိုက်တွင် ရပ်ဆိုင်း နားနေကြသည်။ ၎င်းအေဒင်မြို့ မှာ လက်နက်ကိုင် ဂေါ်ရာ ၁လူမျိုး တစ်ထောင်၊ အေဒင်သား စစ်ပါရီ၂ နှစ်ထောင်၊ နှစ်ရပ် သုံးထောင်ရှိသည်။ အေဒင်မြို့ ဆိုသည်မှာ ကပ္ပလီကျွန်းခေါ် အာဖရိကကျွန်း ကြီးပြင်က ရှိသော ပင်လယ်ကြီးသည် သီဟိုဠ်ကျွန်း, အိန္ဒိယပင်လယ်နှင့် တစ်စပ်တည်းဖြစ်၍ ၊ အိန္ဒိယနိုင်ငံ သီဟိုဠ် ကျွန်းများ နှင့် ဆက်လက်ကူးသန်းသမျှ သင်္ဘောတို့သည် အာဖရိကကျွန်းပြင် ပင်လယ်ကြီးကဖြစ်စေ၊ သို့မဟုတ် တူးမြောင်း စွစ်မြို့ ထွက် ပင်လယ်နီကဖြစ်စေ လာရောက်သမျှသင်္ဘောတို့သည် အောင်မြို့ သို့ရောက်ရသည်။ ၎င်းအေဒင်မြို့ သည် အာရပ်နိုင်ငံရင်း အာရပ်ကျွန်းစွန်းတည်း။ ၎င်းကျွန်းစွန်းကို သင်္ဘောတကာ ပေါင်းဆုံရောက်ရာဖြစ် ၍ ၊ အင်္ဂလိပ်မင်းက အပိုင်ပြုလုပ် မြို့ ရွာတည်ထောင် ပြုစု၍ ထားသည်။ ၎င်းအေဒင်တောင်သည် ကျောက်သားတစ် ခဲနက်အတိ၊ အမြင့်မှာ ငါတို့ စကျင်တောင်ခန့် တောင်ညွှန့်တောင်ဖျား အများ ရှိသည်။ ၎င်းတောင်မှာ သစ်ပင်လည်း ကောင်း၊ နွယ်ပင်လည်းကောင်း၊ မြက်ပင် လည်းကောင်း တစ်ပင်တစ်ခက် တစ်ရွက်မျှ အလွတ်အလျောက် မပေါက် ရောက်နိုင်။ အထက် ဆိုခဲ့သည့် ဥယျာဉ်ငယ် တစ်ခု နှစ်ခုတွင်သာ သစ်ပင်ဟူ၍ ပြောစရာ မြင်ရသည်။ ၎င်းတောင်ရှိ ကျောက်များ လည်း အာပေါ နည်းလျက် တေဇော အလွန်အားကြီးသဖြင့် ညိုရောင်၊ နက်ရောင်၊ နီရောင် အလွန် ခြောက်သွေ့ မာကျောလှ၏ ။ တောင်များ ကိုကြည့်လျှင် ၎င်းကျောက်သား တစ်ခဲတည်းရှိသည်ကိုမြင်ရ၏ ။ သို့သော် လည်း ရေဆိပ် ကမ်းနားတစ်လျှောက် တောင်ကိုဖြတ်ခုတ် တူးဖြို၍ ခံမြို့ , တိုက်, အိမ်တန်းလမ်း, ဈေးနား, ဆိုင်ကနား, သင်္ဘောဆိပ်တံတား, ရထားလမ်းများ ကို ကောင်းမွန်စွာ လုပ်ထားရှိသည်ကို မြင်ရသည်။ ၎င်းအရပ်မှာ သုံးနှစ်လည်၍ မှ မိုးတစ်ခါမရွာ။ အလွန် ခြောက်သွေ့၊ သစ်ပင်ချုံနွယ် အရိပ်အာဝါသမရှိ။ အလွန်ပူသော ကျောက်အတိ၊ မြို့ကြီးရွာကြီး ဆိပ်ကြီး ကမ်းကြီးများ နှင့် မနီးဖြစ်လျက် ပင်လယ်ခရီးအဆုံး အချက်အဆစ် နေရာကျလှသောကြောင့်၊ ဆိုခဲ့သည့် အဆောက်အဦကြီးများ ကို မဖြစ်မနေရ၊ အားထုတ်ကြံစည်လုပ်ဆောင်ထားလေသည်။ တိုက်အိမ်, ခံမြို့ , ကတုတ်, လမ်းတံတားများ မှာ ၎င်းတောင်ရှိ ကျောက်ကိုပင် အင်္ဂတေနှင့်

လုပ ကောင်းမွန်အောင် လုပ်ဆောင်သည်။ သောက်ရန် သုံးရန် ရေမှာ တွင်းရေ, ကန်ရေ, မိုးရေ မရှိ။ တိုက်ကြီးရုံးကြီး အသီးအသီး ဆောက်လုပ်ပြီးလျှင် ပင်လယ်ရေကို သောက်သုံးရေ ဖြစ်အောင် ဓာတ်ကိုခွဲ၍ ချက်လုပ် သုံးဆောင်ကြရသည်။ မကာၢ မြို့ က ပြန်၍ လာသူ ပသီ၂ လူမျိုး တစ်ထောင်ခန့်ကို ရက်ဒိုး၃ မြို့ ဆိပ်ကမ်းက မီးသင်္ဘောစီး၍ လာကြရာ လမ်းတွင် သင်္ဘောစက်ပျက်၊ မသွားနိုင်၊ ရပ်ဆိုင်းရသည်နှင့် ပါရင်းရိက္ခာပြတ်လပ် ငတ်မွတ် သေပျောက် ရှိသည်အတွင်း ကျောက်ရောဂါ ကပ်ရောက်၊အေဒင်သို့ ရောက်ကာလ အစားအစာ တွေ့လျှင် အလွန်စားသောက် အများ သေကျေရောဂါမကင်းရှိ၍ ၊ ၎င်းသင်္ဘောကို ကမ်းမှာ မဆိုက်ရ၊ ရေလယ်တွင် ဆိုက်ထား၊ ၎င်းသင်္ဘောက လူတို့လည်း မြို့ သို့မတက်ရ။ အေဒင် မြို့ အနောက်ဘက် တောင်ခြေသောင်စွယ်တွင် တဲကနားနှင့် ၎င်းလူလူတို့ကို ပြုစုထားသည်ကို တွေ့မြင် ကြားသိခဲ့ရသည်။ ၎င်းအေဒင်မြို့ ဇာတ်လူပုံသဏ္ဌာန်မှာ ကပ္ပလီ လူမျိုးနှင့် တူသောပုံ၊ တူသောအသား၊ တူသောဆံပင် ရှိသည်။ ကုန်တင်ကုန်ချ အသယ်အယူမှစ၍ အရပ်ရပ် အလုပ် ကြမ်း ဟူသမျှမှာ ၎င်းလူမျိုးတို့သာ လုပ်ဆောင်ကြသည်။ ဝန်ကို လူသယ်လျှင် နဖူးသိုင်း ကျောပိုး မိန်းမ ယောက်ျားမခြား သယ်ယူကြသည်။ ၎င်းပြင် လှည်းလည်း အနည်းငယ်ရှိ၏ ။ ၎င်းလှည်းမှာ သင်္ဘော နွားချိုရှည်ကို က၍ တိုက်သည်။ များ သောအားဖြင့် ကုလားအုတ်ကိုသာ အစေအခိုင်း အတိုက်အယူ များ သည်။ ၎င်းလူတို့ ဝတ်ပုံစားပုံမှာ ဟိန္ဒူနှင့် ခပ်သွင်သွင်ရှိသည်။ အလွန်ညစ်နွမ်း စုတ်ပဲ့သည်။ တိုက်အိမ်တံတား အရိပ်ရှိရာ ကျောက်ပေါ် မြေပေါ်များ မှာ ၄ ယောက်စု ၅ ယောက်စု ထိုင်လျက် အိပ်လျက် အလုပ်လုပ်ရန်အခွင့်၊ တောင်းစားရန် အခွင့်များ ကို မျှော်လင့် စောင့်နေကြ သည်။ ၎င်းလူမျ ုးကား သူတစ်ပါး အစေအပါးကိုခံ၍ တောင်းစားရမ်းစား ကိုယ်ခစားဖြင့်သာ အသက်မွေးရသော၊ အလွန် ဉာဏ်နည်းသည်ဖြစ်၍ င်းရဲလှသော အမူအရာပုံပန်းလက္ခဏာရှိသည်။

နေ ၃ ချက်တီးကျော် ငါးမောင်းခန့်ရှိလျှင် နားနေရင်းတိုက်တွင် တနသ်ာရီ သင်္ဘော ကပ္ပိတန် လင်မယား သားငယ်နှင့်တကွ လာရောက်ရှိနေကြသည်နှင့် ၎င်းတို့ပါ အထက်အတူလာ ရင်း အရာရှိအပေါင်းအဖော်တို့ အစုံအညီ၊ မီးစက်တင် ခရူတပ် သမ္ဗန်ကို

တွဲ ပြီးလျှင် ၎င်းမီးစက် တင် သမ္ဘန်ပေါ်မှာ စီး၍ တနင်္သာရီသင်္ဘောသို့ ပြန်လာကြသည်။ ၎င်းနေ့ ည ၄ ချက်တီးကျော် ငါးမောင်း အချိန်ရောက်မှ စွဲရပ်ရင်းအေဒင်ဆိပ်ကမ်းက ထွက်ခဲ့သည်။ ၎င်းနေ့ လေပြင်းစွာ တိုက်၍ လှိုင်းဂယက် အလွန်ကြီးသည်။ အေဒင်မြို့မှ ထွက်သည်ကစ၍ အနောက်မြောက်သို့ချည်း၊ မြောက်သို့ အားကြီးကြီး ထွက်လာရသည်။

၎င်းလဆန်း ၅ ရက်၅ ကြာသပတေးနေ့ နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့်တွင် ပင်လယ်နီအဝင် ဝဲယာကျောက်တောင် ၂ည့်ပ်လျက် လက်ဝဲဘက် ကျွန်းငယ် ကျောက်တောင်တွင် ခံမြို့ ၁၊ မီးပြတိုက်နှင့်တွေ့သည်။ လက်ယာဘက် ကျွန်းစွန်း ကျောက်တောင်ခြေတွင်လည်း တိုက် တစ်ခုမြင်သည်။ ၎င်းလက်ဝဲဘက်ကျွန်းကို ပါရင်ဗကျွန်းခေါ်သည်။ ၎င်းကျွန်း ၂ အကြား ပင်လယ် လက်ကြား တာငါးရာခန့်မျှသာ ရှိသည်။ ၎င်းလက်ကြားလမ်းသည် ကျောက်ဆောင် ကျောက်ငုတ် ထူထပ်များ ပြားလှသောကြောင့် အလွန် အသွားအလာခက်သည်။ ၎င်းအရပ်တွင် သင်္ဘောအများ ပျက်ဖူးသော လမ်းဖြစ်၍ ကပ္ပိတန် မာလိန် စက်ဆရာတို့ အလွန်အားထုတ်ကြည့်ရှု သွားလာရ သည်။ နံနက် ၄ ချက်တီးကျော် ၂ မောင်းခန့်အချိန် လက်ဝဲဘက် ကျွန်းငယ်၏ လက်ဝဲတွင် စီးလျက်ရှိသော ပင်လယ်လက်ကြား တစ်ခုက ပြင်သစ် မီးသင်္ဘောတစ်ခု အေဒင်မြို့သို့ ရှေ့ရှု ထွက်သွားသည်ကို မြင်လိုက်ရသည်။ ညနေ ၃ ချက်တီးကျော် ခြောက်မောင်းခန့်အချိန် လက်ဝဲ ဘက် တာငါးရာကွာခန့်တွင် ဟာရနစ်ဂ ကျွန်းငယ်တစ်ခုကို မြင်ရသည်။ ၎င်းလက်ယာဘက် ခရီး ၃ တိုင်ခန့်ကွာတွင် ပြင်သစ် မီးသင်္ဘောတစ်ခု အေဒင်သို့ တူရှုသွားသည်ကို မြင်ရသည်။ ၎င်းနေ့ ည ၄ ချက်တီးခန့်တွင် လက်ယာဘက်ခရီးတစ်တိုင်ခန့်ကွာမှာ အေဒင်သွား မီးသင်္ဘောတစ်ခု မြင်ပြန်သည်။ ၎င်းလက်ယာဘက်ကလည်း ခရီးတစ်တိုင်ခန့်တွင် အေဒင်သွား မီးသင်္ဘောတစ်ခု မြင်ပြန်သည်။ ၎င်းပင်လယ်နီကို ဝင်သည်ကစ၍ လက်ဝဲလက်ယာထုံ့ပိုင်း ထုံ့ပိုင်း ကမ်းခြေ တောင်တန်းများ ကို မပြတ်မပြတ် မြင်ရသည်။ ၄ ရက်၁နေ့ ညကစ၍ ၎င်း ၅ရက်၂နေ့ တစ်နေ့လုံး လေပြင်းစွာ လာ၍ လိုင်းဂယက် အလွန်ကြီးသည်။

၎င်းလဆန်း ၆ ရက်၃သောကြာနေ့ နံနက် ၄ ချက်တီးကျော်ကစ၍ မြောက်သို့

တူရှု၊ သို့ မဟုတ် မြောက်သို့အားကြီးကြီး အနောက်မြောက်သို့ သွားရသည်။ ပင်လယ်နီသို့ ဝင်သည်ကစ၍ ၎င်းပင်လယ်နီဝဲယာ သဲကန္တာရ ကျောက်တောင် အများ ရှိသည်ဖြစ်၍ အလွန်ပူသည်။ ည ၂ ချက်တီးကျော်မှ အပူ အတော်ငြိမ်း၍ အိပ်နိုင်သည်။ ဝဲယာကမ်းခြေ, တောင်တန်း, ကျွန်းစများ ကို မြင်တုံ မမြင်တုံ၊ ရံခါမြင် ရံခါမမြင် ရှိသည်။ ၎င်းပင်လယ်နီလမ်းသည် ကျောက်ဆောင် ကျောက်တန်း များ ပြားလှသောကြောင့် အလွန် အသွားအလာ ခက်သည်ဟု ကပ္ပိတန်က ပြောသည်။ ခရီးမှာ အနောက်မြောက်သို့ချည်း သွားသည်။

၎င်းလဆန်း ၇ ရက်၄စနေနေ့ လင်းသည်က နေ ၂ ချက်တီးတိုင် ဝဲယာကမ်းခြေ တောင်စဉ် တောင်တန်း များ ကို မမြင်ရ။ ဥတုလည်း ပူလျက်ပင် ရှိသေးသည်။ နေ ၃ ချက်တီးအချိန် လက်ယာ ဘက် ခရီး ၃ တိုင် ကွာတွင် အေဒင်သို့ ရှေးရှုလာသည့် ၂ ပင်တိုင်ခွဲ မီးသင်္ဘော တစ်ခုကိုမြင် သည်။ သင်္ဘောဝဲယာ ရေထဲတွင်လည်း နှင်းဆီပွင့်ကြီးရှိ အလယ်အချက်တွင် ကြက်ဥနှစ်ခန့် နှင်းဆီပွင့်နှင့်အတူ အဆင်းရှိလျက် အနားပတ်လည်ဖြူ ရောင်၊ မှန်သွေးနှင့်အတူ ဝိုင်းဝိုင်းသဏ္ဌာန် ရှိသောငါးတစ်မျိုး အများ ပေါ်လာသည်ကို မြင်ရသည်။ ၎င်းငါးကို ဖမ်း၍ အလွန်မိခဲကြောင်း။ မပြန်လျှင် လက်ထဲတွင် ကြေ ပျောက်ပျက်ကြောင်း။ ငါးမဟုတ်ရေသတ္တဝါတစ်မျိုး ဖြစ်ကြောင်း နှင့် ပြင်သစ်ကပ္ပိတန် မောရန်လွိ ကပြောသည်။ သို့သော်လည်း ၎င်းသတ္တဝါကို ငါးဖန်ခွက် ခေါ်ကြသည်။ ရတ်ခြည်းမြင်တည့်လျှင် ဖန်ခွက်တွင် နှင်းဆီပွင့်ကို ထည့်၍ ထားသည်နှင့် တူသည်။

၎င်းလဆန်း ၈ ရက် တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးကျော် ၅ မောင်းခန့် အချိန်တွင် ကပ္ပလီ ကျွန်းက မကာမြို့ သို့ သွားသည့် ဆပ်ကမ်းရှိ ရက်ဒိုးမြို့ သို့ တူရှု၊ လက်ဝဲဘက်က လက်ယာဘက်သို့ သမ္ဗန် ၁ ကို ရွက်တိုက်၍ ကူးသွားသည်ကို မြင်ရသည်။ ၎င်းအချိန်တွင် လက်ဝဲဘက်ခရီး ၂ တိုင်ခန့် ကွာအရပ်မှာ မီးသင်္ဘော ၁ အေဒင်မြို့ သို့ ရှေးရှုသွားသည် ကို မြင်ရသည်။ ၎င်းနေ့ လင်းသည်ကစ၍ မြောက်လေ ပြင်းပြစွာ လာသည်။ လှိုင်းဂယက်ကြီးလှ၏ ။ လူငယ်များ မူးမော်အော့အန်ကြသည်။ ၎င်းအရပ်ကစ၍ စွစ်မြို့ ရောက်သည့်တိုင် ၁၂ ရာသီပတ်လုံး အခြားအရပ်က လေမလာ။ မြောက်လေချည်းသာ

အမြဲလာကြောင်း ကပ္ပိတန်ပြောင်းပြောသည်။ အံ့ဖွယ်ရှိလှ၏ ။ ၎င်းနေ့ ၂ ချက်တီးခန့်အချိန် လက်ယာဘက် ရေနွေးအိုးမီးချောင်းနှင့် အဆက်တွင် ကွဲအက်ပေါက်ပွင့် ရေယိုသောကြောင့် ခြောက်နာရီအတွင်း ပြီးအောင် စက်ဆရာ ၃ ယောက်ကို ဝေပုံပေး၍ လုပ်စေရာ၊ စက်ဆရာလတ် ဝေပုံက နေရမကျ ထပ်မံပြင်ဆင်လုပ်ဆောင်ရ၍ ၎င်းည တစ်ချက်တီးကျော် ၅ မောင်းမှ ပြီး၍ သွားမြဲသွားနိုင်သည်။ ၎င်းရေနွေးအိုး ပြင်သည့်အတွင်း တနာရီ လေးတိုင်သွားမြဲမသွား။ တစ်ခိုင်ခန့်မျှသာ သွားသည်။

၎င်းလဆန်း ၉ ရက် တနင်္လာနေ့မှာ လည်း ၈ ရက်နေ့၎င်းညများ က တိုက်သည့်လေ မပြတ်မစဲ တိုက်မြဲတိုက်လျက်ပင် ဖြစ်၍ ၊ လှိုင်းဂယက် ထမြဲပင်ရှိသေးသည်။ နေ ၂ ချက်တီးကျော ၂ မောင်းခန့် အချိန် လက်ယာဘက်ခရီး ၄ တိုင်ကွာခန့်တွင် မီးသင်္ဘော ၁ အေဒင်သို့ တူရူလာသည် ကိုမြင်ရသည်။ လေလည်း သီသီညံ့သည်။ နေ ၂ ချက်တီးကျော် ၆ မောင်းခန့်တွင် လက်ဝဲဘက် ခရီးတစ်သောင်းကွာခန့်မှာ စင်းကျောင် ခေါ်သည့် ကျွန်းငယ်တစ်ခုကို မြင်သည်။ နေ ၃ ချက်တီးကျော် ၄ မောင်းခန့်အချိန်တွင် ယမန်နေ့ကပြင်သည့် ရေနွေးအိုးကဲ့သို့ လက်ဝဲဘက် ရေနွေးအိုး ရေမလုံပြန်သောကြောင့် အခိုးကိုဖွင့်လွှတ်ပြင်ဆင်ရသည်။ သင်္ဘောလည်း တစ်နာရီ မြန်မာ ၂ တိုင်ခွဲသာ သွားနိုင်သည်။ ၎င်းအချိန်တွင် လေလည်း အတော်ငြိမ်၍ ညင်းညင်းသာ လာသည်။ ည ၂ ချက်တီးမှ ရေနွေးအိုးပြင်၍ ပြီးစီး၊ သွားမြဲ သွားနိုင်သည်။ ၎င်းအချိန် လက်ယာဘက် ခရီး၃ တိုင်ကွာခန့်တွင် မီးပြတိုင် ၁ ကို မြင်ရသည်။

၎င်းလဆန်း ၁၀ ရက် အင်္ဂါနေ့နံနက် ၄ ချက်တီးကျော် တစ်မောင်းခန့်အချိန် လက်ယာ ဘက်ခရီး ၄ တိုင်ကွာခန့်တွင် မီးသင်္ဘော ၁ အေဒင်သို့ ရှေးရှုသွားသည်ကို မြင်ရသည်။ ၎င်းနေ့ လည် လေပြေင်းပြင်း လာသည်။ အတော်လည်းအေးသည်။ ကုန်းပတ်ပေါ်မှာ နေလျှင် အခြုံနှင့်မှ နေနိုင်သည်။ ၎င်းနေ့ တစ်ချက်တီးအချိန် လက်ယာဘက်ခရီး ၅ တိုင်ခန့်တွင် စွစ်မြို့ သို့ ရှေးရှုသွား မီးသင်္ဘော၁ မြင်သည်။ လက်ဝဲဘက် ကပ္ပလီကျွန်း ကော်စ မြို့ ဆီက လက်ယာဘက် အာရပ်နယ် ရမ္ဗာ့မြို့ ဆီသို့ ဖြတ်၍ ကူးသွားသည့် သမ္ဗန် ၁ ရွက်တိုက်လာသည်ကို လက်ဝဲဘက်ခရီး ၄ တိုင်ခန့်က

မြင်ရသည်။ ၎င်း ၂ ချက်တီးကျော် တစ်မောင်းခန့်အချိန် လက်ဝဲဘက်ခရီး ၃ တိုင်ကွာ တွင် စွစ်မြို့ သို့ ရှေးရှုသွား မီးသဘော် ၁ ကိုမြင်ရသည်။ ၎င်း လက်ဝဲဘက်က ဂျောလျူအာဘလျူ တိဇော ခေါ်သည့် တောင်တန်းကို မြင်ရသည်။ ၎င်းတောင် ပေပေါင်း ၄၅၀၀ မြင့်သော ဟူ၏ ။ ၎င်း တောင်သည် အာဖရိကကျွန်းကြီး တူရကို ပိုင် အီဂျစ် နယ်တည်း။ ၎င်းနေ့ ၃ ချက်တီးကျော် ၃ မောင်း ခန့်တွင် လက်ဝဲဘက် ခရီး တစ်တိုင်ခန့်ကွာတွင် တာငါးရာခန့်လောက် ခြားလျက် အလျား တောင်ရေ ၂၁၁၀ ခန့်၊ အနံတောင် ၈၄၀ ခန့်ကျောက်ငုတ်ကျောက်ဆောင် ၂ ကို မြင်ရသည်။ ၎င်းကျောက်ငုတ်အနက် မြောက်ကျောက်ငုတ်ဖျားကို ခရီး ၂ တိုင် ၃ တိုင်ကမြင်လျှင် သမ္ဗန်ကြီး မှတ်ထင်မိသည်။ နီးမှ ကျောက်ငုတ်ဖြစ်ကြောင်း ထင်ရှားသည်။ ၎င်းကျောက်ငုတ် ၂ ပေါ်၍ နေသည်မှာ အနီးအနား ကမ်းခြေကမ်းစ တောင်စွယ်တောင်စ မရှိ။ သက်သက် အသီးအခြား ပေါ်၍ နေသည့် ကျောက်ငုတ်ဖြစ်သည်။ အလွန်ထူးဆန်းလှ၏ ။ ၎င်းကျောက်ငုတ်အကျယ် ဧက ၁၅ ခခန့်၊ မြန်မာတာ ၂၀ စတုရန်းကွက် ၁၅ ခခန့် ရှိကြောင်း။ အမြင့်ပေ ၄၀ တောင်သင့် ၂၆ တောင်ခန့်ရှိကြောင်း။ ၎င်းတောင်လည်း သန္တာကျောက် ဖြစ်ကြောင်းနှင့် တနသ်ာရီသဘော် ကပ္ပိတန် ထောက်ပြောသည်။ ၎င်းကျောက်ဆောင် ၂ ကို ဖရာသယ် ကျွန်းခေါ်သည်။ ကျွန်းညီနောင်ဆိုလိုသည်။

၎င်းလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီးအချိန် လက်ဝဲဘက် ကပ္ပလီကျွန်းစွန်းက မီးပြတိုင် ၁ ကိုမြင်ရသည်။ ၎င်းမီးပြတိုင် တွေ့သည်ကစ၍ လာခဲ့သည့် ပင်လယ်နီ အလွန် ကျဉ်းသည်။ ဝဲယာကမ်းတစ်ဖက်နှင့် ကမ်းတစ်ဖက် မြန်မာတိုင် ၃ တိုင်သာ ရှိသည်။ လက်ယာဘက်က အာရေဗိရ ကျွန်း၊ လက်ဝဲဘက်က ကပ္ပလီကျွန်း ၎င်းကျွန်း နှစ်ခုကြားကို သွား ရသည်။ ဝဲယာကျွန်းများ ကို ကြည့်လိုက်လျှင် တောင်စဉ်အထပ်ထပ်ကို မြင်သည်။ ၎င်းတောင်များ လည်း ကျောက်တောင်ဖြစ်၍ သစ်ပင်ချုံနွယ် မရှိ။ ယမန် ၁၀ ရက်နေ့ကစ၍ နေပြည်တော်မှာ ပြာသိုလနှင့် အတူချမ်းအေးသည်။ ၎င်းနေ့နံနက် တစ်ချက်တီးကျော် ၃ မောင်းခန့်အချိန်တွင် လက်ဝဲဘက် ကပ္ပလီကျွန်းစွန်းမှာ မီးပြတိုင်တစ်ခု မြင်ပြန်သည်။ တစ်ချက်တီးကျော် ၅ မောင်းခန့် အချိန် မီးသဘော် ၁ လက်ယာဘက်က သွားသည်ကို မြင်သည်။ ၎င်းမီးသဘော်သည် တူရကီ မင်းပိုင်သဘော် စွစ်မြို့ က

ထွက်လာခဲ့သည်ဟု ပြောဆိုကြသည်။ ၎င်းနေ့ စွစ်မြို့ သို့ ရောက်တော့မည် ဖြစ်၍ ၊ ရောက်လျှင်ရောက်ချင်း မီးရထားစီး၍ ကေရီ မြို့ သို့ တက်သွားနိုင်အောင် ပါသည့် ရာဇသံ လက်ဆောင်တော်များ နှင့် ကိုယ်အသုံးအဆောင်များ အနက် ယူသင့်သည်ကို ကိုယ်နှင့်အတူယူပြီးလျှင် ထားသင့်သည်ကို လန်ဒန်မြို့ ရှိ ဂွန်းကိုယ်စားလှယ်သို့ အပ်ထားစေရန်၊ တနင်္သာရီ မီးသင်္ဘော ကပ္ပိတန် ပြောင်းသို့ အပ်ရန်ပြင်ဆင်၍ အသင့် ထားရသည်။ နေ့ ၂ ချက်တီး ကျော် ၃ မောင်းခန့်ဆီ တစ်ခိုတွင် ဝဲယာတောင်ခြေတစ်လျှောက် သဲပြင် သောင်ပြန့် သင်္ဘောနှင့် တာ ၂၀၀ ကျော်၊ ၃၀၀ ခန့်တွင် အစဉ်တစ်လျှောက်မြင်ရသည်။ ဆင်းသက်၍ သွား လိုသော စိတ်များ ပင်ရှိ မိသည်။ ၃ ချက်တီးအချိန်ကစ၍ ည တစ်ချက်တီးကျော် ၅ မောင်းခန့် အချိန်တိုင် အလွန်ပြင်းပြသော မြောက်လေ လာ၍ သင်္ဘောမှာ ကာမိုးထားသည့် ရွက်များ ကို ရုပ်သိမ်းရသည်။ ကုန်းပတ်ပေါ်မှာ ကပ္ပိတန်၊ သင်္ဘောသားမှတစ်ပါး အခြားလူတို့မနေနိုင်ကြ။ အခြားလူတို့ ခဏမျှတက်နေမိလျှင် လွင့်၍ သွားအံ့သကဲ့သို့၊ နှာခေါင်း အာခေါင်မွန်းအံ့သကဲ့သို့ ရှိသည်။ အလွန်လည်း ချမ်းအေးသည်။ ညတစ်ချက်တီးကျော် ၆ မောင်းခန့် အချိန် စွစ်မြို့ သို့ ဆိုက်ရောက်၊ ကျောက်ချ ရပ်အိပ်နေကြသည်။ နေ့ ၃ ချက်တီးခန့် အချိန်ကစ၍ စာရေးတော်ကြီး ဘေးထိုးရင်ကျပ် နာသည်။ ၎င်းည သင်္ဘောဆိုက်မှ သက်သာရာ ရသည်။

၎င်းလဆန်း ၁၂ ရက် ကြာသပတေးနေ့ နံနက် ၄ ချက်တီးလျှင် သင်္ဘောတွင် ထားခဲ့ရန် ဝန်သေတ္တာများ ကို ရေတွက်မှတ်သား သော့ပနောက် အစုံနှင့်တကွ တနင်္သာရီ မီးသင်္ဘော ကပ္ပိတန် ပြောင်းသို့ အပ်ထားပြီးလျှင်၊ ၂၅ ခုတ် ငွေကွမ်းအစ် လုံးရေ ၁, ရွှေငါးရုပ်ငယ် ၁, ရွှေငွေ ၂ ခုစပ် ငါးရုပ်ငယ် ၁ , ငွေငါးရုပ်ငယ် ၁ များ ကို ကပ္ပိတန် သားငယ်သို့ ပေးခဲ့၍ ၊ ၄ ချက်တီးကျော် ၆ မောင်းခန့်အချိန် ရာဇသံ လက်ဆောင်တော်မှ စ၍ ကိုယ်နှင့်အတူပါစေရန် ဝန်အသုံးအဆောင်များ ကို သင်္ဘောပေါ်ကချယူမည် ပြင်ဆင်နေကြသည်အတွင်း၊ စွစ်မြို့ ရှိ မင်းနှင့် ဆိုင်သည့် ဆေးသမား လာ၍ ၊ သင်္ဘောတွင် ပါသမျှလူကြီးလူငယ်တို့ အနာရောဂါကင်းသည်၊မကင်းသည်ကို ကြည့်ရှုမြ ကြည့်ရှုရန် သင်္ဘောသို့ သမ္ဗန်ငယ် ၁ နှင့် လာရောက်ကာလ၊ ရန်ကုန်မြို့ က သင်္ဘော အထွက်တွင်

ကြည့်ရှုမြဲ ဆေးသမားကြည့်ရှုပြီး လက်မှတ်ကို ပြသ ပြန်သွားသည့်နောက် စွစ်မြို့ သား လူတို့ သမ္ဗန်ငယ် ၁ လျှင် ကြည်းလူ ၂ နှင့် ရွက်တိုက်ပြီးလျှင် သင်္ဘောသို့ အခစား ဝန်တင်ရန် ကပ်လာသည်။ သမ္ဗန် ၂ ကို ငှားရမ်း ဝန်တင်ဆောင်၊ သံတော်အရာရှိ, ဝွန်း မောရန်လွီ တို့နှင့် နောက်ပါလူငယ်ပါ၊ လူကြီးလူငယ် ၁၇ တို့စီးနင်း၊ တနင်္သာရီ သင်္ဘောက ဆင်းလာကြသည်။ သင်္ဘောတွင် စားပွဲထိန်း သိုးဆောင်း ၃ အနက် ၊ ခေါင်းမှာ ဒင်္ဂါး ၁၀, ငယ် ၂ မှာ ၁၅ ပြားကျစီ ထုံးစံရှိသည်အတိုင်း ပေးကမ်းခဲ့ရသည်။ ၎င်းသမ္ဗန်ငယ် ၂ ကိုရွက်တိုက်၍ စီးလာခဲ့ကြရာ ပင်လယ်ဝက တူးမြောင်းသို့ ဝင်၍ ၎င်းကမှ မြို့ ဆိပ်သို့ ဝင်သည်။ ၎င်းစွစ်မြို့ ဆိပ်ကမ်းမှာ သင်္ဘော ၂၀ ကျော်ဆိုက်လျက်ရှိသည်။ စွစ်မြို့ သားတို့ ကုန်အတင်မှ စ၍ အရပ်ရပ်ကူးပို့ကြသည်များ မှာ သမ္ဗန်ငယ်ကို ရွက်တိုက်၍ သို့ မဟုတ် ထိုးခတ်၍ ကူးပို့ကြသည်။ ရွက်မှာ သမ္ဗန်နှင့် လိုက်အောင် ရွက်တိုင် ၁ တွင် ရွက်လက်နှင့် ၃ ထောင့်ရွက်ကို တွဲ ၍ တင်ဆောင်ကြသည်။ ခက်တက်ထိုးဝါးများ မှာ သစ်သားကိုဆက်လက် စပ်တွယ်၍ ဆင်းရဲငြိုငြင် ရှားပါးလှစွာ လုပ်ဆောင်ကြရသည်။ ကူးတို့ လှေခမှာ လှေ ၁ လျှင် ဒင်္ဂါး ၆ ပြားကျ ဒင်္ဂါး ၁၂ ပေးကမ်းငှားရမ်း စီးနင်းလာကြရာ၊ မြို့ ဆိပ် အကောက်တိုက် အနီးတွင် ဆိုက်ကပ်၊ အကောက်တိုက် အရာရှိတို့ကို တိုင်ပြော၊ ပါသည့် ရာဇသံ လက်ဆောင်တော် အသုံးအဆောင်သေတ္တာများ ကို ကြည့်ရှုရန် အကောက်တိုက်အရာရှိတို့ ဆိပ်သို့ လာရောက် သေတ္တာများ ကို ကြည့်ရှုရန် အကောက်တိုက် အရာရှိတို့ ဆိပ်သို့ လာရောက် သေတ္တာများ ကို ဖွင့်လှစ်ကြည့်ရှုကြရာ၊ ဗောင်းဝတ်လုံ မျဉ်းတို မျဉ်းရှည်မှစ၍ ပါသည့် အဝတ်အစား အသုံးအဆောင် သေတ္တာများ မှာ တစ်စုံတစ်ရာ ထူးထွေမပြောမဆို။ လက်ဆောင်တော် ရွှေထည် ငွေထည် ထည့်သည့် သေတ္တာ ၂ ကိုသာ အဖိုးအများ တန်ဖြစ်ပါသည်။ အကောက်တိုက်လူကြီးရှိ ရာ လိုက်ပို့ပြသရသည်။ ၎င်းသေတ္တာ၂ ကို အကောက်တိုက်တွင် ဆိုင်းထားသည်။ သံတော်တို့လည်း ၎င်းဆိပ်ကမ်းက တက်ပြီးလျှင် စွစ်မြို့ ခေါ် ထမင်းဆိုင်သို့ သွားရောက်၊ တိုက်ခန်း တည်းခ၊ ထမင်းဖိုးပါ လူကြီးတစ်ကိုယ်လျှင် ဒင်္ဂါး ၆ ပြားကျ၊ လူငယ် တစ်ကိုယ်လျှင် ဒင်္ဂါး ၃ ပြားကျ ပေးကမ်း ငှားရမ်း တည်းနေ စားသောက်ကြရသည်။ သံတော်တို့ စွစ်မြို့ သို့ ဆိုက်ရောက်သည့် အကြောင်းအရာ ၁၄ ဂဏန်းမှတ်တင်လွှာ ၁၊ ၎င်းတင်လွှာကို ရောက်လျှင်ရောက်ချင်း တင်ပို့ ဆက်သရမည့်

အကြောင်းနှင့် သူဌေး မဟာသီရိဘောဂသာရကို ဆင့်စာ ၁ များ ကို ရေးသား အိတ်သွင်း လိပ်ထိုးပြီးလျှင် စွစ်မြို့ စာပို့တိုက်သို့ ပေးရန် ဂျွန်းသို့ အပ်သည်။ ၎င်းထမင်းဆိုင် သံတော်တို့ ရှိရာသို့ အကောက်တိုက် လူကြီးဆိုသူ လာရောက်၊ ရာဇသံ လက်ဆောင်တော်များ နှင့် လန်ဒန်မြို့ အင်္ဂလိပ်ဘုရင်မထံ မြန်မာမင်းက စေလွှတ်တော်မူသည့် သံတော်တို့ စွစ်မြို့ သို့ ဆိုက်ရောက် လက်ဆောင်တော်ပါသည်ကို အကောက်တိုက်က အတားအဆီးမရှိ ဆောင်ယူသွား လိုကြောင်း စာရေးသား၊ စွစ်မြို့ ဝန်သို့ စာပေးလျှင် သင့်မည်ထင်ကြောင်း ပြောဆိုသည့်အရ၊ ဂျွန်းကို စာရေးသားစေပြီးလျှင် ၎င်းလာရင်း အကောက်တိုက်လူကြီးကို ပေးအပ်၊ လူငယ် ၂ ဘက်ထည့်လိုက်ရာ ဘုရင်ခံသို့ ကြေးနန်းနှင့် ပြောပါရစေဦး၊ စွစ်မြို့ ဝန်က ဆို၍ ရပ်ဆိုင်း နေရသည့် အတွင်း ပြာနီး ဂုမ္ဗဏီ ဆိုသူသည် ၎င်းဘုရင်ခံနှင့်စာချုပ်၍ အရပ်ရပ်ကုန်များ ကို အခစားပို့နိုင်သူ ဖြစ်ကြောင်းပြောဆို ကြားသိရသောကြောင့် ဂျွန်းနှင့်စေ့စပ်ပြောဆိုစေရာ ပြာနီး ကုမ္ပဏီဆိုသူ သံတော်တို့ရှိရာ လာရောက်၊ ၎င်းသေတ္တာများ ကို အကောက်တိုက်မှ နုတ်ယူ၊ အလိုရှိရာအရပ် ရောက်ပို့နိုင်ကြောင်း။ ပို့ခမှာ အဖိုး ဒင်္ဂါးတစ်ရာတန်လျှင် တစ်ပြားတစ်မူးကျ ပေးရမည် အကြောင်းများ နှင့် ပြောဆိုချက်အတိုင်း ၎င်းပြာနီးကုမ္ပဏီသို့ လွှဲအပ်၊ ဝန်ထောက်တော် ပန်းတဉ်းဝန်မင်းနှင့်အတူ ပြာနီးကုမ္ပဏီတိုက် အကောက်တိုက်များ သို့ သွားရောက်၊ သိမ်းထားရင်း လက်ဆောင်တော် သေတ္တာများ ကို နုတ်ယူမှ ၎င်းသေတ္တာတွင်ပါသည့် ရာဇသံသေတ္တာ ကျည်များ ကို အသီးအခြား သေတ္တာတွင်းက နုတ်ယူ၊ ကျန်သေတ္တာ ၂ ရှိ လက်ဆောင်တော်များ ကို စုံညီမှတ်သား သေတ္တာ ၂ ကို တံဆိပ်ခတ်မှတ်၊ ၎င်းကုမ္ပဏီသို့ အပ်ခဲ့၍ ရာဇသံ သေတ္တာကျည်များ ကို ဝန်ထောက်တော် ပန်းတဉ်းဝန်မင်း ယူဆောင်၊ တည်းနေရင်းတိုက်သို့ ပြန်လာသည်။ သေတ္တာ ၂ မှာ ပြာနီးကုမ္ပဏီသေတ္တာ အဖြစ်နှင့် အကောက်တိုက်တွင် အပ်ထားခဲ့သည်။ ပြီးလျှင် သေတ္တာ ၂ အတွင်းရှိ လက်ဆောင်တော်ဖိုးတန် ဒင်္ဂါးပြားရေ ရှစ်သောင်း ထိုက်တန်သည် ဖြစ်၍ ၊ တစ်ရာလျှင် တစ်ပြား တစ်မူးကျ ရှစ်ရာရှစ်ဆယ်ဒင်္ဂါးကို ပြာနီးကုမ္ပဏီသို့ ဂျွန်းက ပေးမည်။ ကုမ္ပဏီအိမ်သို့ လိုက်သွား၊ ငွေပေးကမ်းမည် ရှိသည့်အတွင်း ပြာနီးကုမ္ပဏီ ကုန်သေတ္တာများ ကို အလိုရှိရာ အရောက်ပို့ပိုင်သည် ဆိုသည်မှာ ၎င်းကုမ္ပဏီသင်္ဘောနှင့် တင်ဆောင်လာရောက်သမျှ ကုန်ဖြစ်လျှင်သာ ပို့ပိုင်သည်။ ယခုမှာ ၎င်း ကုမ္ပဏီသင်္ဘောနှင့်

တင်ယူခဲ့သည်မဟုတ်။ အခြားသင်္ဘောနှင့် တင်ယူခဲ့သည့်အရာ ဖြစ်သည်။ သို့ ဖြစ်၍ ပြာနီးကုမ္ပဏီက ၎င်းသေတ္တာများ ကို မပို့ထိုက်။ အကောက်တိုက်နှင့်သာ ဆိုင်ကြောင်း၊ ၎င်းသေတ္တာ ၂ ရှိ လက်ဆောင်တော်ဆိုသည်မှာ လည်း လာရင်းသံတော်များ ကိုပင် မသိမကျွမ်း၊ သိကျွမ်းသူ တစ်စုံတစ်ယောက် ကိုယ်စားလှယ် လည်း မရှိဖြစ်၍ သံတော်အဖြစ် မထင်မှတ်နိုင်။ ပကတိ ခရီးသွားမျှသာ ထင်မှတ်နိုင်ကြောင်း။ သို့ ဖြစ်၍ နိုင်ငံဖြတ်အကောက်အတွက် ဒင်္ဂါး တစ်ရာတန်လျှင် တစ်ဆယ် ကောက်ယူမည့် အကြောင်းနှင့် အကောက်တိုက် အရာရှိတို့က ပြာနီးကုမ္ပဏီတို့သို့ ပြောဆို၊ ၎င်းသေတ္တာ ၂ ကို အကောက်တိုက်က မြို့ ဝန်အိမ်သို့ ပို့အပ်၊ အရှိအသေ အလုံအခြုံသိမ်းထားလေသည်။

၎င်းစွစ်မြို့ အနေအခြေမှာ ပင်လယ်နီထွက် တူးမြောင်းဝ ဖြစ်၍ သင်္ဘောအများ ဆိုက်ရပ်ရာ အချက်အဆစ်နေရာဌာန ဖြစ်သည်။ မြို့ ခြေက တစ်စတစ်စ ပင်လယ်နီကို ကျောက်ခန်းချဖို့ တိုက်အိမ် တည်လုပ်၊ ပွားဆဲဖြစ်ဆဲလုပ်ဆောင်ဆဲ အလုပ်ကြီး အဆောင်ကြီးများ သည်။ မီးရထား လမ်းလည်း ပေါက်သည်။ အင်္ဂလိပ်၊ ပြင်သစ်မှ စ၍ သိုးဆောင်း နိုင်ငံခြား ကောင်စစ် ကိုယ်စားလှယ်အများ လာရောက်၊ တိုက်အိမ် အတင့်အတယ် ဆောက်လုပ်နေထိုင်ကြသည်။ ခရီး ၄ သောင်းကျော်ကွာ ကေရိုမြို့ ရောက် သဲကန္တာရကို ဖြတ်၍ မီးရထားလမ်း၊ ချိုသော မြစ်ရေကို ဖောက်ယူသော မြောင်းကြီးများ လည်း ရှိသည်။ ၎င်းမြောင်းရေကိုလည်း ရေဝေကန် ထား၍ ရေစက် နှင့် တစ်မြို့ လုံး သုံးဆောင်ရန် ပေးသွင်းသည်။ မြို့ ပတ်လည် တောင်များ မှာ အထက်ဆိုခဲ့သည့် အေဒင်တောင်နှင့်အတူ ကျောက်တောင်သက်သက် ဖြစ်သည်။ ပတ်လည်မြေမှာ လည်း မြေသား မဟုတ်ဘဲ သဲကန္တာရဖြစ်၍ သဲကျော်အတိ၊ သစ်ပင်ချုံနွယ် မပေါက်ရောက်နိုင်။ လုပ်ခင်းလယ်ယာ ဥယျာဉ်ပန်းမာန် မရှိ။ အလွန်ခြောက်သွေ့ပူပြင်း မိုးရေ မရွာသောအရပ်ဖြစ်သည်။ သို့ သော်လည်း တူးမြောင်းကိုအမှီပြု၍ သင်္ဘောအများ ဆိုက်ရောက်၊ မီးရထားလုပ်ဆောင် သယ်ယူကူးသန်းရ သောကြောင့် နိုင်ငံတကာနှင့် ဆက်ဆံရသဖြင့် တိုးဆဲပွားဆဲ ဟု ထင်မှတ်ရန် ရှိသည်။ တူးမြောင်း မှာ အကျယ်ငါတို့မြစ်ငယ်ခန့် တာပေါင်း ၁၆ တာ၊ ၎င်းအနက်မှာ တောသင့် ၁၆ တောင် ဖြစ်၍ ၃

ပင်တိုင် သင်္ဘောကြီးပင် ဝင်ထွက်သွားလာ နိုင်သည်။ ၎င်းတူးမြောင်းသည် ခရီးမြန်မာတိုင် ၄၅ တိုင်နှင့် တာပို ၇၁၄ တာရှိသော သဲကန္တာရအတိကို ဖြတ်ဖောက် လုပ်ဆောင်ရသောကြောင့် အလုပ်အကိုင် အလွန်ခက်ခဲသည့် အရာကိုပင် မြေတူးစက်, မြေသယ်စက်, မြေသယ်မီးရထား အကြီးအကျယ် အများ အပြားနှင့် မဖြစ်မနေရ အားထုတ် လုပ်ဆောင်သောကြောင့် ဖြစ်ဆန်းသော သာမည မဟုတ်၊ အကြီးအကျယ်အကောင်းအမွန် ဖြစ်ထွန်းပေါက်ရောက် ရှိသည်ကို အလွန်အံ့သြ ချီးမွမ်းဖွယ်ရှိလှပေသည်။ ၎င်းတူးမြောင်း သဲကမ်းအတိကိုလည်း အမွန်ရှည်စွာ တည်ထွန်းခိုင်ခံ့ အောင် ကျောက်သားအတိ စီခင်းလုပ်ဆောင်ဆဲ ဖြစ်သည်။ ကမ်းခြေတစ်လျှောက် ကျောက်စီခင်း လုပ်ဆောင်ပြီး ပြေလျှင် အတိုင်းထက်အလွန် ကောင်းမွန်ခိုင်ခံ့ရန် ဖြစ်ပေသည်။ ၎င်းတူးမြောင်းကို စ၍ ကြံစည်သည်မှာ ပြင်သစ်လူမျိုး ပါရဒင်နက်လက်စက် ဆိုသူ စ၍ ကြံစည်ရင်း ဖြစ်ကြောင်း။ ၎င်းကြံစည်ရင်းသူကို နိုင်ငံတကာ အများ ပင် ချီးမွမ်းအံ့သြကြကြောင်းကို ပြောဆိုကြားသိရသည်။

၎င်းစွစ်မြို့ ရှိရင်း လူမျိုး မှာ အာရေဗိရကျွန်း အာရပ်လူမျိုး သာ များ သည်။ ၎င်းဝတ်ပုံ ပေါင်းပုံ မှာ လည်စွပ်အင်္ကျီကို တစ်ကိုယ်လုံးဖုံး၍ ဝတ်ဆင်ကြသည်။ ၎င်းလူမျိုး တို့ နေအိမ်မှာ စတုရန်း ၄ တောင် ၇ တောင် ၁၀ တောင်ခန့်အကျယ်ထား၍၊ အရပ်မှာ ၄ တောင် ၅ တောင်ခန့်၊ ဒုမှာ ၁ မိုက် ၄ သစ် ၂ မိုက်ခန့် ကျောက်ကို မြေသရွတ်နှင့်စီလုပ်၊ အမိုးမှာ ဝါးရိုး ပြောင်းရိုးများ ကိုတင်၍ မြေသရွတ် လိမ်းကျံ၊ ၄ ဦး ၅ ဦးတွဲ စပ် ပတ်လည် ဝင်ပေါက် ထား၍ နေထိုင်ကြသည်။ ၎င်းလူတို့ နေအိမ်ကို ရုတ်ချည်းတစ်ရံ မြင်ဖြစ်လျှင်၊ အုတ်စိမ်းဖို, ထုံးဖုတ်သည့်ဖို, သံဖုတ်သည့်ဖိုများ ကို မြင်ရ သည်နှင့်တူ၏ ။ လူနေသည့် အိမ်ဟူ၍ မမှတ်မထင်နိုင်။ တိုက်ပေါ်မှာ လည်း အမှိုက်သရိုက်ကိုသာ စုပုံတင်ထားလေ့ရှိသည်။

၎င်းလဆန်း ၁၃ ရက် သောကြာနေ့ ၄ ချက်တီးကျော် ၇ မောင်းခန့်အချိန်တွင် လက်ဆောင် တော် သေတ္တာ ၂ နေရာမကျရှိသည်ကို ကေရိုမြို့ သို့ရောက်မှ ဘုရင်ခံထံဖြစ်စေ၊ သင့်ရာမှူး ကြီး မတ်ကြီးများ ထံ ဖြစ်စေ ပြောသင့်ရာရာ စုံစမ်းမေးမြန်း ပြောဆိုမှ သင့်မည်။ စွစ်မြို့ တွင်ပြောဆို၍ နေရာကျနိုင်ရန် မရှိသည်ကို သံတော်အရာရှိ လူကြီးတို့စုံညီ သဘောတူကြ၍၊ စွစ်မြို့ က ကေရိုမြို့ ရောက်ခရီးမြန်မာတိုင် ၄၀ မှာ

မီးရထား၌ လူကြီးတစ်ယောက်လျှင် ဒင်္ဂါး ၁၃ ပြားကျ၊ လူငယ်တစ် ယောက်လျှင် ၈ ပြားခွဲကျ ပေးကမ်းငှားရမ်း မီးရထားနှင့် ထွက်လာကြသည်။ ၎င်းမီးရထားအသွားမှာ ရထားလမ်းအနီးရှိ လူ, သစ်ပင်, တိုင်များ ကို တွေ့လျှင် ခြားနား၍ မသိသာနိုင်။ ရထားနှင့် ၁၅ တာ, တာ ၂၀ အလွန်မှာ ဖြစ်လျှင် သစ်ပင်ကွဲပြွား ခြားနားသိမြင်နိုင်သည်။ ၎င်းမီးရထားသည် လန်ဒန်မြို့၊ ပြင်သစ်မြို့ များ မှာ မီးရထား လောက် မမြန်သေးကြောင်း ပြောဆိုကြားသိရသည်။ မီးရထား ထွက်မိ၍ တစ်နာရီကျော် ၂ နာရီခန့်လောက်ရှိလျှင်၊ စာရေးတော်ကြီးမှာ မီးရထားအရှိန်ပြင်းစွာ လှုပ်လှုသည်နှင့် ယခင်သက်သာပြီး ရင်ကျပ်နာဖြစ်လာပြန်၍ လမ်းစဉ်တစ်လျှောက် လက်မလွှတ်ရ၊ နှိပ်နယ်၍ လိုက်ရသည်။ မီးရထားလမ်းမှာ စခန်းသင့်ရာ မီးရထားရုံထား၍ ရေ၊ ကျောက်မီးသွေးများ နှင့် အသင့်စောင့် နေရသည်။ ၎င်းစခန်းသင့်ရာရုံးသို့ ရောက်တိုင်း မီးရထားရပ်နားသည်။ ဆင်းသူ၊ တက်သူတို့လည်း အလိုရှိရာ ဆင်းတက် သွားလာကြသည်။ သည်ကဲ့သို့ အစဉ်အတိုင်း လာခဲ့သည့်လမ်း ဝဲယာများ မှ သဲကန္တာရအတိ ဖြစ်လျက် ၎င်း သဲကန္တာရအတွင်း အထက်ဆိုခဲ့သည့် စွစ်မြို့ နေရင်းလူတို့ ဆောက်လုပ်နေထိုင်သည့်အိမ်မျိုးနှင့် အသီးသီး ဆောပ်လုပ်နေထိုင်သည့်ရွာ များ ကို မပြတ် တွေ့မြင်ရသည်။ ၎င်းမီးရထားလမ်းတစ်လျှောက် ကေရိုမြို့ က ရေချိုမြစ်ကို ဖောက်၍ တူးယူခဲ့သည်မြောင်းရှိသည်။ ၎င်းမြောင်းရေကို အမှီပြု၍ သဲမြေမှာ ပင် သစ်ပင် အနည်းငယ် စိုက်ပျိုးပြုစုကြသည်ကို မြင်ရသည်။ သို့သော်လည်း ကောင်းကောင်းမွန်မွန်မဖြစ်နိုင် သေး။ ၎င်းမီးရထား သွားလာမြဲလမ်းက လက်ယာဘက် မီးရထားလမ်းသို့ နောက်ပြန်လိုက်သွား၊ တူးမြောင်းကမ်းထိပ်တွင် အစ္စာမာလိယ ခေါ်သည့်မြို့ မီးရထားရုံးသို့ဝင်သည်။ ၎င်းမြို့ မှာ လည်း သဲပြင် အတိ။ သို့သော်လည်း ဆိပ်ကမ်းဖြစ်အောင် ပြုစုဆဲ၊ တိုက်အိမ်များ လည်း တိုးပွားဆဲ၊ မြေအိမ်များ လည်း အများ ရှိသည်။ ၎င်းနေ့တစ်ချက်တီးကျော် ၆ မောင်းခန့်အချိန်တွင် လက်ယာ ဘက် လမ်းအနီးတွင် တူရကီမင်းက ထားသည့်ကွဲလွဲသည့် မြန်မာလူမျိုး သံတော်များ ကို ၎င်းလမ်း သွားပရိသတ်တို့ အလွန်ကြည့်ရှုကြသည်။ ၎င်းမြို့ အထွက်တွင် ကျုံးနှင့် သဏ္ဌာန်တူသည် ရေယူ မြောင်း၊ ၎င်းအလွန် အနီးတွင် မီးရထားရုံးများ လည်း အကြီးအကျယ်ရှိသည်ကို ကြည့်ရှု ပြန်လာခဲ့ ကြရာ ည ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန်မှ တည်းနေရင်း တိုက်သို့

ပြန်ရောက်ကြသည်။ ည ၄ ချက်တီးကျော် ၃ မောင်းခန့်အချိန်တွင် အမေရိကန် ကိုယ်စားလှယ် ဗတ္တလာ က အခွင့်ရ လျှင် မြန်မာ သံတော်တို့နှင့်တွေ့လိုပါသည်၊ငင်းလဆန်း ၁၅ ရက်နေ့ တွေ့နိုင်သည့် အချိန်ကို သိလိုကြောင်းနှင့် တူရကီလူမျိုး ကောင်စစ်ဆိုသူ စာရေးကို စေလွှတ်လိုက်၍ ငင်းစာရေး သံတော် အရာရှိတို့နှင့် တွေ့ကြုံမေးမြန်း၊ ၁၅ ရက်နေ့ တစ်ချက်တီးကျော် ၆ မောင်းခန့် အချိန် တွေ့မြင် လိုကြောင်း မှာ ထားပြောဆိုသည်ကို မှတ်သားပြန်သွားသည်။ မင်းကြီး ဝတ်ဆင်သည့် မျှဉ်းတို မျှဉ်း ရှည်ကိုလည်း ပြင်ဆင်ရန် အချုပ်တိုက်သို့ အပ်လိုက်သည်။

ငင်းလဆန်း ၁၅ ရက် ၂ တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးကျော် ၅ မောင်းခန့်တွင် အင်္ဂလိပ် ကောင်စစ်ကိုယ်စားလှယ် ရော်ဂျက် သံတော်တို့ရှိရာ လာရောက်၊ အထက်ဆိုခဲ့သည့်အတိုင်း လက်ဆောင်တော်သေတ္တာအကြောင်းအရာနှင့်စပ်၍ ကူညီရွက်ဆောင်သည် အရာများ ကို ပြန်ပြောလာသည်။ သံတော်တို့ကလည်း သည်ကဲ့သို့ ကူညီသည်ကို ဝမ်းမြောက်ကြောင်း၊ မြန်မာမင်းမြတ် နှင့် မှူး တော် မတ်တော်များ ထံ သည်ကဲ့သို့ ဝမ်းသာရှိကြောင်း၊ ကိုယ်နှင့် တန်သမျှ ဆောင်ရွက်ရန် အမှု များ ကို အထူးအားထုတ် ကူညီဆောင်ရွက်ပါမည်အကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ရော်ဂျက်က ပြောဆိုသည်။ ငင်းပြင် ဘုရင်ခံနှင့်တကွ တွေ့လိုကြောင်းကိုလည်း ကြေးနန်းနှင့် နိုင်ငံ ဆိုင်ရာ ဝန်ကြီးကဘုရင်ခံသို့ ပြောဆိုသည်။ ငင်းပြင် ဘုရင်ခံနှင့် တွေ့လိုကြောင်းကိုလည်း ကြေးနန်းနှင့် နိုင်ငံဆိုင်ရာ ဝန်ကြီးက ဘုရင်ခံသို့ ပြောဆိုရှိပါသည်။ ၂ ရက် ၃ ရက်အတွင်း စကားကွဲပြား ကြားသိပါလိမ့်မည် အကြောင်း၊ မြန်မာမင်း သံတော်တို့ ကေရိုမြို့ သို့ ဆိုက်ရောက်လာသည်ကို သည်ကဲ့သို့ ကူညီကြောင်းနှင့် ကျွန်တော်က အာလစ်စန္ဒရီယမြို့ ရှိ ကောင်စစ်ချုပ်သို့လည်း ကြေးနန်းနှင့်ပြောဆိုသည့်အကြောင်း၊ ငင်းကောင်စစ်ချုပ်လည်း ၃ ရက် ၄ ရက်အတွင်း ကေရိုမြို့ သို့ လာလိမ့်မည်အကြောင်းများ ကို ပြောဆိုပြန်သွားသည်။ ငင်းနေ့ တစ်ချက်တီးကျော် ၆မောင်း ခန့်အချိန် အမေရိကန် ကိုယ်စားလှယ် ဗတ္တလာနှင့် ယမန်နေ့က လာရင်း စာရေး ကောင်စစ်သို့ သံတော်တို့ တည်းနေသည့် ချူဟိုတက်ခေါ် တိုက်သို့ လာရောက်သံတော်တို့နှင့်တွေ့ကြုံနှုတ် ဆက်စကား ပြောဆိုကြသည်။

သံတော်တို့မှာ အကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်ဝတ်စား၍ လက်ခံကြသည်။ ၎င်းကိုယ်စားလှယ် ဗတ္တလာနှင့် တွေ့ကြုံ၊ သာကြောင်း မာကြောင်း တွေ့ကြုံရသည်ကို ဝမ်းမြောက်ကြောင်းများ နှင့် နှုတ်ဆက် ပြောဆိုကြပြီးနောက်၊ အနောက်တိုင်းပြည်နိုင်ငံများ နှင့် မြန်မာတိုင်းပြည်နိုင်ငံ အဆက်အလက် အကမ်းအလှမ်းမှာ အင်္ဂလိပ် တိုင်းပြည်နှ ပထမ ဆက်လက်ကမ်းလှမ်း မဟာမိတ်ဖြစ်သည်။ အီတာလျံနိုင်ငံနှင့်လည်း ယခု ဆက်လက်ကမ်းလှမ်းဆဲ ရှိသည်။ နောက်ကိုလည်းတစ်စတစ်စ သိုးဆောင်းနိုင်ငံကြီးများ နှင့် ဆက်လက် ကမ်းလှမ်းမိတော့မည် အထင်ရှိကြောင်း၊ လန်ဒန်မြို့ သို့ ရောက်လျှင် အမရိကန် ကိုယ်စားလှယ်များ နှင့်လည်း တွေ့ကြုံသိကျွမ်းရလိမ့်မည် ယုံကြည်စိတ်ချလာခဲ့ရာ လန်ဒန်မြို့ သို့ မရောက်မီကပင် အမေရိကန် ကိုယ်စားလှယ်နှင့် တွေ့ကြုံရသည်မှာ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိကြောင်းများ ကို ပြောဆို သည်ကာလ၊ အမေရိကန်နိုင်ငံနှင့်လည်း အရှေ့တိုင်းပြည် နိုင်ငံများ နှင့် ဆက်လက် ကမ်းလှမ်းဆဲဖြစ်ကြောင်း၊ လန်ဒန်မြို့ ရှိ အမေရိကန် ကိုယ်စားလှယ်လည်း ရိုးသားဖြောင့်မတ် ကောင်းမွန်သူ ဖြစ်ကြောင်းများ ကို ပြောဆိုပြီးလျှင် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်း ဆက်လက်ပြန်သွားကြသည်။ ည ၄ ချက်တီး ကျော် ၂ မောင်းခန့်အချိန် ၎င်းကိုယ်စားလှယ်က အထက် စေလွှတ်ရင်း စာရေးကောင်စစ်ကို စေလွှတ်၍ ၊ သံတော်တို့ဘွဲ့ အရာဌာန အမည်များ ကို တောင်းလာသည်။ သံတော်တို့ဘွဲ့၊ အရာဌာန အမည်များ ကို ၎င်းစာရေးကောင်စစ်တွင် ရေးသား ပေးအပ်လိုက်သည်။ နေ့ ၃ ချက်တီးခန့် အချိန် ပန်းတဥ်း ဝန်ထောက်တော်မင်း ဖန်ချက် ဝန်ထောက်တော်မင်း၊ ဂျွန်း၊ မော်ရန်လွီတို့ ရထားစီးနင်း လှည့်ပတ် ကြည့်ရှုမြဲ ကြည့်ရှုကြသည်။ စာရေးတော်ကြီးရောဂါလည်း ပျောက်ပြီဆိုလောက်အောင် သက်သာသည်။

၎င်းလပြည့်ကျော် ၁ ရက်၁ တနင်္လာနေ့ နေ ၂ ချက်တီးကျော် ၃ မောင်းခန့် အချိန်တွင် စွစ်မြို့ မှ ကျန်ရှိရစ်သည့် လက်ဆောင်တော်သေတ္တာ ၂ ကေရီမြို့ သို့ ရောက်ကြောင်း၊ ၎င်းသေတ္တာ များ ကို ယခုနေ့ညနေ သံတော်တို့ လက်သို့ ရောက်နိုင်လိမ့်မည် ထင်ကြောင်း၊ ကျွန်တော်လည်း ၎င်း အမှု ကို နေရာကျ အားထုတ် ဆောင်ရွက်ပါမည့်အကြောင်းနှင့် အင်္ဂလိပ်ကောင်စစ် ကိုယ်စားလှယ် ရော်ဂျက်က

စာရေးတော်ကြီးသို့ စာရေးသား ပေးပို့လာသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းခန့်
အချိန်တွင် လက်ဆောင်တော်သေတ္တာ ၂ ကို တံဆိပ်မပျက် ရယူပေပါ့ကြောင်း၊
စာရေးတော်ကြီးသို့ စာရေးသား၊ စာရေး ၁ ကြီးကြပ်စေပြီးလျှင် သံတော်တို့ တည်းနေရင်း ချွေ
ဟို တက်တိုက်ရောက် အင်္ဂလိပ်ကောင်စစ် ကိုယ်စားလှယ် ရော်ဂျက်က ပို့လာစေသည်။
၎င်းကြီးကြပ် ပို့လာသည့် စာရေးတွင် လက်ဆောင်တော်သေတ္တာ ၂ ရကြောင်း
လက်မှတ်ရေးသား၍ သံတော်တို့ က ပြန်ပေးလိုက်သည်။ ၎င်းသေတ္တာ ၂ တွင်လည်း
တံဆိပ်မပျက်၊ ကောင်းမွန်စွာ ရောက် လာရယူသည်။ သေတ္တာကို ဖွင့်လှစ်ကြည့်ရှုရာလည်း
တစ်စုံတစ်ရာ မချွတ်မယွင်း မပျောက်မပျက် စေ့စုံစွာ ရသည်။ ၎င်းနေ့ ၃ ချက်တီး အချိန်တွင်
စာရေးတော်ကြီးမှာ ရင်ကျပ်နာ သက်သာ၍၊ နံဘေးစောင်းခါစ လက်ဝဲဘက်တွင်
အောင့်သည်၊ နာသည်များ ကို ဆေးသမားက သွေးဆိုး ရှိသည်။ ၎င်းသွေးဆိုးကို
မျှော့စုပ်စေရမည် ဆို၍၊ ၎င်းနေ့ည ၄ ချက်တီးအချိန်တွင် မျှော့ကောင်ရေ ၁၅
ကိုက်စုပ်စေသည်။ ပြီးလျှင် မျှော့ကိုက်ရာကို ဆေးမံ၍ ထားရသည်။

# အပိုင်း[၁] ၁၂၃၃ ခုနှောင်းတန်ခူးလဆန်း

ငင်းလပြည့်ကျော် ၂ ရက်၂အင်္ဂါနေ့ နေ ၂ ချက်တီးအချိန် ကေရိမြို့ ရှိ အီတာလျံမင်းက ထားသည့် ကောင်စစ်ကိုယ်စားလှယ်က အခွင့်ရလျှင် မြန်မာသံတော်တို့နှင့် တွေ့လိုပါသည်။ မည်သည့်နေ့ မည်သည့်အချိန်ကို လာရောက်ရမည့် အကြောင်းနှင့် ဂျွန်းကိုမေးမြန်းသောကြောင့်၊ ဂျွန်းက သံတော်အရာရှိမင်းများ ကို အစီရင်ခံလျှင်၊ ငင်းကဆုန်လပြည့်ကျော် ၃ ရက်နေ့၃ နေ ၂ ချက်တီးကျော် ၂ မောင်းခန့်အချိန် လာရောက်လျှင် သင့်ကြောင်း စုံညီပြောဆိုချက်အရ၊ ဂျွန်းက ငင်း အီတာလျံကိုယ်စားလှယ်သို့ ပြန်ပြောသည်။ ည ၄ ချက်တီးကျော် တစ်မောင်းခန့် အချိန်တွင် သံတော်အရာရှိတို့နှင့် ဂျွန်း, မော်ရန်လွီတို့ ကေရိမြို့ လယ်တွင် ပြည်သူတို့ ချမ်းသာစွာ ဝင်ထွက် ကြည့်ရှုပျော်ပါးရန် ဘုရင်ခံက လုပ်ဆောင်ထားသည့် ဥယျာဉ်အတွင်းသို့ သွားရောက် လှည့်ပတ် ကြည့်ရှုကြသည်။ ငင်းနေ့ လန်ဒန်မြို့ ရှိ ရုက္ကလိတန်၄ ဆိုသူ့ထံ ကြေးနန်းရိုက်သည်။ ကြေးနန်း အဓိပ္ပာယ်မှာ နယုန်လဆန်း ၄ ရက်နေ့၅ ကျွန်ုပ်တို့ ရောမ၆ မြို့ သို့ ရောက်လိမ့်မည်။ ခင်ဗျားလည်း ရောမမြို့ ကို လာခဲ့ပါ။ ငင်းအဓိပ္ပာယ်နှင့် ကြေးနန်းရိုက်သည်။ ကြေးနန်း စကားခွန်းရေ ၂၈၊ အခ ဒင်္ဂါး ၃၀ ပေးရသည်။ ၂၃ ခုတ် ငွေကွမ်းအစ်, ၁၉ ခုတ် ငွေဖလား ၁ များ ကို ကေရိမြို့ ရှေ့နေ ကာစထက်လောသို့ မိတ်ဆွေဖြစ် လက်ဆောင်ပေးခဲ့သည်။

ငင်းလပြည့်ကျော် ၃ ရက်၇ ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်တီးကျော် ၅ မောင်းခန့် အချိန်တွင် လန်ဒန်မြို့ နေ ရုက္ကလိတန်က ပြန်၍ ပြောသည့် ကြေးနန်းစာကို ရသည်။ အဓိပ္ပာယ်မှာ ခင်ဗျားတို့ လာသည်ကို အလွန်ဝမ်းမြောက်ကြောင်း ၊ ကျွန်တော်လည်း နယုန်လဆန်း ၂ ရက်နေ့၈ ရောမမြို့ ရောက်လာပါမည့် အကြောင်းနှင့် ပါသည်။ နေ ၂ ချက်တီးကျော် ၃ မောင်းခန့် အချိန်တွင် အီတာလျံကောင်စစ်ကိုယ်စားလှယ် လာရောက်နှုတ်ခွန်းဆက်လက်ကြပြီးလျှင် မြန်မာတိုင်းပြည် နိုင်ငံက သံတော်တို့ဆိုက်ရောက်သည့် အကြောင်းအရာများ ကို အီတာလျံမင်း မှူး မတ်များ ကြားသိနိုင်အောင် ကြေးနန်းနှင့် ပြောဆိုပြီး ဖြစ်ကြောင်း၊ သံတော်တို့ အီတာလျံနိုင်ငံသို့

ရောက်လျှင် ကောင်းမွန်စွာ လက်ခံပါ လိမ့်မည့် အကြောင်း၊ ယခုလည်းကေရိမြို့ ဘုရင်ခံထံ အီတာလျံမင်းက စေလွှတ်တော်မူသည့် သံကြီးအတွင်းဝန် အာဂမောဇ ဆိုသူက မြန်မာသံတော် တို့နှင့် တွေ့မြင်လိုကြောင်း ပြောဆိုသောကြောင့် ကျွန်ုပ်တို့မှာ မှု ခင်းကိစ္စ ထူးထွေမရှိ၊ ကိုယ်စားလှယ်တို့က အားအားလပ်လပ် မှု ခင်းကိစ္စနည်းသည့်အခါကို လာလျှင်ဝမ်းမြောက်ဝမ်းသာ တွေ့မြင်လိုကြောင်း ပြောဆိုပြန်သွားသည်နောက် များ မကြာမီပင် ၎င်းသံကြီးအတွင်းဝန် အာဂမော ဆိုသူလည်း ၎င်းချူဟိုတက် ထမင်းဆိုင်တိုက်မှာ ပင် တည်းနေသည်နှင့် ယခုနေ့ ငါးနာရီခွဲကို လာရောက်ပါမည့်အကြောင်း စာပေးပို့လာသည်။ နေ ၂ ချက်တီးကျော် ၃ မောင်းခန့်တွင် အာလစ္စန္ဒရိယမြို့ နေ အင်္ဂလိပ် ကောင်စစ်ချုပ်ဆိုသူ လာရောက်ပြန်၍ နှုတ်ခွန်းဆက် လက်ကြ ပြီးလျှင် မြန်မာ သံတော်တို့ လာရောက်ကြောင်း၊ ကေရိမြို့ က မည်သည့်နေ့ ထွက်မည်၊ လမ်းခရီး တွင် မည်သည့်နိုင်ငံများ သို့ ဝင်မည်၊ မည်သည့်နေ့ရက် လန်ဒန်မြို့ သို့ ရောက်မည်များ ကို လန်ဒန်မြို့ နိုင်ငံခြားဝန်ကြီးထံ ပြောဆိုရန် အသေအချာသိလိုကြောင်း၊ မည်သည့်မှု ခင်း ကိစ္စမဆို အလိုရှိရာပြောဆိုပါ၊ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပါမည်အကြောင်း၊ ဘုရင်ခံထံ ဝင်လိုလျှင် လည်း ပြောဆိုပါမည် အကြောင်းများ နှင့် မေးမြန်းပြောဆိုသည်ကို၊ ယခုနေ့က ခုနစ်ရက်အတွင်း ကေရိမြို့ က ထွက်သွားနိုင်လိမ့်မည်၊ လမ်းခရီးတွင် အီတာလျံနိုင်ငံသို့ ဝင်လိုသေးသည်၊ လန်ဒန်မြို့ သို့ ထွက်သွားဆိုက်ရောက်မည့် နေ့ရက်မှာ အီတာလျံသို့ ရောက်မှ သေချာနိုင်မည်၊ ဘုရင်ခံထံ လည်း ကျွန်ုပ်တို့ ဝင်သည့်ကိစ္စကို ဘုရင်ခံက ဝန်မလေးလျှင် ဘုရင်ခံကိစ္စအားလပ်သည့်အခါ ဝင်လိုကြောင်းနှင့် ပြန်ပြောပြီးလျှင် နှုတ်ခွန်းဆက်လက် ပြန်သွားသည်။ ၎င်းနောက် ၃ ချက်တီး ကျော် ၃ မောင်းခန့်အချိန်အီတာလျံ သံကြီးအတွင်းဝန် လာရောက်နှုတ်ခွန်းဆက်လက်ပြီးလျှင် မြန်မာသံတော်တို့ လာရောက်သည့် အကြောင်းအရာကို အီတာလျံမင်းမှူး မတ်များ ထံ ပြောဆိုပြီး ဖြစ်ကြောင်း၊ သို့ သော်လည်း အသေအချာမှာ ထားရန် ထွက်ရက် သွားရက်ကို သိလိုကြောင်း၊ အီတာလျံနိုင်ငံ သွားလျှင် မည်သည့်ဆိပ်ကမ်းမှာ ဆိုက်မည်ကို သိလိုကြောင်း၊ မြန်မာတိုင်းပြည် နိုင်ငံသို့ အထက်စေလွှတ်တော်မူသည့် ဗိုလ်ကြီး၁ ကို ယခုထပ်၍ လွှတ်မည်ဆဲဆဲ ဖြစ်ကြောင်း၊ အထက်မြန်မာမင်းက အီတာလျံမင်းသို့ ပေးသည့် ကျော်စီးဓားမှ စ၍ အရပ်ရပ်

လက်ဆောင်တော် များ ကို ကျွန်ုပ်ကိုယ်တိုင် ကြပ်မတ်ရေ့တော်သို့ သွင်းဆက်ကြောင်းများ နှင့် မေးမြန်းပြောဆိုသည် ကို ယခုကေရိမြို့ က ခုနစ်ရက်အတွင်းထွက်နိုင်ရန်ရှိကြောင်း၊ အလစ္စန္ဒြိယမြို့ သို့ ရောက်မှ နေ့ရက် သေချာနိုင်မည်အကြောင်း၊ မြန်မာနိုင်ငံသို့ အထက်စေလွှတ်လိုက်သည့် အီတာလျံမိုလ်ကြီး ကိုလည်း တွေ့မြင် လိုကြောင်းပြန်ပြောရာ တွေ့ရပါလိမ့်မည်၊ စာလည်းရေးလိုက်ပါမည်၊ အတွင်းဝန် အာဂမောက ဆိုသည်။ အီတာလျံမြို့ သို့ သွားကာလ မည်သည့်မြို့ ရှာရှိ ဆိပ်ကမ်းက ဆိုက်ရပ်လျှင် သင့်မည် မေးရာလည်း ဖြန်တီစီ၂ မြို့ က ဆိုက်ရလျှင် ကောင်းကြောင်း၊ အီတာလျံမင်းလည်း ယခု ရောမနိုင်ငံမှာ ရှိပါသည်။ ယခုဆယ့်ကိုးရက်အတွင်း ရောမနိုင်ငံက တျုလျင်း၃ မြို့ သို့ ကူးလာပါ လိမ့်မည်အကြောင်း၊ ယခု ဖြန်တီစီမြို့ နှင့် တျုလျင်းမြို့ လည်း မီးရထား ၈ နာရီခရီးသာ ကွာကြောင်း များ ကို ပြောဆိုပြီးလျှင်၊ အီတာလျံနိုင်ငံ ဝန်ကြီးချုပ်ထံ အသေအချာ စာပေးရန် သံတော်များ ဘွဲ့များ ကို ရလိုသိလိုကြောင်း ပြောဆိုသည်ကိုပါ ရပါလိမ့်မည် ပြန်ပြောပြီးနောက် အီတာလျံသံကြီး အတွင်းဝန်ပြန်သွားသည်။ နေ ၃ ချက်တီးကျော် ၆ မောင်းခန့်ချိန် ဘုရင်ခံမင်း အတွင်းစာရေးကြီး ဆိုသူ လာရောက်၍ ၊ ငင်းလပြည့်ကျော် ၄ ရက်နေ့၄ နေ ၃ ချက်တီးကျော် ၆ မောင်းခန့်အချိန် ကို ဘုရင်ခံမင်းက မြန်မာမင်း သံတော်တို့နှင့် တွေ့လိုကြောင်း ပြောဆို နှုတ်ခွန်း ဆက်လက် ပြန်သွားသည်။ ၂၆ ခုတ် ငွေကွမ်းအစ်၁, ရွှေငွေ ၂ ခုစပ် ငါးရုပ်ငယ် ကောင်ရေ ၂ များ ကို ကေရိမြို့ ရှိ အင်္ဂလိပ်ကောင်စစ် ရော်ဂျက်သို့ မိတ်ဆွေဖြစ် လက်ဆောင်ပေးခဲ့သည်။

ငင်းလပြည့်ကျော် ၄ ရက်၄ ကြာသာပတေးနေ့ နေ ၄၅ ချက်တီးကျော် ၆ မောင်းခန့်အချိန် သံတော်အရာရှိ တို့နှင့် ဂျွန်း, မောရန်လွှီ တို့ စုံညီ၊ သံတော်အရာရှိ တို့မှာ အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်လျှင် ဂျွန်းမှာ လည်း သနားတော်မြတ်ခံရသည့် ရွှေစလွယ် ၉ သွယ် ဆင်ယင် လျက်၊ မော်ရန်လွှီမှာ လည်း ဝတ်သန့် ဝတ်ကောင်း အလှအပဆင်ယင်လျက်၊ မင်းကြီးနှင့် ပန်းတဉ်း ဝန်ထောက်မင်း, ဂျွန်းတို့မှာ ရထား၁၊ ဖန်ချက်ဝန်ထောက်မင်း, စာရေးတော်ကြီးမင်း, မော်ရန်လွှီတို့ မှာ ရထား ၁ စီးနှင်းပြီးလျှင် တည်းနေရင်း တိုက်က ဘုရင်ခံတိုက်သို့ သွားကြသည်။ရောက်လျှင် အတွင်းစာရေးကြီးဆိုသူ

ဆီးကြို၍ ၎င်းဘုရင်ခံတိုက် ဧည့်သည်တို့ ရပ်နေမြဲ အခန်းမှာ ရပ်ဆိုင်း သည့်အတွင်း၊ ၎င်းအတွင်းစာရေးကြီး ဆိုသူ ဘုရင်ခံထံ သွားရောက်၊ သံတော်တို့ လာရောက် ကြောင်းပြောဆို၊ တစ်အောင့်လောက်ကြာလျှင် ၎င်းအတွင်းစာရေးကြီး ပြန်၍ ခေါ်လာသည်နှင့် ၎င်း တိုက် ဒုတိယအဆင့်သို့ တက်သွား၊ လက်ခံမည့်နေရာ တိုက်ခန်းက ဘုရင်ခံ၁ စောင့်နေဆီးကြိုနှုတ်ခွန်းဆက်လက်၊ ဘုရင်ခံနှင့်အတူ စီစဉ်ထိုင်နေကြပြီးလျှင် မြန်မာမင်း သံတော်တို့ လာရောက် နိုင်ငံမြို့ ရွာ တိုက်နေအိမ်များ ကို ကြည့်ရှုသည့်အရာ၊ ကျွန်ုပ်တို့နှင့် တွေ့မြင်ရသည် အရာများ ကို အလွန် ဝမ်းမြောက်ကြောင်း ဘုရင်ခံက ဝမ်းမြောက်ဝမ်းသာပြောဆိုသည်။ သံတော်တို့ကလည်း ပင်လယ်လမ်းခရီး လာရောက်၊ သင်္ဘောက တက်လျှင်တက်ချင်း ဘုရင်ခံမင်း နိုင်ငံသို့ ဆိုက်ရောက်၊ စွစ်မြို့ က ယခုကေရိုမြို့ ထိ ကြည့်ရှု တွေ့မြင်ခဲ့ရသည်မှာ ပင်လယ်ဖြတ်ကူး တူးမြောင်း, မီးရထားရုံ, မီးရထားလမ်း, ရေချိုယူမြောင်းမှစ၍ အရပ်ရပ်လုပ်ကြီး ဆောင်ကြီး တိုးဆဲ ပွားဆဲ လုပကောင်းမွန်သည်များ ကို တွေ့မြင်ကြည့်ရှုခဲ့ရသည်ကို ဝမ်းမြောက်ကြောင်း၊ ကေရိုမြို့ သို့ ရောက်ပြန်လျှင်လည်း ဘုရင်ခံမင်းက ကောင်းမွန်စွာ လက်ခံသည်ကို အလွန်ဝမ်းမြောက်ကြောင်း၊ သည်ကဲ့သို့ ဘုရင်ခံမင်း ကောင်းမွန်စွာ လက်ခံ ဝင်ထွက် တွေ့မြင်ရသည် အကြောင်းကို ကျွန်ုပ်တို့ သခင် မြန်မာမင်းမြတ်နှင့် ဝန်ရှင်တော် စစ်သူကြီးများ ထံ စာရေးသား တင်လျှောက်ပါမည်။ သည်ကဲ့သို့ ကြားသိတော်မူလျှင် အလွန်ဝမ်းမြောက်တော်မူရန် ရှိကြောင်းများ ကို ပြောဆိုသည် ကာလ ဘုရင်ခံမင်းက အလွန်ဝမ်းမြောက်ကြောင်း၊ သံတော်တို့ ၎င်းကေရိုမြို့ တွင် နေ့ရက် ကြာရှည်နေလျှင် ကောင်းမွန်စွာ ပြုစုလိုပါသည်။ ယခုမှာ နေ့တိုရက်တို ရပ်နားထွက်သွား ကြမည် ဖြစ်၍ ကောင်းမွန်စွာ မပြုလိုက်ရ ရှိကြောင်းများ ကို ပြောဆိုလျှင်၊ သံတော်တို့က ကျွန်ုပ်တို့ လန်ဒန်မြို့ သို့ သွားရောက်လှည့်ပတ် ပြန်လာလျှင် ဘုရင်ခံမင်း နိုင်ငံသို့ ပြန်ရောက်ပါလေဦးမည်။ ၎င်းပြန်ရောက်လာလလည်း ဝမ်းမြောက်ဝမ်းသာ တွေ့ကြုံ ရလေဦးမည် မှတ်ထင်ကြောင်းများ ကို ပြောဆို၊ တစ်နာရီခန့်ကြာလျှင် နှုတ်ခွန်းဆက်လက် ထိုင်နေရာက ထကြသည်။ ဘုရင်ခံမင်းလည်း တိုက်ခန်းပြင်ဘက်ရောက် လိုက်ပို့သည်။ အတွင်းစာရေးကြီးဆိုသူမှာ တိုက်အောက် ရထားရောက် လိုက်ပို့သည်။

၎င်းအတွင်းစာရေးကြီး ဆိုသူမှာ တူရကီလူမျိုး မဟုတ်၊ ပြင်သစ်လူမျိုး ဖြစ်သည်။ သို့

သော်လည်း ဘုရင်ခံမင်းက အရပ်ရပ်အမှု မျိုး ကို ပုံယုံလွှဲအပ် အတွင်းစကား ပြန်ကြားစေသူ ဖြစ်သည်။ မြန်မာလို အတွင်းဝန် ဆိုစလောက်သောသူတည်း။

ငင်းလပြည့်ကျော် ၅ ရက် ၂ သောကြာနေ့မှာ အလှည့်အပတ် အသွားအလာ မရှိ။ အခြားသူ တို့လည်း အလာအရောက်မရှိ။ သံတော်လူကြီး လူငယ်တို့ ဝတ်ဆင်ရန် အဝတ်အစားများ ကို အသစ် ဝယ်ခြမ်း ချုပ်လုပ်ပြင်ဆင်ကြသည်။

ငင်းလပြည့်ကျော် ၆ ရက်၃ စနေနေ့ နံနက် ၄ ချက်တီးကျော် ၃၄မောင်းခန့် အချိန်တွင် သံတော်အရာရှိ, ဂျွန်း, မော်ရန်လွှီတို့နှင့် စာရေးလူငယ်ပါအကုန် ရထား ၄ ငှားရမ်းစီးနင်းပြီးလျှင် ကေရိမြို့ အနောက်ခရီး မြန်မာသုံးတိုင်ခန့်ကွာ တောင်ခြေတွင် အီဂျစ်နိုင်ငံသျှင် ရှေးမင်း အဆက်ဆက်တို့ သင်္ချိုင်းရာ ပီရင်မစ်၅ ခေါ်ဆိုသည့် ကျောက်ပုံကြီးအများ ရှိရာသို့ သွား၍ ကြည့်ရှု ကြသည်။ ငင်းအရပ်သည် ငင်းနိုင်ငံသို့ ရောက်သမျှ နိုင်ငံခြားသားတို့ အမြဲသွားရောက် ကြည့်ရှု မှတ်သားသည့် အရပ်၊ ကြီးကျယ်သော အဆောက်အဦတည်း။ ထိုအဆောက်အဦတို့ကို တွေ့မြင်ခဲ့ ရသည်မှာ ဖိနပ် စတုရန်း တစ်မျက်နှာလျှင် တောင်ပေါင်း လေးရာခြောက်ဆယ့် လေးတောင် (၄၆၄)၊ အမြင့် တောင်ပေါင်း နှစ်ရာရှစ်ဆယ့်လေးတောင် (၂၈၄) မှာ အဖြောင့်မျဉ်းမတ် ဖြစ်သည်။ မျက်နှာပြင် အစောင်းလိုက် အမြင့်မှာ သုံးရာလေးဆယ်ခြောက်တောင် (၃၄၆)၊ မျက်နှာစောင်း ထောင့် အသာ၆ ငါးဆယ့်နှစ် (အသာ ၅၂) ရှိသော၊ စတုရန်း ခုနစ်တောင်ခြောက်တောင် ငါးတောင် လေးတောင် ပမာဏရှိ ကျောက်များ ကို စီခင်းသော၊ လေးထောင့်စေတီပမာဏ ၄ မျက်နှာ ဆင်ခြေလျှောအောက်သို့ ဆင်းသည့် လိုဏ်၊ ငင်းလိုဏ်ဝတွင် ဆန်းကြယ်သော ရှေးသူဟောင်းတို့ အက္ခရာ ရေးသားထုလုပ်လျက် ကြီးကျယ်ခိုင်ခံ့သောအဆောက် အဦကြီးနှစ်ခု၊ ငင်းအနီး ဖိနပ် တောင်ပေါင်း ငါးဆယ် လေးဆယ် သုံးဆယ် ပမာဏရှိ၊ ငင်းအထက် ကျောက်ပုံကြီး သဏ္ဌာန် လေးထောင့် ကျောက်ပုံငယ်လည်း အများ ၊ ငင်းပြင် ကျောက်ဂူ ကျောက်လိုဏ်၊ ပကတိမြေက အနက် တောင်ပေါင်း သုံးဆယ်ခန့်တူး၍ ကျောက်နံရံ ၊ ကျောက်တိုင်၊ ကျောက်ထုပ်၊ ကျောက်လှောက်နှင့် တိုက်ဟောင်းကြီးများ ကို တွေ့မြင်ခဲ့ရသည်။ ငင်းကျောက်ပုံကြီးများ မှာ ပြင်က အင်္ဂတေမွမ်းမံ ရာများ ရှိသည်။

၎င်းအဆောက်အဦကြီးများ သည် ကမ္ဘာပေါ်တွင် အဦးအစ ဖြစ်သော အဆောက်အဦဖြစ်သည်ဟု သိုးဆောင်း လူမျိုး တို့ အယူရှိကြသည်။ နှစ်ကာလကို ချင့်ထောက်လျှင် နှစ်ပေါင်းငါးထောင်ကျော် ခြောက်ထောင်ခန့် ရှိလိမ့်မည်ဟု အယူရှိကြသည်။ ၎င်း အဆောက်အဦ နှင့်တကွ အီဂျစ်နိုင်ငံအတွင်း ကျောက်ပုံကြီးငယ် သုံးသောင်း ငါးထောင်ရှိသော ဟူ၏ ။ ၎င်းအနီး တွင် နိုင်ငံခြားမင်းတို့ လာရောက်လျှင် ၎င်းအဆောက်အဦများ ကို ပြသသည့် ကာလ စခန်းချရပ်နားနေရန် တိုက်အိမ်များ ကို ဘုရင်ခံက ဆောက်လုပ်၍ ကောင်းမွန်စွာ ထားသည်ကို တွေ့မြင်ခဲ့ရသည်။ နေ ၃ ချက်တီးအချိန် အင်္ဂလိပ်ကောင်စစ် ကိုယ်စားလှယ် ရော်ဂျက် လာရောက်၊ ဘုရင်ခံနှင့် ကောင်းမွန်စွာ တွေ့ရသည့်အကြောင်းများ ကို မေးသည်။ ကောင်းမွန်စွာ လက်ခံ တွေ့မြင်ရကြောင်း၊ သည်ကဲ့သို့ တွေ့မြင်ရသည်ကို ဝမ်းမြောက်ကြောင်း များ နှင့် ဝန်ထောက်တော် ဖန်ချက်ဝန်မင်းက ပြန်ပြောလိုက်သည်။ မင်းကြီးနှင့် မတွေ့လိုက်ရသောကြောင့် နှုတ်ဆက်လက်မှတ် ပေး၍ ပြန်သွားသည်။ ၎င်းနေ့ နေ ၃ ချက်တီး အချိန် သံတော်အရာရှိ ဂွန်း, မော်ရန်လွီ, စာရေးလူငယ်ပါ ရထား၅ ငှားရမ်း စီးနင်း၊ မြို့ ရှေ့တောင် ခါးပန်းတွင် တည်လုပ်ရှိသည့် ခံမြို့ အတွင်း အမျိုး ဘာသာ ကိုးကွယ်သည့် ကျောင်းသို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတောင်ခါးပန်းတွင် ခံမြို့ အတွင်း စစ်သည်အများ နေထိုင်ရန် တိုက်အိမ်၊ ၎င်းတိုက်အိမ်အတွင်း စစ်ဝတ်ဆင်ပြီး လက်နက်ကိုင်အများ ၊ ခံမြို့ ပေါ်တွင် တင်ထားသည့် အမြောက်များ ကို ကြည့်ရှုတွေ့မြင်ရသည်။ ၎င်းခံမြို့ အတွင်း အမျိုး ဘာသာ ကိုးကွယ်သည့် ကျောင်းမှာ လည်း မဟူရာကျောက်နှင့် တူသော အသားအသွေး အဆင်းသဏ္ဌာန် ရှိသော၊ အဆက် မပါ တစ်ခဲနက် ကိုးဆုပ် ရှစ်ဆုပ် အရှည် ၁၅ တောင်, တောင် ၂၀ ရှိသည့် ချောမောပြေပြစ်သော ကျောက်တိုင်၊ ၎င်းကျောက်နံရံများ နှင့် အကြီးအကျယ် ခမ်းနားကောင်းမွန်စွာ ပြင်ထပ်က လုပ်ဆောင်သည်။ အတွင်းထပ်မှာ ၎င်းကျောက်ကို အမြင့်တောင်ပေါင်း ၃၅ တောင်, တောင် ၄၀ ခန့်၊ စတုရန်း တစ်မျက်နှာလျှင် ၃ တောင်ခန့်ရှိ ကွမ်းစဥ်တိုင် ၄ စိုက်ထူ၊ အချင်း ၁၅ တောင်ခန့် ပထမ အုပ်ဆောင်းကြီးခံ၍ ၊ ၄ မျက်နှာ အုပ်ဆောင်းထပ်ခြမ်း တွယ်ကပ်ကူးယှက်လျှက် အလွန် ကြီးကျယ်သော အဆောက်အဦ၊ ၎င်းအတွင်းအဝန်း

သုံးထပ်ဖန်မီးအိမ် စပ်ကာ ဆွဲထားခင်းကျင်း လှပကောင်းမွန်သည်များ ကို တွေ့မြင်ရသည်။ ၎င်း အတွင်း ယခု ဘုရင်ခံ၏ ဘေး ၎င်းကျောင်းကို ဆောက်လုပ်သူ မာမတ်ဒါလီဒ အမည်ရှိသော ဘုရင်ခံအလောင်းကိုလည်း လက်ယာဘက် တိုက်ခန်းအတွင်း လှပကောင်းမွန်စွာ ခင်းကျင်းလျက် ရှိသည်ကို တွေ့မြင်ရသည်။၎င်းကျောင်း အသက် နှစ်ပေါင်း ၄၅ ရှိကြောင်းကို ပြောဆိုကြားသိရသည်။ ၎င်းကျောင်းရှေ့ ခံမြို့ အတွင်း မြင်း ၂ စီးက၍ လှည့်လည်ရသည့် စက်နှင့် ရေတင်ယူသည့် ရေတွင်း ရှိသည်။ ၎င်းရေတွင်း တာငါးရာ နက်သည်ဟု ပြောဆိုကြားသိရသည်။ ၎င်းရေတွင်းကို ငုံ့၍ ကြည့်ရှုသော်လည်း ရေကိုမမြင်ရ။ ၎င်း ခံမြို့ ပေါ်ကနေ၍ ကြည့်ရှုလိုက်လျှင် ကေရိုမြို့ တစ်မြို့ လုံးကို မြင်နိုင်သည်။ သည်ကဲ့သို့ ကြည့်မှ လူနေတိုက်အိမ်များ ပြားကြောင်းကို သိရသည်။ ၎င်းနေ့ ၂ ချက်တီးအချိန် စကြာယာဉ်ပျံ သင်္ဘော တော် အာလစ္စန္ဒရိယမြို့ သို့ ဆိုက်ရောက်ကြောင်း ကြေးနန်း စာရသည်။

ညင်းလပြည့်ကျော် ၇ ရက် ၂ တနင်္ဂနွေနေ့ ၂ ချက်တီးကျော် ၆ မောင်းခန့် အချိန် သံတော် အရာရှိ ၄၊ ဂျွန်းပါ အီတာလျံသံကြီးအတွင်းဝန် အာဂမော ရှိရာသို့ သွားကြပြီးလျှင်၊ ယခု လပြည့်ကျော်၉ရက်နေ့၃ ကေရိုမြို့ က ထွက်သွားမည်အကြောင်း၊ သင်္ဘောတော်လည်း အာလစ္စန္ဒရိယမြို့ သို့ ရောက်ကြောင်း၊ ၎င်းသင်္ဘောတွင် အတွင်းဝန်မင်း အတူစီး၍ လိုက်လျှင် ဝမ်းမြောက်ကြောင်းများ ကို ပြောဆိုရာ ကျေးဇူးတင်ကြောင်း၊ သို့ သော်လည်း ပြန်ခဲ့ရမည် မှာ ထားသည်စာ မရောက်သေး၍ ဆိုင်းငံ့နေရကြောင်း၊ သံတော်တို့ ၎င်းလပြည့်ကျော် ၉ ရက်နေ့၁ထွက်မည်ကိုလည်း အီတာလျံမင်းထံ ကိုယ်စား လျှောက်ထားသူသို့ စာတစ်စောင်၊ မိုလ်ကြီး တိုးရကိယား၂ သို့ တစ်စောင်၊ စာရေးသားထပ်မံ ပေးဦးမည် အကြောင်းများ နှင့် ပြန်ပြော နှုတ်ခွန်းဆက်လက် ဝမ်းမြောက်ဝမ်းသာစကား ပြောဆိုပြန်လာကြသည်။၎င်းနေ့ နေ ၃ ချက်တီး အချိန် သံတော်အရာရှိ , ဂျွန်း, စာရေး, နောက်ပါလူငယ်များ ပါ ရထားစီးရေ ၅ ငှားရမ်း စီးနင်းကြပြီး လျှင်၊ မြို့ အနောက်မျက်နှာ မြစ်အနောက်ဘက် ဘုရင်ခံတိုက်ဝင်း ဥယျာဉ် အခင်းအကျင်းများ ကို သွားရောက် ကြည့်ရှုမြဲကြည့်ရှုကြသည်။ ဥယျာဉ်သို့ ရောက်လျှင် လက်မှတ်ကို ပြသရာ အစောင့် လူကြီး ၁ ကြီးကြပ်လိုက်ပါ လှည့်ပတ်ပြသ ကြည့်ရှုရသည်။

၎င်းဥယျာဉ်တောင် မျက်နှာပတ်လည် တိုက်တန်းလုပ်ဆောင်ပြီးလျှင်၊ ၎င်းတိုက်တန်းအတွင်း ဥဒေါင်းဖြူ, ယစ်, ကျေးအမျိုး မျိုး , ငှက်အမျိုး မျိုး , ပါပချည် ခေါ်သည့် ခြသေ့်ဖိုမ အမျိုး မျိုး , ဝက်ဝံဖိုမ, သစ်, ကျား, ချေ, ဒရယ်, တောခွေးအမျိုး မျိုး , မျောက်အမျိုး မျိုး , ဆင်, ကုလားအုပ်, သစ်ကျား, အရပ် ၄ တောင်ခန့်ရှိ ငှက်ကြီး အထူးထူး အပြားပြား, သားငှက် အမျိုး မျိုး များ ကို အစာကျွေးရန်နေရာ ၊ အိပ်ရာနေရာ၊ အစာရေစာ အပြည့် အစုံ သန့်ပြန့် ကောင်းမွန်လုံခြုံစွာ အစောင့်အကြပ် အထိန်းအသိမ်းနှင့် စောင့်ကြပ်ကျွေးမွေး လှောင်ထားသည်များ ကို တွေ့မြင်ရသည်။ ဥယျာဉ်အတွင်း အလျှိုလျှိုသောလမ်း, အထူးထူးသော သစ်ပင်, ပန်းမန်, ရေကန်, ရေစက်, ဓာတ်မီးတိုင်များ ကိုလည်း တွေ့မြင်ခဲ့ရသည်။ ကျောက်စက်ရေ ယဉ် သွင်သွင်ကျဆင်းသော တောခေါင်းအတွင်း အချင်း ၁၅ တောင်ခန့် မှန်ပြတင်း သံတံခါး, စားပွဲခုံ, ကုလားထိုင်များ နှင့် ကျောက်သား ကျောက်ဖျာ ကောင်းမွန်စွာ ခင်းသော နားနေရန်နေရာ၊ တောင်ပေါ်တစ်လျှောက် လမ်းကွေ့ လမ်းကောက်အကွက် အရပ်များ တွင် မက်လင်သီး ပမာဏရှိ အလွန်ချောမောလှပသော ကျော်အဖြူအနက်များ ကို ပန်းပွင့်ပန်းပြောက်သဏ္ဍာန် စီခင်းထားသည် များ ကိုမြင်ရသည်။ ၎င်းဥယျာဉ် မြောက်ပိုင်းတွင် ပရိသတ် စည်းဝေးရန် တိုက်၊ ၎င်းပြင် ဥယျာဉ် အရှေ့ပိုင်း မြစ်ကမ်းထိပ်တွင် ဘုရင်ခံ နေထိုင်သည့် တိုက်များ ကို ခန်းတွင်း ခန်းပြင် အောက်ဆင့် အထက်ဆင့် နံ့စပ်ကုန်စင်အောင် အစောင့်လူကြီး တစ်ယောက် သော့ပနောက် ဖွင့်လှစ် လိုက်ပြသည်။ လှေကားတိုက်ခန်း တိုင်များ မှာ ကျောက်ဖြူမဟူရာကျောက် အမျိုး မျိုး ၊ အခန်း အသီးသီး များ မှာ လည်း ရွှေရောင် စသော အရောင်အမျိုး မျိုး ၊ ဖဲကတ္တီပါ စသော အထည်အမျိုး မျိုး များ ကို အခန်းရောင်, စားပွဲခုံရောင်, ကုလားထိုင်ရောင်, ဖန်ပဒေသာရောင်, နံရံအကာရောင်, ပြတင်းတံခါး အကာရောင်မှစ၍ အရောင်အဆင်း အခင်းအကျင်း အသုံးအဆောင် များ မှာ ဖြူလျှင် ဖြူချင်း၊ စိမ်းလျှင်စိမ်းချင်း၊ အောက်ထက်ဝဲယာ ရှုသာတင့်တယ်အောင် ခြယ်လှယ် လုပ်ဆောင် သည်များ ကို တွေ့မြင်ရသည်။ နိုင်ငံတကာမှ ဖြစ်သော သစ်ပင်အမျိုး မျိုး များ ကိုလည်း မှန်ကာ၊ မှန်မိုး တဲအတွင်းရေတသွင်သွင် ပြုပြင် စိုက်ပျိုး သည်ကိုလည်း တွေ့မြင်ရသည်။ ၎င်းဘုရင်ခံ နေထိုင်သည့် တိုက်အတွင် မီးလှုံရန် လုပ်ထားသည့် မီးဖိုလည်း ခန်းတိုင်း အသီးသီး ရှိသည်။ အခြား အသုံးအဆောင်ကို မဆိုထားဘိဦး။ ၎င်းမီးဖိုတစ်ခုပင် အဖိုး

ငါးထောင် ခြောက်ထောင်အောက် လျော့ရန်မရှိ တွေ့မြင်ရသည်။ ၎င်းကလှည့်ပတ်ကြည့်ရှု ပြန်လာခဲ့ရာ မြစ်အရှေ့ဘက်တွင် ရဲမက်စစ်သည်တို့ကို ထားသည့်တိုက်၊ စစ်ရေးပြရန်ကွင်းပြင်၊ မြင်းတပ်သားတို့ မြင်းထားသည့်တိုက်များ နှင့် အကြီးအကျယ် ဆောက်လုပ်ထားသည့်တိုက်၊ အနီးမြစ်ကမ်း ရေဆိပ် တွင် ဘုရင်ခံ နေထိုင်သာည့် တိုက်တစ်ခုသို့ တက်ကြည့်ရာလည်း အခင်းအကျင်း အခြယ်အလှယ် များ မှာ အထက်ဆိုခဲ့သည့် နည်းသေသပ် ကောင်းမွန် ရှိသည်။ ၎င်းက ပြန်လာရာ ဘုရင်ခံက ဆောက်လုပ်ထားသည့် ဇာတ်ရုံသို့ ဝင်၍ ကြည့်ရှုရာလည်း လူကြီးလူကောင်း နေထိုင် ပွဲကြည့်ရှု ရန် တိုက်ခန်းအသီးသီး၊ ပရတ်သတ်တို့ ကြည့်ရန် နေရာ အဆင့်ဆင့်များ ကို တွေ့မြင်ခဲ့ရသည်။ ၎င်းအသွားအပြန် မြစ်ကူးသံတံတား သို့ ကူးသွားရာ ရထားလျှင် ရထားလျောက်၊ မြင်း၊ မြည်း၊ လားဖြစ်လျှင် ဖြစ်လျောက် အခပေးမှ ကူးသွားကြရသည်။ ၎င်းနေသည့် ကိတ်လူမျိုး တို့ ပွဲလုပ် သည့်နေ့ ဖြစ်၍ ပြောက်အိုးအများ ခွဲဖောက်၊ အမျိုး ဘာသာ တီးမှု တ်၊ ပြည်နှင်ဆိုင်သည့် ဥယျာဉ် အတွင်း မိန်းမ ယောကျ်ား အများ သွားလာ ဝင်ထွက် ပျော်မြူး ကြသည်။

၎င်းလပြည့်ကျော် ၈ ရက် တနင်္လာနေ့ စကြာယာဉ်ပျံ သင်္ဘောတော် အာလစ္စန္ဒရိယမြို့ သို့ ဆိုက်ရောက်ပြီး ဖြစ်သောကြောင့် ၉ ရက်နေ့ ကေရိုမြို့ က အာလစ္စန္ဒရိယမြို့ ထွက်သွားရန် ရာဇသံ လက်ဆောင်တော်သေတ္တာ၊ အသုံးအဆောင်သေတ္တာများ ကိုပြင်ဆင် အသင့်ထားကြသည်။ ၎င်းကေရိုမြို့ ဘုရင်ခံနှင့် ကေရိုမြို့ ရှိနိုင်ငံခြား ကောင်စစ်ကိုယ်စားလှယ်တို့ကိုလည်း ထွက်သွားမည့် အကြောင်းအရ နှုတ်ဆက် ကမ်းလှမ်းကြသည်။ ဘုရင်ခံ ကလည်း မြန်မာသံတော်တို့ ချောမီးရထားနှင့် စီးလျှင်ကျဉ်းကျပ်ပါလိမ့်မည် ဖြစ်၍ ကောင်းမွန်စွာ သီးခြားလိုက်ပို့ပါမည် အကြောင်းနှင့် ပြောဆိုသည်။

၎င်းလပြည့်ကျော် ၉ ရက်အင်္ဂါနေ့ မြန်မာသံတော်တို့ စီး၍ အာလစ္စန္ဒရိယ မြို့ သွားရန် ဘုရင်ခံမင်း စီးသည့် မီးရထား ကိုပြင်ဆင်ပြီးလျှင် မီးရထားအရာရှိချုပ် ဆိုသူ ကိုယ်တိုင် ကြပ်မတ် ၍ မီးရထားရုံက ပြင်ဆင်အသင့် စောင့်နေကြောင်း။ ၎င်းနေ့ နေ ၂

ချက်တီးအချိန် ပြောဆိုလာသောကြောင့် သံတော်အရာရှိ လူကြီးလူငယ် အကုန် ရာဇသံ လက်ဆောင်တော် သေတ္တာ၊ အသုံးအဆောင် သေတ္တာများ နှင့်တကွ မီးရထားရုံသို့ သွားကြသည်။ ၎င်းက လန်ဒန်မြို့ ရောက်လမ်းခရီး တစ်လျှောက်များ မှာ ဝန်တင် ဝန်ချ မီးရထား၊ စီးရထား၊ တိုက်အိမ်နေရာ အသုံးအဆောင်များ မှစ၍ အရပ်ရပ် သယ်ယူ တင်ဆောင်ငှားရမ်း ဝယ်ယူဆောင်ရွက်ရန် ကိစ္စ ကြီးငယ် ရှိသမျှကို နိုင်ငံမြို့ရွာ ဆိပ်ကမ်းဓလေ့ ထုံးစံရှိသည့်အတိုင်း နေရာကျ ပါရင်း မြန်မာလူငယ်တို့ မဆောင်မရွက်နိုင်သောကြောင့် အရပ်ရပ် ဘာသာစကား တတ်ကျွမ်း၊ နိုင်ငံမြို့ရွာ ဆိပ်ကမ်းဓလေ့ထုံးစံများ ကို သိကျွမ်းသူ အင်္ဂလိပ်လူမျိုး ရက်ဘား ဆိုသူကိုလည်း တစ်လလျှင် ဒင်္ဂါး ၁၀၀ ပေး၍ ကေရိုမြို့ က ငှားရမ်း ခေါ်ယူခဲ့ရသည်။ ကေရိုမြို့ ကနေ ၂ ချက်တီးအချိန် ထွက်လာရာ၊ ၂ ချက်တီးကျော် ၆ မောင်းအချိန် ကာဖစရတ်ခေါ်သည့် မြို့ သို့ ဆိုက်ရောက်၊ နေ့စာထမင်း ထမင်းဆိုင်တိုက်တွင် ဝင်၍ စားသောက်ကြပြီးလျှင် ၎င်းမြို့ က ထွက်လာရာ ၃ချက်တီးကျော် ၃ မောင်းအချိန် အလစ္စန္ဒြိယမြို့ မီးရထားရုံးသို့ ဆိုက်ရောက်သည်။ ၎င်းမီးရထားရုံတွင် စကြာယာဉ်ပျံ သင်္ဘောတော် ကပ္ပိတန်ပြောင်း အသင့်ဆီးကြို၊ ပါသည့်ရာဇသံ လက်ဆောင်တော် သေတ္တာ, အသုံးအဆောင် သေတ္တာများ ကို သယ်ယူ၊ သင်္ဘောတော်သို့ ချသွားသည်။ စာရေး လူငယ်တို့ လည်း သင်္ဘောတော်သို့ လိုက်ကြရသည်။ သံတော်အရာရှိတို့နှင့် ဂွန်း, မော်ရန်လွီ, စာရေး ၁ , လူငယ် ၅ တို့မှာ အာလစ္စန္ဒြိယမြို့ ရှရပ်ဟိုတက် ခေါ်သည့် ထမင်းဆိုင်တိုက်သို့ သွားရောက် ငှားရမ်းနေထိုင်ကြသည်။ ထွက်လာခဲ့သည့် လမ်းစဉ်တစ်လျှောက် ဝဲယာမြေရပ်များ မှာ ကျေးရွာ အဆက်မပြတ်၊ ရေယူရေမြောင်း၊ မီးရထားလမ်း အလျှိုလျှိုအထပ်ထပ် ပြင်ဆင် လုပ်ဆောင်လျက်၊ မြစ်ကူးမြောင်းကူးရှိသည်များ မှာ မီးရထားလမ်းဝဲယာ အဆစ်အပိုင်း သင်သည့် အရပ်များ တွင်လည်း ရေ ကျောက်မီးသွေး အလိုရှိရာ တင်ဆောင်ရန် မီးရထားရုံ၊ ၎င်းအပြင် မီးရထားစီး လူတို့ စားသောက်ရန် ထမင်းဆိုင် တိုက်များ လည်း စခန်းတိုင်း အသင့်ရှိသည်ကို တွေ့မြင်ရသည်။ လမ်းဝဲယာ မြေပြင်တစ်လျှောက်မှာ လည်း အနိမ့်အမြင့် ပြောဆိုလောက်အောင် မရှိ။ ညီညွတ်သည့် မြေအပြန့်တွင် ဥယျာဉ်ဗိမာန် ကျေးရွာဆက်ကာဆက်ကာ၊ လုပ်ခင်းဆောင် တာမှာ ဂျုံအားကြီး လုပ်ဆောင်သည်များ ကို

တွေ့မြင်ခဲ့ရသည်။ အာလစ္စန္ဒရီယမြို့ ရှေ့တွင် ငါတို့ တောင်သမန်အင်း ၂ ပြန် ၃ ပြန်မက အင်းကြီးတွင်းသို့ ဖြတ်၍ မီးရထားလမ်း လုပ်ဆောင်သည်ကို ကူးလျှောက်ခဲ့ရသည်။ အာလစ္စန္ဒရီယမြို့ သို့ ရောက်လျှင် ရေကြောင်းချုပ်အရာ နှင့် ဘုရင်ခံက ခန့်ထားလွှဲအပ်သူ အင်္ဂလိပ်လူမျိုး ရေကြောင်းချုပ် ဝန်ကြီးက မြန်မာသံတော်တို့ ရေကြောင်းကူး သန်းသွားလာလိုလျှင် အလိုရှိရာ ကူးသန်းသွားလာရအောင် လှေတက်အသင့် ပြင်ဆင်ရှိကြောင်း၊ အရပ်ရပ်ဆောင်ရွက်ရန် ကိစ္စရှိလျှင်လည်း ပြောဆိုပါ၊ ကူညီဆောင်ရွက်ပါမည့် အကြောင်းများ နှင့် စကြာယာဉ်ပုံ့ သင်္ဘောတော် ကပ္ပိတန်ပြောင်းသို့ မှာ ထားဆက်လက်သည်။

ငင်းလပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီးကျော် ၆ မောင်းခန့်အချိန် လန်ဒန်မြို့ ရှိ ရုဏ္ဏလိတန်ဆိုသူထံ ကြေးနန်းရိုက်သည်။ ကြေးနန်းအဓိပ္ပာယ်မှာ - ငင်းလပြည့်ကျော် ၁၄ ရက်နေ့ အီတာလျံ နိုင်ငံသို့ ကျွန်ုပ်တို့ ရောက်လိမ့်မည်။ ခင်ဗျား မြန်မြန်လာခဲ့ပါ မှာ သည်။ ကြေးနန်းရိုက်ခလည်း ၁၅ ပြားပေးရသည်။ ငင်းမြို့ ရှိ အင်္ဂလိပ်ကောင်စစ်ချုပ် စတိုင်တန်း, အမေရိကန် ကောင်စစ်ချုပ် ဗတ္တလာ, အီတာလျံ ကောင်စစ်ကိုယ်စားလှယ်များ ကို အီတာလျံနိုင်ငံ သို့ ငင်းလပြည့်ကျော် ၁၁ ရက်နေ့ ထွက်သွားမည်အကြောင်းအရာ နှုတ်ဆက် ပြောဆိုကြသည်။ ပင်လယ်နီ အဆုံးတူးမြောင်းဝတွင် ရှိသည့်စွစ်မြို့ ၊ ငင်းက ကေရိုမြို့ ၊ ငင်းကအာလစ္စန္ဒရီယမြို့ ၊ ယင်း ၃ မြို့ သည် တူရကီမင်းပိုင် အီဂျစ်နိုင်ငံ ဘုရင်ခံမင်း စိုးအုပ်သည့် မြို့ ရွာချည်းတည်း။ ငင်းအီဂျစ် နိုင်ငံကား ကပ္ပလီကျွန်း အရှေ့မြောက် သဲကန္တာရနှင့် စပ်လျက်၊ စွစ်မြို့ က အက်တလီဘီး ခေါ်သည့် မြို့ ထိ သဲမြေအတိ၊ တောင်လည်း ကျောက်တောင် အတိသာရှိသေးသည်။ ငင်းအက်တလီဘီး ခေါ်သည့် မြို့ ကစ၍ ကေရိုမြို့ ၊ ငင်းအာလစ္စန္ဒရီယမြို့ တစ်လျှောက်များ မှာ သာ မြေသား ပကတိ လုပ်ခင်းလုပ်တာ လုပ်ဆောင် ကြရသည်။ ငင်းနိုင်ငံအတွင်း စွစ်မြို့ မှာ သင်္ဘောဆိပ် တစ်ရပ်၊ အလစ္စန္ဒရီယမြို့ မှာ သင်္ဘောဆိပ် တစ်ရပ်၊ ငင်းပြင် အလျှိုလျှိုအသွယ်သွယ်သော မီးရထားလမ်း၊ ကြေးနန်းများ လည်း ရှိသည်။ အလုပ်အဆောင်မှာ ဂုံနှင့် ပဲအမျိုး မျိုး ၊ ဝါများ ကို အားကြီး

လုပ်ဆောင်ကြသည်။ ကျောက်သားအတိ တောင်မှ တစ်ပါး၊ တောင်ပေါ် တောင်အောက် မြေငူ မြေပြန့်များ မှာ အနံ့အစပ် လုပ်ခင်းလုပ်တာ အလိုရှိရာ သွင်းပေးရန် ရေနှင့်တကွ ပကတိသက်သက် လွတ်လပ်သည့်မြေမရှိ၊ အသီးအပင်နှင့်ချည်း။ ရောက်ရာရောက်ရာ လမ်းဝဲယာ မျက်စိအာရုံလောက်သမျှ အရပ်အတွင်း အလိုရှိ၍ ပြုစုစိုက်ထားသည့် သစ်ပင်၊ အသုံးရ သစ်ပင်များ ပြင် တောချုံမြက်နွယ် မရှိ။ ကောင်းမွန်စွာ လုပ်ဆောင်ကြသည့် လုပ်ငန်းလုပ်တာများ ကို မြင်ခဲ့ရသည်။ ထွန်ယက်ရာမှာ နွားကျွဲများ ကို စေခိုင်း၊ ထယ်ဖြင့် ထွန်ယက်လုပ်ဆောင်သည်။ ထယ်ထွန်းပြီး မြေတွင် နူးနပ်အောင် ရေသွင်းပေး ဖျန်းပက်၍ ပေါက်တူးနှင့် ပေါက်ဆွ ပြင်ဆင်ပြီးမှ ဂျုံပဲ စသည်များ ကို ကြဲမွှန်းစိုက်ပျိုး ကြသည်။ ဝန်တင်တိုက်များ မှာ ကုလားအုတ်ကို အားကြီးစေ သုံးကြသည်။ ဝန်တင်လှည်းရထားများ မှာ လား မြင်းများ ကို စေသုံးကြသည်။ တစ်မြို့ နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ ကူးသွားရန် ပကတိလမ်း, မီးရထားလမ်း, အလိုရှိရာ သွင်းပေးရန် ရေးမြောင်းများ နှင့် သင်္ဘောဆိပ်ကမ်း, သင်္ဘောကျင်း, တိုက်အိမ်, ဓာတ်မီး, သံတံတား, အလုပ်ကြီး အဆောင်ကြီး အများ အပြား လုပ်ဆောင်တိုးပွားဆဲ ရှိသည်။ ဘုရင်ခံမင်းလည်း အကူးအသန်း အရောင်းအဝယ် အလုပ်အကိုင် အတည်ထား၊ မင်းချင်းဆက်လက်ပုံ၊ နိုင်ငံတိုးတက်ရန်အကြောင်း၊ ရဲမက်ဗိုလ်ပါ စည်းကြပ်ပုံ, အစောင့်အနေထားပုံ, လက်နက်ကိရိယာ လုပ်ဆောင်ပုံ, မီးသင်္ဘော တိုက်သင်္ဘော လုပ်ကိုင်တည်ထားပုံ, တိုင်းပြည်နိုင်ငံ အခွန်ခံပုံ, ထိန်းသိမ်းစောင့်ရှောက်ပုံများ မှာ သိုးဆောင်းနိုင်ငံ ထုံးစံဥပဒေ ရှိသည့်အတိုင်း လုပ်ဆောင်သည်။ ၎င်းနိုင်ငံအတွင်း လူနေ ငါးသန်း, ပကတိ လက်နက်ကိုင် လေးထောင်, အလိုရှိလျှင် သောင်းငါးထောင်၊ နှစ်စဉ်အခွန်ရ ငါးကုဋေ, ကြွေးကုဋေ တစ်ရာသုံးဆယ်လေးကုဋေ ရှိကြောင်းကို ကြားသိရသည်။ ၎င်းနိုင်ငံသား ဇာတိလူရင်း မိန်းမယောကျ်ားများ မှာ သင်တိုင်းနှင့် ပုံသဏ္ဌာန်တူ ခေါင်းစွပ်အင်္ကျီကြီး ကိုယ်လုံးလုံအောင် ဖားဖား ရှည်ရှည် ဝတ်ဆင်ကြသည်။ ယောကျ်ားများ မှာ ခေါင်းပေါင်းကြီးပေါင်းသည်။ မိန်းမများ မှာ ဦးခေါင်း မျက်နှာနှင့်တကွ တစ်ကိုယ်လုံး ဖုံးအုပ်ပြီးလျှင် မျက်စိပေါက် ၂ ခုတွင်သာ အပေါက်ထား၍ ဝတ်ဆင်သွားလာကြသည်။ သံတော်တို့ အီဂျစ်နိုင်ငံ ကေရိုမြို့ က အာလစ္စန္ဒြိယမြို့ သို့ ထွက်သွား သည့်အကြောင်းအရာ၊ အာလစ္စန္ဒြိယမြို့ က အီတာလျံနိုင်ငံသို့

ထွက်သွားမည့်အကြောင်းအရာ၊ ကေရိမြို့ ဘုရင်ခံမင်းက အာလစ္စန္ဒရိယမြို့ ရောက် မီးရထားနှင့် ပို့သည့် အကြောင်းအရာ၊ တစ်စာ လျှောက်စာ ၁ ကို အထက်နည်း ရေးသား အိတ်သွင်း လိပ်ထိုးပြီးလျှင် အာလစ္စန္ဒရိယ စာပို့တိုက်သို့ ပေးပို့ထည့်သွင်းရန် ဂျွန်းသို့ အပ်သည်။

ငင်းလပြည့်ကျော် ၁၁ ရက် ကြာသပတေးနေ့ နေ ၂ ချက်တီးအချိန် အာလစ္စန္ဒရိယမြို့ တည်းနေရင်း ထမင်းဆိုင်တိုက်က စကြာယာဉ်ပျံသင်္ဘောတော်သို့ ဆင်း၍ ၊ အီတာလျံနိုင်ငံ ဖြန် ဒီစီမြို့ သို့ ထွက်လာခဲ့ကြသည်။ သင်္ဘောတော် ကျောက်နတ်ထွက်လာ၍ တစ်နာရီလောက် ရှိလျှင် လှိုင်းလေအလွန်ပြင်းပြလှသည်နှင့် လူကြီး လူငယ် မူးမော်အော့အန်ကြသည်။ ပန်းတဉ်းဝန် ထောက်မင်း နှင့် မောင်ရွှေအေးတို့သာ မမူးမမော်ကျန်သည်။ ခရီးမှာ အနောက်မြောက်သို့ သွားရ သည်။ ငင်းနေ့ လှိုင်းဂယက် အလွန်ထသည်။ သင်္ဘောကုန်းပတ်ကို လှိုင်းတဖြုန်းဖြုန်း လွှမ်း၍ တက်သည်။

ငင်းလပြည့်ကျော် ၁၂ ရက် သောကြာနေ့ တစ်နေ့လျှင် တစ်ညပတ်လုံး လှိုင်းလေ မစဲမငြိမ်း အလွန်ပြင်းပြစွာ လာလျက်ပင် ရှိသေးသည်။ မူးမော်ရင်း လူတို့မှာ အအော့အအန် အတန် သက်သာကြ၏ ။ သို့သော်လည်း မထ မသွား မစားမသောက်နိုင်ကြသေး ရှိသည်။ နေ ၂ ချက်တီး ခန့်ကို လက်ဝဲတောင်ဘက်က မီးသင်္ဘော ၁ အာလစ္စန္ဒရိယသို့ ရှေးရှုသွားသည်ကို မြင်ရသည်။

ငင်းလပြည့်ကျော် ၁၃ ရက် စနေနေ့ နံနက် ၄ ချက်တီး ကျော်အချိန် လက်ယာဘက် မြောက်အရပ်တွင် ကေန္ဒြီယ ခေါ်သည် ကျွန်းကြီးတစ်ကျွန်းခုကို တွေ့မြင်ရသည်။ ငင်းကျွန်းကား တူရကီမင်းပိုင်သည့် ကျွန်းတည်း။ အလွန်ကျယ်ဝန်းလှ၏ ။ ငင်းကျွန်းပေါ်ရှိ တောင်ထိပ်ပေါ်မှာ နှင်းခဲအများ ဖွေးဖွေးဖြူရှိသည်ကို မြင်ရသည်။ ငင်းကျွန်းနှင့် တောင်တန်းလည်း ငင်းနေ့ ၂ ချက်တီး ကျော် ငါးမောင်းခန့်မှ ဆုံးသည်။ ငင်းကျွန်းအလယ်တောင်ဘက်က ကျောက်တောင်ငယ် ၂ ခုရှိ သည်။ ငင်းကျောက်တောင် ငယ်နှင့် ကေန္ဒြီယကျွန်း အကြားကိုလာခဲ့ရသည်။ ငင်းနေ့ နံနက် တစ်ချက်တီး အချိန် လက်ဝဲတောင်ဘက်က ရွက်သင်္ဘော ၁ အာလစ္စန္ဒရိယမြို့ သို့ ရှေးရှုသွားသည် ကို

မြင်ရသည်။

ငင်းလပြည့်ကျော် ၁၄ ရက် တနင်္ဂနွေနေ့ နံနက် ၁ ချက်တီးကျော် ၂ မောင်းခန့် အချိန် လက်ယာမြောက်ဘက်က ကျွန်းကြီးတစ်ခု တောင်စဉ်တောင်တန်းနှင့် မြင်ရသည်။ လက်ဝဲ တောင်ဘက်ကလည်း ရွက်သင်္ဘော ၂ အာလစ္စန္ဒရိယမြို့ သို့ ရှေးရှုသွားသည်ကို မြင်ရသည်။ငင်းနေ့ လေပြင်းပြင်းမလာ။ ညင်းညင်းသာလာသည်။ အလွန်အေးမြသည်။ ခရီးမှာ အနောက်မြောက်။ သို့သော်လည်း မြောက်သို့ အားကြီးကြီး လာရသည်။ ငင်းနေ့ နေ ၂ ချက်တီးကျော် ၃ မောင်းခန့် အချိန်တွင် ယခင်နံနက်ကမြင်ခဲ့သည့် ကျွန်းတောင်စဉ်များ ကို လွန်၍ ၊ ကျွန်းတောင်စဉ် တစ်ခု တွေ့ပြန်သည်။ ငင်းကျွန်းတောင်စဉ်လည်း နံနက်က ကျွန်းတောင်စဉ်နှင့် အတူပင် ကြီးကျယ်သည်။ ၃ ချက်တီးကျော် ၅ မောင်းခန့် အချိန်တွင် သင်္ဘောဝဲယာ ခရီးတစ်တိုင်ခန့်တွင် အာလစ္စန္ဒရိယမြို့ သို့ ရှေးရှုသွားသည် ရွက်သင်္ဘော ၂ ကို မြင်ရသည်။

ငင်းလပြည့်ကျော် ၁၅ ရက် တနင်္လာနေ့ နံနက် ၄ ချက်တီးက စ၍ သင်္ဘောလက်ဝဲ တောင်ဘက်က မီးပြတိုင်, အုတ်တိုက်ငယ်, အိမ်ငယ်များ နှင့် လေ့တက်ဆိုက်လျှက် ကျွန်းငယ် ကမ်းဆွယ်တစ်ခုကို မြင်ရသည်။ ပရန္ဒီစီမြို့ နှင့်လည်း နီးလှပြီ။ ၂ နာရီခန့်သာ ကွာတော့သည်။ ငင်းနေ့ ၁ ချက်တီးအချိန် ပရန္ဒီစီမြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လျှင် ဆိုက်ရောက်ချင်း၊ အထက်နိုင်ငံ တော်သို့ မဟာမိတ်စာချုပ် ချုပ်ဆိုရန် လာရောက်ဖူးသူ အီတာလျံဗိုလ်ကြီး သင်္ဘောတော်ပေါ်သို့ လာရောက်နှုတ်ခွန်းဆက်လက် ပြီးလျှင်၊ မြန်မာသံတော်တို့ လာရောက်လျှင် အလိုရှိရာ မပြည့်မစုံ မရှိစေရ၊ ပြည့်စုံအောင်ဆောင်ရွက် ကြိုဆိုရမည် အီတာလျံမင်း အမိန့်တော်နှင့် လာရာ၊ ယမန်နေ့ ကပင် ဆိုက်ရောက် စောင့်နေကြောင်း၊ အီတာလျံမင်းလည်း ယခု နပေါလီ မြို့ မှ ရှိနေကြောင်း၊ သို့သော်လည်း နိုင်ငံခြားဝန်ကြီးရောမမြို့ မှာ ရှိနေသောကြောင့် နိုင်ငံခြားဝန်ကြီးရှိရာ ရှေးဦးစွာ သွားရောက် သင့်ကြောင်း၊ မည်သည့်မှု ခွင့် ကိစ္စမဆို အလိုရှိရာ ပြောဆိုသမျှ ပြီးပြေကုန်တွင် အောင် ဆောင်ရွက်ပါမည့် အကြောင်းများ နှင့် ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပြောဆိုသည်။ ငင်းနှင့် အတူ ပရန္ဒီစီမြို့ ရေဝန်ဆိုသူ, ပရန္ဒီစီမြို့ ဝန်ဆိုသူ, အင်္ဂလိပ်လူမျိုး ကပ္ပိတန်ဆိုသူ, ငင်းလူမျိုး

အင်္ဂလိပ်ကောင်စစ် ဆိုသူတို့လည်း ပါလာကြသည်။ ၎င်းတို့ကလည်း မည်သည့် မှု ခွင့်ကိစ္စမဆို အလိုရှိရာ ရွက်ဆောင်ပါမည် အကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကြသည်။ တူရကီနိုင်ငံ အီစတံဗို မြို့ တွင် အင်္ဂလိပ်ဘုရင်မက ထားသည့် ပထမ ကိုယ်စားလှယ်ကြီးနှင့်အတူ အီစတံဗိုမြို့ မှာ နေရသူ အင်္ဂလိပ်တိုက်သင်္ဘော ကပ္ပိတန်ဆိုသူလည်း ၎င်းပရန္တီစီမြို့ မှာ တိုက်သင်္ဘောနှင့် ရှိနေခိုက် ဖြစ်၍၊ ၎င်းကပ္ပိတန်လည်း သင်္ဘောတော်သို့ လာရောက်နှုတ်ခွန်းဆက် လာက်ပြီးလျှင် ကျွန်ုပ်စီးနင်းရသည့် တိုက်သင်္ဘောပေါ်သို့ တက်၍ မြန်မာသံတော်တို့ ကြည့်ရှုပါ၊ အယဉ်အကျေး ပြောဆိုသည်။ ပရန္တီစီမြို့ ရှိ အင်္ဂလိပ်ဘုရင်မက ထားသူ ကောင်စစ်ကိုယ်စားလှယ် ဆိုသူလည်း သင်္ဘောတော်သို့ နှုတ်ဆက် လာရောက်သည်။ ပရန္တီစီမြို့ ဝန်မှာ မြန်မာသံတော်တို့ စီးနင်းမြို့ ကို လှည့်ပတ်ကြည့်ရှုရန် ရထားစေ့စပ်ရအောင် အလျင်ပြန်သွားသည်။ အီတာလျံဗိုလ်ကြီး, ပရန္တီစီရေဝန်, အင်္ဂလိပ် ကပ္ပိတန်, အင်္ဂလိပ်ကောင်စစ် ကိုယ်စားလှယ်တို့မှာ သံတော် အရာရှိ များ နှင့်အတူ သင်္ဘောတော်ပေါ်တွင် နံနက်စာ စားပွဲထိုင်ကြသည်။ ပြီးလျှင် အင်္ဂလိပ် ကပ္ပိတန်စီးသည့် တိုက်သင်္ဘောသို့ သွားရန် အချိန်သင့်သည်နှင့် သံတော်အရာရှိ, ဂွန်း, မော်ရန်လွီ အီတာလျံ ဗိုလ်ကြီး, ပရန္တီစီရေဝန်, အင်္ဂလိပ်ကပ္ပိတန်, အင်္ဂလိပ် ကောင်စစ်တို့ စုံညီ အင်္ဂလိပ် ကပ္ပိတန် သမ္ဗန်နှင့် စီးနင်းလိုက်သွား၊ တိုက်သင်္ဘောပေါ်သို့ အတက်တွင် တိုက်သင်္ဘောသား လူကြီး လူငယ်တို့ အရှိအသေပြုမြဲ ဓလေ့ထုံးစံနှင့်အညီ အစီအစဉ်သင့်ရာ သိုး ချွတ်စုံရပ် ကောင်းမွန်စွာ ဆီးကြိုကြသည်။ သင်္ဘောပေါ်သို့ ရောက်လျှင် ဝဲယာထက်အောက် ဦးပဲ့မကျန် ကောင်းမွန်စွာ လိုက်ပြ ကြည့်ရှုရသည်။ ဝဲယာအမြောက်ကြီး ၂ နှင့်တကွ အမြောက်သေနတ်, အမြောက်ဆန်, လက်နက်ကိရိယာ, အိပ်ရာတိုက်ခန်းများ မှာ လှပသန့်ရှင်း ကောင်းမွန်ရှိသည်။ ၎င်းသင်္ဘောကို ကြည့်ရှုပြီးလျှင် နှုတ်ခွန်းဆက်လက် သမ္ဗန်နှင့် လိုက်ပို့ ကမ်းသို့ ရောက်လျှင် ပရန္တီစီ မြို့ ဝန်က စီးနင်းလှည့်ပတ်ကြည့်ရှုရန် အသင့်စောင့်ထားရှိသည့် ရထဌား မှာ သံတော်အရာရှိ, ဂွန်း , မော်ရန်လွီ, အီတာလျံဗိုလ်ကြီးတို့ စီးနင်းပြီးလျှင်၊ မီးရထားရုံ, ခံမြို့ ဟောင်း, လမ်းသေး လမ်းမများ ကိုလှည့်ပတ်ကြည့်ရှု ပြန်လာကြပြီးလျှင် သင်္ဘောဆိပ် ထမင်းဆိုင်တိုက်သို့ တက်နေ၊ ဝယ်ခြမ်းမြဲ ဝယ်ခြမ်း၊ နေ့စာ စားကြပြီးလျှင် ၎င်းနေ့နေ ၃

ချက်တီးအချိန် စကြဲယာဥ်ပျံ သင်္ဘောတော်လည်း ထွက်သွားသည်။ သံတော်အရာရှိ, ဂျွန်း, မော်ရန်လွီ, စာရေးလူငယ်တို့ပါ၊ ရာဇသံ လက်ဆောင်တော် သေတ္တာ၊ အသုံးအဆောင် သေတ္တာများ ကို ယူ၍ အီတာလျံဗိုလ်ကြီးနှင့်အတူ မီးရထား ငှားရမ်းစီးနင်းပြီးလျှင် ရောမမြို့ သို့ ထွက်လာကြသည်။ ၎င်းနေ့ တစ်နေ့နှင့် တစ်ည မရပ် မဆိုင်း ထွက်လာခဲ့ကြရာ ၁၂၃၄ ခု နယုန်လဆန်း ၁ ရက် အင်္ဂါနေ့ နံနက် တစ်ချက်တီးအချိန် ကာဇရာရတ မြို့ သို့ ဆိုက်ရောက်၊ ထမင်းဆိုင်တိုက်သို့ ဝင်၍ နံနက်စာ ဝယ်ခြမ်းစားသောက် နားနေကြသည်။ ၎င်းမြို့ သို့ ရောက်လျှင် လူငယ်ဘိုးသာမှာ အပူလုံးအများ ကိုယ်လုံးနှံ့မျှ ထွက်၍ ဖျားသည်။

၎င်းနယုန်လဆန်း ၁ ရက် အင်္ဂါနေ့ နေတစ်ချက်တီးကျော် ၅ မောင်းခန့်အချိန် ၎င်းကာဇရာ ရတမြို့ ရှိ အီတာလျံမင်း တိုက်နန်းသို့ သွားရောက် ကြည့်ရှုကြပါသည်။ ပါလူမှာ ဝန်ရှင်တော် ကင်းဝန်းမင်းကြီး, ဝန်ထောက်တော်မင်း ၂, ဂျွန်း, အီတာလျံဗိုလ်ကြီး၊ ၎င်းတို့စုံညီရထား ၂ စီး၍ သွားကြရာ နန်းတော် မြောက်မျက်နှာ တံခါးလမ်းကို လျှောက်သွား ကြည့်ရှုကြသည်။ ၎င်း လမ်းဝဲ ယာသစ်ပင်များ မှာ ခက်ချင်းတစ်စပ်တည်း ပထမ၊ ဒုတိယ၊ တတိယ အာလိန်အဆင့် ၃ တန့် တညီ တည္တတ်ဆင့်လျက်ဆင့်လျက် နေပြောက်မထိုး အုပ်မိုးယှက်ကူး၍ အောက်ခြေပင်ရင်း သန့်ရှင်း ကြည်လင် လူရှင်သွားလာရန် လမ်းရှိသည်။ ၎င်းသစ်ပင်စည် ရှေ့ဝဲယာ ရထားလမ်း၊ ၎င်းလမ်း ၂ သွယ် အတွင်း ရေကန် ၃ ဆင့်၊ တစ်ဆင့် တစ်ဆင့်သော ရေကန်၌ လည်း ရေတံခွန် ရေပန်းအများ ထွက်ကျစီးဆင်း သွယ်ဖြာလျက်၊ အထက်တောင်ခါးပန်းရှိ ကျောက်ရေကန် ကျောက်တောင် ကျောက်စက် ရေရှင်မှ တသွင်သွင် ဆင်းသက်သောရေ၊ ၎င်းကျောက်ရေကန်သို့ လည်း တောင်ထိပ် မြင့်ရာက အစဥ်မပြတ်စီးဆင်းဝင်ရောက် အလွန်ဆန်းကြယ် အံ့ဩဖွယ် ရှိသည်များ ကို ကြည့်ရှုပြီး လျှင် နိုင်ငံတကာမှ ဆောင်ယူခဲ့သော အမျိုး မျိုး အထူးထူးသော သစ်ပင်တို့ကို ဓာတ်ဥတု ပြုပြင်၍ မရှင်မနေရ စိုက်ပျိုး သော ရုံကြီးရုံငယ်, အသွယ်သွယ် သောလမ်း, အထူးထူးသော တော, အလှိုလှိုသော ရေမြောင်း, အဆင့်ဆင့်သော ရေကန်များ ကို ၎င်း တောင်ခါးပန်း တောင်ခြေများ တွင် ပကတိ သဘာဝအားဖြင့် ပေါက်ရောက် ဖြစ်ထွန်းသည့် သဏ္ဍာန်၊ ရေလိုက်မြေလိုက် ဝန်းလျှင် ဝန်းလျောက်, ချွန်းလျှင်ချွန်းလျောက် အကောက် အကွေး

လမ်းသေးလမ်းမ တက်တုံ သက်တုံ ရှုဖွယ်ဘနန်း လုပ်ဆောင် စိုက်ပျိုး သည့် တောဥယျာဉ်များ ကို လှည့်ပတ် ဝင်ထွက် ကြည့်ရှုပြီးလျှင်၊ အီတာလုံမှင်း တိုက်နန်းသို့ ဝင်၍ ထက်အောက် ၄ မျက်နှာ ဝဲယာတွင်း ပြင် အစဉ်အတိုင်း ဝင်ထွက် ကြည့်ရှုပြီးလျှင် အီတာလုံမှင်း တိုက်နန်းသို့ ဝင်၍ ထက်အောက် ၄ မျက်နှာ ဝဲယာတွင်း ပြင် အစဉ်အတိုင်း ဝင်ထွက်ကြည့်ရှုရန် အစောင့်အနေ အကြီးအကြပ် အရာရှိတို့ ကိုယ်တိုင် အဆင့်ဆင့်သော လှေကားတံခါး သော့ပနောက်များ ကို လှစ်ဖွင့်ပြသ ကြည့်ရှုရသည်။ ၎င်းတိုက်နန်းကား အထက်အီဂျစ်နိုင်ငံ ကေရိုမြို့ ရှိ ဘုရင်ခံ တိုက်နန်းများ ထက် အထူးသဖြင့် ကြီးကျယ်ထူးဆန်းခံ့ခံ့ညားညား ပျော်ပါး နှစ်သက်ဖွယ်ရှိသည်။ ၎င်းတိုက်နန်းအတွင်း ဥယျာဉ် ရေကန် လမ်းသေးလမ်းမ ရဲမက်မိုလ်ပါနေရာ တိုက်အိမ်မှ စ၍ အရပ်ရပ်အလုပ်အဆောင် အဆောက်အဦ များ လည်း လှပကောင်းမွန် တင့်တယ်ထူးဆန်းရှိသည်။ ၎င်းတိုက်နန်းလုပ်ဆောင် ကုန်စရိတ်ငွေ ရှစ်ကုဋေကုန်သော ဟူ၏ ။ ၎င်းနေ့ နေ ၃ ချက်တီး အချိန်၎င်းကာဇရာရတမြို့ က မီးရထားစီးနင်းမြ ငှားရမ်းစီးနင်း ထွက်လာခဲ့ကြရာ၊ ၎င်းနေ့ညတစ်ချက်တီးအချိန် ရောမမြို့ မီးရထားရုံသို့ ဆိုက်ရောက်၊ တည်းနေမည့် ထမင်းဆိုင် တိုက်က ကြေးနန်းနှင့် မှာ ထားပြီးဖြစ်၍ ဝန်တင်ရထား လူစီးရထား အသင့်စောင့်နေ ရှိသည်ကို စီးနင်း၍ ထမင်းဆိုင်တိုက်အိမ်သို့ တက်သွား တည်းနေကြသည်။ ၎င်းနေ့ည တိုက်သို့ ရောက်လျှင်ရောက်ချင်း ဝိကောင်းဝင်နို့စတား ဆိုသူ နိုင်ငံခြားဝန်ကြီး၏ အတွင်းစာရေးကြီး အာရတမ်း လာရောက်၊ နက်ဖြန်တစ်နေ့ ရပ်ဆိုင်းနားနေ အမောဖြေပြီးလျှင် ၎င်းလဆန်း ၃ ရက်နေ့ နိုင်ငံခြားဝန်ကြီးက ကောင်းမွန်စွာ လက်ခံတွေ့မြင်လိုကြောင်းကို ပြောဆိုပြန်သွားသည်။

၎င်းလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့မှာ နားနေရပ်ဆိုင်းသည့်နေ့ဖြစ်၍ ၊ ၎င်းရောမနိုင်ငံကို အထက်စိုးအုပ်ရင်း ရဟန်းမင်းနေထိုင်သည် တိုက်နန်း ကျောင်းကြီးသို့ ရေကြောင်း တိုက်သင်္ဘော ကပ္ပိတန် အာရဘိုက်ကျားနှင့် တကွ သံတော် အရာရှိ စာရေးလုလင် အကုန်ရထားငှားရမ်း စီးနင်း သွားရောက်ကြည့်ရှုကြသည်။ ၎င်းရဟန်းမင်း တိုက်နန်းကျောင်းကြီးမှာ နှစ်ပေါင်းလေးရာခန့် ရှည်ကြာရှိကြောင်း ပြောဆိုကြားသိရသည်။

သို့ သော်လည်း ရဟန်းမင်းအဆက်ဆက် တစ်ဦး အဆောက်အဦကို တစ်ဦးမဖျက်၊ ထပ်ကာထပ်ကာ တစ်ဦးထက်တစ်ဦး သာအောင် ထပ်မံပြင်ဆင် လုပ်ဆောင်နေထိုင်ကြသောကြောင့် နှစ်လရှည်ကြာသော်လည်း မပျက်မစီး မဟောင်းမနွမ်း တိုးတက်ကြီးကျယ် အံ့သြဖွယ်ရှိသည်။ ၎င်းတိုက်နန်းကျောင်းကြီး အဆောက်အဦသည် သိုးဆောင်း နိုင်ငံတွင် အကြီးကျယ်ဆုံး ဆိုစလောက်သည်ဟု သိုးဆောင်းလူမျိုး တို့ ပြောစမှတ်ရှိ ကြောင်း ကြားသိရသည်။ ၎င်းကျောင်းကြီးမှာ တိုက်ခန်းပေါင်း တစ်ထောင်ကျော် ရှိသောဟူ၏ ။ တိုက်ခန်းဟူသည်လည်း အနည်းအကျဉ်း မဟုတ်၊ အလွန်ကြီးကျယ်ပြန့်ပြောလှ၏ ။ ၎င်းကျောင်း ဗဟိုလယ်ချက် အမြင့်ဆုံးသော ခုံးတိုက်ခန်းကြီးသည် အမျိုး ဘာသာ ကိုးကွယ်သော လက်ဝါးကပ် ထားရာ ဖြစ်၍ အကြီးကျယ်ဆုံးတည်း။ ၎င်းတိုက်အမြင့်မှာ ပေပေါင်း ၄၅၀၊ တောင်သင့်သုံးရာ မြင့်၏ ။ ၎င်းခုံးမှာ အထွတ်တင်သည့် ရွှဲလုံးအတွင်းသို့ လူကိုးယောက်ဝင်၍ နေနိုင်ကြောင်း ၊ ၎င်းရွှဲလုံးအတွင်းသို့ ကိုယ်တိုင်တက်ရောက်ဖူးကြောင်း၊ ရေကြောင်း တိုက်သင်္ဘော ကပ္ပိတန် အာရဘိုက်ရိုက်ကျား ပြောဆိုသည်။ ၎င်းကျောင်းကြီးကို ဝင်ထွက်လှည့်ပတ် ကြည့်ရှုပြီးလျှင် ၎င်းက ထွက်သွား၊ ရှေးအထက် ဆောက်လုပ်သည့် တိုက်ကြီး တိုက်ဟောင်း နှစ်ကာလ ရှည်၍ မြေအတွင်း ပို့မြှုပ်သည်များ ကို နောက်မှ တွေ့၍ ပကတိ ယင်းအတိုင်း ကျအောင် တူးဆွပြင်ဆင်၊ ကျန်ရှိသမျှ အဆောက်အဦ အကြီးအကျယ်များ ကို လူခပ်သိမ်းကြည့်ရှု ကောင်းမွန်စွာ ထားသည့် ရှည်ကြာဟောင်းမြင်း၊ ကြီးကျယ်ခိုင်ခံ့သေချာ စေ့စပ်လှသော အဆောက်အဦကြီး အရပ်ရပ်များ နှင့် နှစ်ပေါင်း တစ်ထောင်ကျော် နှစ်ထောင်ခန့် ဟောင်းမြင်းလှသော ဇာတ်ရုံ ဟောင်းကြီးများ ကို လှည့်ပတ်ကြည့်ရှုကြသည်။ ၎င်းဇာတ်ရုံကြီးသည် နှစ်ပေါင်း တစ်ထောင်ကျော် နှစ်ထောင်မက ကာလရှည်ကြာ ဟောင်းမြင်းသော အဆောက်အဦကြီးတည်း။ ၎င်းဇာတ်ရုံအချင်း တာငါးဆယ်ခန့်၊ အမြင့်တောင်သင့် ကိုးဆယ်ကျော် တစ်ရာခန့်၊ ဝမ်းဘဲဥသဏ္ဌာန် အလယ်မြေလပ်တွင် ဇာတ်သဘင် အတီး အက ခင်းကျင်းပြသရန် ထား၍ ၊ ပတ်လည်အုတ်တိုက် ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ အဆင့်ဆင့်ထားပြီးလျှင် တစ်ဆင့်တစ်ဆင့်တွင် ဇာတ်ပွဲသဘင်ကြည့်ရန် နေရာ၊ အညောင်းအညာ ဖြေနားနေရန် နေရာ၊ အချိုအချဉ်

စားသောက်ရန် နေရာ၊ ကိုယ်လက် သုတ်သင်ရန် နေရာမှ စ၍ ကြည့်ရှုနေထိုင်ရန်၊ လူခပ်သိမ်းတို့ နှစ်လိုဖွယ်ရှိအောင် ကာရံ လုပ်ဆောင်သော အသီး အသီးသော တိုက်ခန်းနေရာ၊ တက်သက် ဝင်ထွက်ရန် လှေကား၊ ကြည့်ရှု မြော်တင်းရန် ပြတင်း၊ လေသွင်းရန် ပြတင်းများ နှင့် တကွ လုပ်ဆောင်သည့် တိုက်ခန်းပေါင်း နှစ်ရာကျော် သုံးရာခန့် ဖြစ်၍ ၊ ငါးဆင့်ရှိ တိုက်ခန်းပေါင်း တစ်ထောင်ကျော် ထောင့်ငါးရာခန့်ရှိမည် ထင်သည်။ သို့ သော်လည်း ပျက်ဆီးယိုယွင်းလေပြီဖြစ်၍ စေ့စုံအောင် မမြင်ရ။ အလုရှိအဆောင် မှာ ကျောက် သည်တိုင်, အုတ်နံရံ,အုတ်တိုင်, ကျောက်နံရံအုတ်ပေါင်းကူး, ကျောက်ပေါင်းကူး, အနေအထား သင့်ရာလုပ်ဆောင်သည်။ အုတ်ဆက် ကျောက်ဆက် အလွန်စေ့စပ်သေချာသည်။ အင်္ဂတေလည်း အလွန်ကောင်းသည်။ အုတ်ကျောက် အဆက်တွင် အင်္ဂတေများ ကို ကြည့်လျှင် ကျောက်သားပကတိ ဖြစ်၍ နေသည်။ ၎င်းအင်္ဂတေစပ်နေးလုပ်ဆောင်ပုံ အလွန်ကောင်းမွန်လှသည် ဖြစ်၍ ၊ ယခု နောက်နောက်အလုပ်သည် ပညာသည်တို့ ၎င်းအင်္ဂတေကို ဓာတ်အမျိုး မျိုး ခွဲ၍ စပ်လုပ်နည်းများ ကို ကြည့်ရှုမှတ်သား လုပ်ဆောင်ကြရာ၊ ၎င်းအင်္ဂတေနှင့် ထပ်တူကျအောင် မဖြစ်နိုင်သေး။ သို့ သော်လည်း အခြားအင်္ဂတေများ ထက် သာလွန်သည် ဖြစ်၍ ရောမ အင်္ဂတေ ဆိုလျှင်ပင် အဖိုးအကဲ ကြီးမြင့်သည်ဟု ပြောဆိုကြားသိရသည်။ ၎င်းဇာတ်ရုံကြီး စနစ်ပုံစံကိုယူ၍ ပြင်သင့်ရာရာ ပြင်ဆင်ထည့်သွင်းပြီးလျှင်၊ ယခုသိုးဆောင်း နိုင်ငံတကာ မြို့ ရွာများ မှ ဇာတ်ရုံ, တိုက်အိမ်, မှူး မတ်အသင်း စည်းဝေးသည့် လွှတ်ရုံးများ ကို တည်ထားဆောက်လုပ်ကြသည်။

၎င်းလဆန်း ၃ ရက် ကြာသပတေးနေ့ နံနက် တစ်ချက်တီးကျော် ၆ မောင်းခန့်အချိန် သံတော်အရာရှိ, ဂွန်း, ရေကြောင်း တိုက်သဘော် ကပ္ပိတန် အာရဘိုက်ရိုက်ကျားတို့စုံညီ၊ သံတော် အရာရှိတို့မှာ အင်္ကျီလကျယ်ရွှေစလွယ်၊ ဂွန်းမှာ သနားတော်မူသည့် ရွှေစလွယ်၊ ရေကြောင်း ကပ္ပိတန် အာရဘိုက်ရိုက်ကျားမှာ အမျိုး :သားဘာသာအရာလိုက်မင်းပေး အဆောင်အရွက်နှင့် သမားတော်မူသည့်ရွှေစလွယ်များ ကို ဆင်ယင်ဝတ်စားပြီးလျှင် နိုင်ငံခြားဝန်ကြီး ဝိကောင် - ဝင်းနိုးစ တားအိမ်သို့ ရထား ၂ ငှားရမ်းစီးနင်းသွားကြသည်။ ရောက်လျှင်းမြန်မာမင်းမြတ်သံတော်တို့ အီတာ လျံနိုင်ငံသို့

အလွှန်ဝမ်းမြောက်ကြောင်းနှင့် သံတော်တို့က ပြောဆိုသည်။ နောက် မြန်မာမင်း နိုင်ငံနှင့် အီတာလျံမင်းနိုင်ငံ ရာဇမဟာမိတ်စာချုပ် ချုပ်ဆို၊ မင်းချင်း လက်မှတ်ထိုး၍ ပြီးပြေလျှင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရောင်းကြီးဝယ်ကြီး ကူးကြီးသန်းကြီး ဖြစ်ထွန်းတိုးပွားရန် ရှိကြောင်းနှင့် နိုင်ငံ ခြားဝန်ကြီးက ပြောဆိုသည်ကို ၎င်းမဟာမိတ်စာချုပ်ကို မင်းချင်း သဘောတူ လက်မှတ်ထိုးရန် မြန်မာမင်းမြတ်နှင့် မှူး တော်မတ်တော်တို့က မြော်ခေါ်တောင့်တလျက်ရှိကြောင်း၊ ၎င်းစာချုပ် လက်မှတ်ထိုးပြီးနောက် တစ်ဆင့်ထက် တစ်ဆင့်မဟာမိတ်အဖြစ် မြဲမြံ၍ ၂ တိုင်း ၂ပြည် အကျိုးစီးပွား တိုးတက်ရန် ရှိကြောင်းနှင့် သံတော်တို့က ပြန်ပြောသည်။ နောက် ၎င်းမဟာမိတ် စာချုပ်ကို လက်မှတ်ရေးထိုးစေရန် အထက်မြန်မာနိုင်ငံသို့ စေလွှတ်ရင်း ရေကြောင်း ကပ္ပိတန် အာရဘိုက်ရိုက်ကျားကို နောက် ၂ လအတွင်း မြန်မာနိုင်ငံတော်သို့ စေလွှတ်မည် ကြံစည်အသင့် ရှိကြောင်းများ နှင့် နိုင်ငံခြားဝန်ကြီးက ပြောဆိုသည်ကို နိုင်ငံတော်ရှိ အီတာလျံ ကောင်စစ် အွန္တရိ နော ဘုရင်ဂျီ ခင်ကြီး ဒေါင်ပေါက်လူး တို့ပြောဆိုသောကြောင့်၊ ၎င်းအကြောင်းအရာကို မြန်မာမင်း မှူး တော်မတ်တော်တို့ ကြားသိသည်နှင့် မျှော်လင့်တောင့်တလျက်ရှိသည်။ စေလွှတ်ဆိုက်ရောက် လျှင် အလွှန်ဝမ်းမြောက်ကြပါလိမ့်မည် အကြောင်းများ နှင့် သံတော်တို့က ပြောဆိုသည်။ နောက် အနောက်တိုင်းပြည် နိုင်ငံများ သို့ စေလွှတ်တော်မူ၍ အဦးအစ ယခုရောက်ပေါက် အီတာလျံနိုင်ငံသို့ ရောက်လျှင်ရေကြောင်း ကပ္ပိတန် အာရဘိုက်ရိုက်ကျားကို စေလွှတ် ကြို ဆိုစေ၍ ဖြံဒီစီမြို့ , ကာဇရာရတမြို့ များ နှင့် လမ်းစဉ်တစ်လျှောက် စခန်းသင့်ရာ ဝင်ထွက်ပြသကြည့်ရှုခဲ့သည်များ ကို ဝမ်းမြောက်ကြောင်း၊ ယခုမှာ အဦးအစ ရောက်ပေါက်သည် အရာဖြစ်သည်။ နောက်ကို အစဉ်သဖြင့် တိုးတက် ဆက်လက်ပေါက်ရောက်တော့မည့် အကြောင်းများ နှင့် သံတော်တို့က ပြောဆိုသည်ကို အလွှန် ဝမ်းမြောက်ကြောင်းနှင့် နိုင်ငံခြား ဝန်ကြီးက ကျေးဇူးတင်စကား ပြောဆိုပြီးလျှင် အတွင်းစားပွဲခန်းသို့ ခေါ်သွား၊ နိုင်ငံခြားဝန်ကြီး၊ ၎င်းအသင်းပါ အရာရှိ လူကြီးများ နှင့်အတူ ဝမ်းမြောက်ဝမ်းသာစားပွဲထိုင်၍ ကြည်သာရွှင်လန်းသော စကားများ ကို ပြောဆိုကြသည်။ ပြီးလျှင် စားပွဲခန်းက ထွက်လာကြပြန်၍ ဧည့်ခံမြဲနေရာ တွင် နေထိုင်ကြပြီးလျှင်၊ ၎င်းလဆန်း ၄ ရက် နေ့ မြန်မာသံတော်တို့ကို အိမ်ရှေ့မင်းက ကောင်းမွန်စွာ လက်ခံမည့်အကြောင်း၊

၎င်းလဆန်း ၅ရက် ရောမမြို့ က အီတာလျံမင်းရှိရာ နာပေါလီမြို့ သို့ သံတော်သို့ သံတော်သို့ သွားရောက်၊ ၎င်း လဆန်း ၆ ရက်နေ့ အီတာလျံမင်းက ကောင်းမွန်စွာ လက်ခံပါလိမ့်မည် အကြောင်းများ နှင့် ပြောဆို သည်ကို မှတ်သား နှုတ်ခွန်းဆက်လက်ပြီးလျှင် သွားရင်း အရာရှိ အစုံအညီ နိုင်ငံခြားဝန်ကြီးအိမ်က ပြန်လာကြသည်။ ၎င်းနေ့ည ၄ ချက်တီးကျော် ၃ မောင်းခန့် အချိန် သံတော်အရာရှိ, ဂျွန်း, ရေကြောင်း တိုက်သင်္ဘော ကပ္ပိတန် အာရဘိုက်ရိုက်ကျားတို့နှင့် စုံညီ ဇာတ်ရုံရှိ မိန်းမ ယောက်ျားတို့ ဇာတ်ပွဲသို့ မှ မျက်နှာမမူဘဲ သံတော်တို့ရှိရာ မျက်နှာမူလျက် အုတ်အုတ်ကျက်ကျက် ရင်သပ်အံ့မူးကြည့်ရှု ကြသည်။ ၎င်းဇာတ်ပွဲမှာ တစ်ချက်တီးကျော် ၆ မောင်းခန့် ကြည့်ရှု၍ ပြန်လာ ကြသည်။

၎င်းလဆန်း ၄ ရက် သောကြာနေ့ နေ ၂ ချက်တီးကျော် ၃ မောင်း အချိန်သံတော်အရာရှိတို့ မှာ မောက်ရှုမောက်တိုမပါ၊ မျှဦးတိုမျှဦးရှည်။ ဂျွန်းနှင့်ရေကြောင်း တိုက်သင်္ဘော ကပ္ပိတန် အာရ ဘိုက်ရိုက်ကျားတို့မှာ နိုင်ငံခြားဝန်ကြီးအိမ်သို့ သွားရာ ဆင်ယင်သည့်နည်း ဆင်ယင်ဝတ်စားလျှင် နောက်ပါလူငယ် ၄နှင့်တကွ ရထား ၃ ငှားရမ်းစီးနင်း၍ အိမ်ရှေ့မင်း တိုက်အိမ်သို့ သွားကြရာ၊ အိမ်ရှေ့မင်း၊ အိမ်ရှေ့မင်း ၎င်းထံရှိ အရာရှိမှူး မတ် ကိုယ်ရံအမှု ထမ်း လူတို့မှာ မင်းပေး အစီးအနင်း အဆောင်အရွက်များ ကို ဆင်ယင်ဝတ်စားလျက် တိုက်တံခါးက စ၍ အိမ်ရှေ့မင်းရှိရာ လက်ခံသည့် တိုက်ခန်းရောက် လက်နက်ကိရိယာစုံ စွဲကိုင် ခင်းကျင်းစီစဉ်ရှိသည်။ အစီအစဉ်သို့ ဆိုက်ရောက် လျှင် စည်ခရာ သဲသဲ ရတ်ရတ် တီးမှု တ်ကြွေးကြော်၍ အရာရှိလူတို့ဆီးကြိုခေါ်သွား၊နောက်ပါ လူငယ် ၄ တို့မှာ သံတော်တို့ကို လက်ခံသည့် တိုက်ခန်းသို့ မရောက်မီ တိုက်ခန်းတစ်ခုတွင် ကောင်းမွန်စွာ ခင်းကျင်းထားသည့် ကုလားထိုင်များ မှာ ထိုင်နေရစ်ကြရသည်။ သံတော်တို့မှာ လက်ခံရာ တိုက်ခန်းတွင် အိမ်ရှေ့မင်း အသင့်စောင့်နေရှိနှင့်သည်ဖြစ်၍ ၊ မရပ်မဆိုင်းတွေ့မြင် တွေ့မြင် နှုတ်ခွန်းဆက်လက် အမျိုးဘာသာဓလေ့ထုံးစံရှိရာ အရှိသေဆုံးဖြစ်သော မတ်ရပ်လက်ခံ ပုံအတိုင်း မတ်ရပ်လက်ခံ၍ မြန်မာမင်းမြတ်နှင့် ခမည်းတော် အီတာလျံမင်းတို့ မဟာမိတ်အဖြစ် စားချုပ်ချုပ်ရသည်ကို ခမည်းတော်လည်း အလွန်ဝမ်းမြောက်ကြောင်း ၊ အကျွန်ုပ်လည်း အလွန်ဝမ်း မြောက်ကြောင်း အိမ်ရှေ့မင်းက

ပြောဆိုသည်ကို အီတာလျံနိုင်ငံနှင့် မြန်မာနိုင်ငံ မဟာမိတ်အဖြစ် ယခုမှစ၍ ဆက်လက်မိသည်အတိုင်း တစ်ဆင့်ထက်တစ်ဆင့် တိုးတက်၍ ရာဇမဟာမိတ်အဖြစ် မြဲမြဲအောင် မြန်မာနေထွက်ဘုရင်မင်းမြတ်က အလွန်အလိုရှိကြောင်းနှင့် သံတော်တို့က ပြောဆို သည်။ နောက် မြန်မာသံတော်တို့ အီတာလျံနိုင်ငံသို့ လာရောက် တွေ့မြင်ရသည်ကို အလွန်ဝမ်း မြောက်ကြောင်း အိမ်ရှေ့မင်းက ပြောဆိုသည်ကို သိုးဆောင်းနိုင်ငံ အနောက်တိုင်းပြည်များ သို့ အစေလွှတ်တော်မူ၍ လာရောက်၊ အီတာလျံနိုင်ငံသို့ ဆိုက်လျှင်ဆိုက်ချင်း ရေကြောင်း တိုက် သင်္ဘော ကပ္ပိတန် အာရဘိုက်ရိုက်ကျားကို ပရန္တီ စီမြို့ ရောက် စေလွှတ်ကြိုယူစေ၍ ကောင်းမွန်စွာ ဆိုက်ရောက်ဝင်ထွက် မဟာမိတ် လက္ခဏာနှင့် အညီ လက်ခံတွေ့မြင်ရသည်ကို အလွန်ဝမ်း မြောက်ကြောင်း၊ သည်ကဲ့သို့ မဟာမိတ်လက္ခဏာနှင့်အညီ ကောင်းမွန်စွာ ပြုစုလက်ခံကြောင်းများ ကို မြန်မာမင်းမြတ် ရွှေနားတော်မြတ်ကြား တင်လျှောက်ပါမည်။ ကြားသိတော်မူလျှင် အလွန်ဝမ်း မြောက်တော်မူပါလိမ့်မည်။ မြန်မာမှူး တော် မတ်တော်များ ကြားသိအောင်လည်း စာပေးပါမည်။ စာရောက် ကြားသိလျှင် အလွန်ဝမ်းမြောက်ကြပါလိမ့်မည် အကြောင်းနှင့် သံတော်တို့က ပြောဆို သည်။ နောက် ယခုသံကြီး ဆိုသူမှာ နိုင်ငံတော်မှာ နေစဉ် မည်သည့်အရာနှင့် ထမ်းရွက်ရသူ ဖြစ်သည် အိမ်ရှေ့မင်းကမေးရာ၊ နိုင်ငံတော်မှာ နေစဉ် တိုင်းရေးပြည်မှု ကို စီရင်ရသော အဂ္ဂမဟာ သေနာပတိ - ဝန်ရှင်တော်မင်းကြီး အရာနှင့် ထမ်းရွက်ရသူ ဖြစ်ကြောင်း သံတော်တို့က ပြောဆိုသည်။ နောက် ယခုသံကြီး ဆိုသူမှာ နိုင်ငံတော်မှာ နေစဉ် မည်သည့်အရာနှင့် ထမ်းရွက်ရသူ ဖြစ်သည် အိမ်ရှေ့မင်းက မေးရာ၊ နိုင်ငံတော်မှာ နေစဉ် တိုင်းရေးပြည်မှု ကို စီရင်ရေသော အဂ္ဂမဟာသေနာပတိ-ဝန်ရှင်တော်ကြီးအရာနှင့် ထမ်းရွက်ရသူဖြစ်ကြောင်း သံတော်တို့က ပြန်ပြောသည်။ နောက်၎င်းအဂ္ဂမဟာသေနာပတိဝန်ကြီးရှင် အရာကို ခစခေတ္တ ခန့်သည်ဖြစ်မည်၊ အစဉ်ခန့်သည် ဖြစ်မည်ကို အိမ်ရှေ့မင်းက မေးရာ၊ ရာထူးခန့်ထားသည် အရာမှာ ခဏခေတ္တခန့်မြဲ မဟုတ်။ အရည်အလျောက် ချင့်ထောက်ပြီးလျှင် အမှု ထမ်းနှင့် သင့်လျော်လျှင် အမှု ထမ်းအရာထမ်း နှင့်သင့်လျော်လျှင် အရာထမ်း၊ မှူး ကြီးမတ်ကြီး, မှူး လတ်မတ်လတ်, မှူး ငယ်မတ်ငယ် သင့်လျော် ထိုက်တန်သည့် ရည်သွားအလျောက်

ခန့်ထားထမ်းရွက်ရကြောင်းနှင့် သံတော်တို့က ပြန်ပြော သည်။ နောက် တစ်ဦးနှင့်တစ်ဦး ကြည်လင်စုံမက် နှစ်သက်ဝမ်းမြောက်သော စကားများ ကို ပြန်လှန်ပြောဆို၍ တစ်နာရီခန့် ကြာလျှင်၊ အရှိအသေ လက်ဆက်ကမ်းလှမ်း နှုတ်ခွန်းဆက်ကြပြီး လျှင်ခင်းကျင်းစီစဉ်ရှိသည် လာမြဲလမ်းသို့ ထွက်၍ ပြန်လာခဲ့ကြသည်။ အိမ်ရှေ့မင်းနှင့် စကားပြန်လှန် ပြောဆိုကြသည်ကာလ၊ အိမ်ရှေ့မင်းက အီတာလျံ ဘာသာနှင့် ရေကြောင်း တိုက် သင်္ဘော ကပ္ပိတန် အာရဘိုက်ရိုက်ကျားကို ပြောသည်။ ၎င်းက ပန်းတဉ်းဝန်ထောက်မင်းသို့ အင်္ဂလိပ်ဘာသာနှင့် ပြန်ပြောသည်။ ၎င်းဝန်ထောက်မင်းက မြန်မာဘာသာနှင့် ဝန်ရှင်တော်ကင်း ဝန်မင်းကြီးသို့ ပြန်ပြောရသည်။ မင်းကြီးကလည်း မြန်မာဘာသာနှင့် ပန်းတဉ်းဝန်ထောက်မင်းသို့ အင်္ဂလိပ်ဘာသာနှင့်ပြန်ပြောသည်။ မင်းကြီးကလည်း မြန်မာဘာသာနှင့် ပန်းတဉ်းဝန်ထောက်မင်း သို့ ပြန်ပြောသည်။ ၎င်းဝန်ထောက်မင်းက အင်္ဂလိပ်ဘာသာနှင့်ရေကြောင်းတိုက် သင်္ဘော ကပ္ပိတန်အာရဘိုက်ကျားကို ပြောသည်။ ၎င်းအာရဘိုက်ကျားက အီတာလျံဘာသာနှင့်အိမ်ရှေ့မင်း သို့ ပြန်ပြောရသည်။ ၎င်းနေ့ နေ ၃ ချက်တီးချိန် မှူး မတ် ၂ သင်း စည်းဝေးရာ လွှတ်ခေါ်သည်တိုက် ကြီး၂ သို့ သံတော်အရာရှိဂွန်း , ရေကြောင်းတိုက်သင်္ဘော ကပ္ပိတန် အာရဘိုက်ကျားတို့ ရထား၂ ငှားရမ်းကြည့်ရှုကြသည်။ ၎င်းမှူး မတ်နှစ်သင်းစည်းဝေးရာ လွှတ်ခေါ်သည် တိုက်ကြီး ၂ များ မှာ ငါးဆင့်တိုက်အလယ်တွင် တာ၂၀ခန့် ဝမ်းဘဲဥသဏ္ဍာန်ခုံးဆောင်လုပ်၍ အနိမ့်အမြင့် အစဉ်သင့် ပြည်နှင့်ဆိုင်သည့် မှူး မတ်သင်း၊ ၎င်းနှစ်သင်းရှေ့က နိုင်ငံခြားဝန်ကြီးမှ စ၍ ဆိုင်ရာ လက်ရှိပြုလုပ် သည့်မှူး ကြီးမတ်ကြီး,သင်းအုပ်အရာရှိ, စာရေးဆိုသူတို့ နေရာစဉ်လိုက် စည်းဝေးနေထိုင်ကြရ သည်။ ၎င်းပတ်လည် ငါးဆင့်တိုက်ခန်း နေရာများ မှာ ပြည်သူတို့ လာရောက်နေထိုင် ကြည့်ရှုကြ သည်။ တိုင်းကျိုးပြည်ကျိုး တိုင်းရေးပြည်ရေးနှင့် စပ်သည့် မှု ခင်းများ ကို ၎င်းမှူး မတ် ၂ သင်းတို့ သဘောရှိတိုင်း သင့်မသင့်များ ကို အကြောင်းယုတ္တိကြားအောင် ပြောဆိုရသည်။ သည်ကဲ့သို့ အသီးသီးပြောဆို၍ အကြိုက်များ ရာ ပြုလုပ်သည်။ ၎င်းအရာရှိတို့ ပြောဆိုသမျှစကားခွန်း အချက်များ ကိုလည်း သတင်းစာဆရာများ က စောင့်နေ နာခံ မှတ်သားပြီးလျှင်၊ မည်သည့်အမှု မှာ မည်သည့်မှုးမတ်က မည်သို့ ဆိုကြောင်း၊ သတင်းစာတွင် ထည့်၍

အနိုင်နိုင်ပျံ့နှံ့ကြားသိစေသည်။ ၎င်းနေ့ည ၄ ချက်တီးကျော် အချိန်တွင် ကောင်-ထောနီရက်လီ ဆိုသူ နိုင်ငံခြားဝန်ထောက်သံ တော်တို့တည်းနေသည် တိုက်အိမ်သို့ လာရောက်၊ ဝမ်းမြောက် ဝမ်းသာ နှုတ်ခွန်းဆက်လက် ပြန်သွားသည်။

၎င်းလဆန်း ၅ ရက်စနေနေ့ ၃ ချက်တီးအချိန် သံတော်အရာရှိ, ဂွန်း, အီတာလျံ ရေကြောင်းတိုက် သဘော်ာ ကပ္ပိတန် အာရဘိုက်ကျား, စာရေးသူငယ်များ ပါ မီးရထားငှားရမ်းစီးနင်း ပြီးလျှင် အီတာလျံမင်းရှိနေရာ နာပေါလိမြို့ သို့ ရောမမြို့ က ထွက်လာခဲ့ကြသည်။ ၎င်းနေ့ ရောမမြို့ က မထွက်မီ တစ်ချက်တီး အာရဘိုက်ကျားထံသို့ ပို့လာ၍ ၊ ၎င်းက သံတော်တို့ကို ပေးသည်။ စာမှာ ၎င်းရုပ်ပုံကို ဝမ်းမြောက်ဝမ်းသာပေးပို့ပါကြောင်း ပါသည်။ ၎င်းနေ့စကြာယာဉ်ပျံ သဘော်ာ တော်မော်ရထား ကျွန်းသို့ ဆိုက်ရောက်ကြောင်း၊ ကြေးနန်းစာရသည်။ ၎င်းနေ့ ရောမမြို့ က ထွက်လာခဲ့၍ ည၄ချက်တီးကျော် ၆ မောင်းခန့် အချိန်တွင်နာပေါလိမြို့ သို့ ဆိုက်ရောက်သည်။ ၎င်းမြို့ မီးရထားတွင် အတွင်းဝန် အာဂမော စောင့်နေဆီးကြိုနှုတ်ခွန်း ဆက်လက်ပြီးလျှင် ၎င်းလဆန်း ၆ရက်နေ့ အီတာလျံမင်းက သံတော်တို့ကို ကောင်းမွန်စွာ လက်ခံမည်အကြောင်း၊ တည်းနေ သည့် တိုက်အိမ်သို့ ရောက်လျှင် အတွင်းတော်က လူကြီးများ လာရောက်ဝင်ထွက်ရန် အမှု မှစ၍ အရပ်ရပ်အမှု များ ကို ပြောဆိုနှုတ်ဆက်ပါလိမ့်မည် အကြောင်းများ နှင့် ပြောဆိုသည်။ ၎င်းမီးရထားရုံ က ရထားငှားရမ်းစီးနင်း၊ ဂရံ-ဘရစ်တန်နီဟိုတက် ခေါ်သည် ထမင်းဆိုင်တိုက်သို့ လာရောက်၊ တိုက်ခန်းနေရာအစားအစာမှစ၍ အရပ်ရပ်များ ကို ထုံးစံရှိရာ ငှားရမ်းနေထိုင်ကြသည်။ ၎င်းထမင်း ဆိုင်တိုက်သို့ ရောက်လျှင် အီတာလျံမင်း သက်တော်စောင့် မေဇာဂျင်နေရက်- ပါရတို လေပျက် ဆိုသူနှင့် မင်းခမ်းမင်းနားအကြီးအကျယ်ရှိမှ ခင်းကျင်းရသည့် မင်းခမ်းဝင် မင်းစီးရထား ၂ နှင့် ကြို ယူလာပါမည် ပြောဆို၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက် ပြန်သွားကြသည်။

၎င်းလဆန်း ၆ ရက် တနင်္ဂနွေနေ့ တစ်ချက်တီးကျော် ၂ မောင်းအချိန် အခမ်းအနားဝင် မင်းစီးရထား၂, လူစီးရထား ၂ တွင် ဝတ်သန့်ဝတ်ကောင်း ဆင်ယင်ဝတ်စားလျက် ရထား ၂လျှင် ရထားနင်သူ ၁, ရထားဖွင့်သူ ၁,၂ စုလူ ၂ စီးများ နှင့်

မင်းခမ်းမင်းနား အကြီးအကျယ်ရှိလျှင် စီစဥ် ခင်းကျင်းရသည့် အမတ်ကြီး မှွန်ပီကာဖ
ကြီးကြပ်ကြိုယူလာလျှင် သံတော်အရာရှိတို့မှာ မျဥ်းတို မျဥ်းရှည်မောက်ရှုစုံ ဆင်ယင်လျက်၊
ဂျွန်းမှာ သနားတော်မူသည့် ရွှေစလွယ် ဆင်ယင်လျက်၊ အာရ ဘိုက်ကျားမှာ အမျိုး
းသားဘာသာ အရာလိုက် မင်းပေးအဆောင်အရွက်နှင့် သနားတော်မူသည့် ရွှေ စလွယ်
ဆင်ယင်လျက်၊ အာရဘိုက်ကျားမှာ အမျိုးဘာသာ အရာလိုက်၊ မင်းပေးအဆောင်အရွက် နှင့်
သနားတော်မူသည့် ရွှေစလွယ် ဆင်ယင်လျက်၊ ဝန်ရှင်တော် ကင်းဝန်မင်းကြီးမှာ ရထား ၁
တွင် မှွန်ပီကာရဖနှင့်အတူ၊ ဝန်ထောက် ၂ စာရေးကြီး ၁ တို့မှာ ရထား ၁
တွင်အာရဘိုက်ကျားနှင့်အတူ စာရေးလူငယ်တို့မှာ ရထား ၂ နှင့် စီးနင်းပြီးလျှင် အီတာလျံမင်း
တိုက်နန်းသို့ သွားကြသည်။ တိုက် နန်းသို့ ရောက်လျှင် တိုက်နန်းတံခါးက စ၍
ဝဲယာအောက်ထပ်၊ လမ်းစဥ်တစ်လျှောက် အီတာလျံမင်း လက်ခံသည့် တိုက်နန်းရောက်
စစ်ဝတ်ဆင်အမှု ထမ်းတို့ လက်နက်ကိရိယာစုံနှင့် ခင်းကျင်းပြီး လျှင် သံတော်သို့
ဆိုက်လျှင်ဆိုက်ချင်း စည်ခရာ တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် တီးမှု တ်သည် အတွင်း
အစဥ်အတိုင်း ဝင်၍ သွားကြရာ၊ တိုက်နန်းလှေကားသို့ ရောက်လျှင် သက်တော်စောင့် မေဇာ-
ဂျင်နေရက်-ပါရတိုလေပျက်ဆိုသည့် အမတ်ကြီးဆီးကြိုခေါ်ယူလာ၍ တိုက်နန်းထက်သို့
တက်သွားကြပြီးလျှင်၊ စာရေးလူငယ်များ မှာ သံတော်တို့ကို လက်ခံသည့်တိုက် ခန်းသို့
မရောက်မီ လှပကောင်းမွန်စွာ ခင်းကျင်းရှိသည့် အခန်း ၁ မှာ နေထိုင်ရစ်ကြရသည်။
သံတော်တို့ရောက်ကြောင်းကို အီတာလျံမင်းထံ သက်တော်စောင့် အမတ်ကြီး တင်လျှောက်၊
အီတာလျံမင်း အဆင်တန်ဆာစုံနှင့် ဆင်ယင် ဝတ်စားထွက်လာ၍ လက်ခံသည့်တိုက်ခန်းတွင်
သံတော်တို့နှင့် နှုတ်ခွန်းဆက်လက်မင်းချင်းကိုယ်တိုင် အရှိအသေဆုံး လက်ခံသည့်နည်း
မတ်ရပ် လက်ခံပြီးလျှင်၊ မြန်မာနေထွက် ဘုရင်မင်းမြတ် ကျန်းမာတော်မူပါ၏ လား၊
အီတာလျံမင်းက မေးသည်ကို ကျန်းမာတော်မူကြောင်း သံတော်တို့က တင်လျှောက်သည်။
နောက် မြန်မာမင်းမြတ် သံတော်တို့ အီတာလျံနိုင်ငံသို့ အဦးအစ ပေါက်ရောက်လာ၍
တွေ့မြင်ရသည်ကို အလွန်ဝမ်း မြောက်ကြောင်းနှင့် အီတာလျံမင်းက ပြောဆိုသည်ကို၊
အနောက်တိုင်းပြည် သိုးဆောင်းနိုင်ငံများ သို့ စေလွှတ်တော်မူ၍ လမ်းခရီးအစဥ်အတိုင်း
ထွက်လာခဲ့ရာ အီတာလျံနိုင်ငံသို့ ရောက်လျှင်ရောက် ချင်း မြန်မာနိုင်ငံသို့

အထက်စေလွှတ်မူသည့် ရေကြောင်း တိုက်သင်္ဘော ကပ္ပိတန် အာရဘိုက် ရိုက်ကျားကို စေလွှတ်ကြိုယူစေ၍ လမ်းခရီး မပင်မပန်း ချမ်းသာစွာ ဆောင်ယူပြီးလျှင် မဟာမိတ် လက္ခဏာနှင့်အညီ ကောင်းမွန်စွာ လက်ခံတော်မူသည်ကို အလွန်ဝမ်းမြောက်ကြောင်း၊ သည်ကဲ့သို့ မဟာမိတ်လက္ခဏာနှင့်အညီ ကောင်းမွန်စွာ လက်ခံကြောင်းကို မြန်မာမင်းမြတ် ရွှေနားတော်မြတ် ကြား တင်လျှောက်ပါမည့်အကြောင်း၊ တင်လျှောက်ကြားသိတော်မူလျှင် အလွန်ဝမ်းမြောက်တော် မူမည့် အကြောင်းများ နှင့် သံတော်တို့က တင်လျှောက်သည်။ နောက်အထက်ချုပ်ဆိုရင်း မဟာ မိတ်စာချုပ်ဆိုရင်း မဟာမိတ်စာချုပ်မြဲမြံခိုင်ခံ့အောင် လက်မှတ်ထိုးစေရန်၊ မြန်မာနိုင်ငံတော်သို့ အထက်စေလွှတ်ရင်း အာရဘိုက်ရိုက်ကျားကို နောက် ၂ လအတွင်းစေလွှတ်မည် ကြံစည်ရှိ ကြောင်းနှင့် အီတာလျံမင်းက ပြောဆိုသည်ကို၊ အီတာလျံနိုင်ငံက သံကြီး တမန်ကြီးထပ်မံစေလွှတ် မည် အကြောင်းအရာများ ကို နိုင်ငံတော်ရှိ ဘရင်ဂျီခင်ကြီး ဒေါင်-ပေါက်လူ, အီတာလျံကောင်စစ် ကိုယ်စားလှယ် အနန္တ ရှိနေသာတို့ပြောဆိုကြားသိရသောကြောင့် မှူး တော်မတ်တော်နှင့်တကွ မျှော်လင့်တောင့်တလျက်ရှိနေကြသည်။ အီတာလျံ သံတော်တို့ရောက်လျှင်၊ ယခု မြန်မာသံတော် တို့ကို ကောင်းမွန်စွာ လက်ခံသည့်နည်း မြန်မာမင်းမြတ်က ကြည်လင်နှစ်သက် ကောင်းမွန်စွာ လက်ခံပါလိမ့်မည့် အကြောင်းနှင့် သံတော်တို့က တင်လျှောက်သည်။ နောက်မဟာမိတ်စာချုပ်ကို ထပ်မံလက်မှတ်ရေးထိုး၍ မြဲမြံခိုင်ခံ့သချာသည်နောက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရောင်းကြီးဝယ် ကြီး ကူးအားသန်းအားတိုးပွားဖြစ်ထွန်း၍ ၂ တိုင်း ၂ ပြည်အကျိုးစီးပွား တိုးတက်ဖြစ်ပွားရန် ရှိကြောင်းနှင့်အီတာလျံမင်းက ပြောဆိုသည်ကို၊ ၂ တိုင်း ၂ ပြည်အကျိုးကို မျှော်ထောကက်၍ မဟာမိတ်မြဲမြံခိုင်ခံ့ခြင်းကို မြန်မာမင်းမြတ်က အထူးသဖြင့် အလိုတော်မြတ်ရှိတော်မူသောကြောင့် အီတာလျံမင်းက ကောင်စစ်အရာနှင့် မြန်မာနိုင်ငံတွင်ထားသူ အန္တရီနောကို ကောင်စစ်အဖြစ် ယုံကြည်ထင်မှတ် လက်ခံ၍၊ ကျွန်တော်မျိုးရင်း မှူး တော် မတ်တော်မခြား စောင်မကြည့်ရှုတော်မူ ကြောင်းနှင့် သံတော်တို့က တင်လျှောက်သည်။ နောက် မြန်မာသံတော်တို့ အရပ်ရပ်ပြောဆိုသည် စကားများ ကို အလွန်ဝမ်းမြောက်ကြောင်းနှင့် အီတာလျံမင်းက ပြောဆိုပြီးလျှင်၊ တစ်နာရီခန့်

ရှင်ရှင် လန်းလန်း ဝမ်းမြောက်ဝမ်းသာစကား ပြန်လှန်ပြောဆို၍ နှုတ်ခွန်းဆက်လက် ပြန်လာကြသည်။ ပြန်လာကြသည့် ကာလလည်း အထက်ခင်းကျင်း စောင့်နေတီးမှု တ်မြဲအတိုင်း ခင်းကျင်းစောင့်နေ တီးမှု တ်ကြည်။ အီတာလျံမင်းနှင့် စကားပြောဆိုကြသည်ကာလ အီတာလျံမင်းက အီတာလျံဘာ သာနှင့် အာရဘိုက်ရိုက်ကျားသို့ ပြောသည် ။၎င်းက အင်္ဂလိပ်ဘာသာနှင့် ပန်းတဉ်းဝန်ထောက်မင်း သို့ ပြန်ပြောသည်။ ၎င်းမှက မြန်မာဘာသာနှင့် ဝန်ရှင်တော် ကင်းဝန်မင်းကြီးသို့ ပြန်ပြောရသည်။ ကင်းဝန်မင်းကြီးကလည်း မြန်မာဘာသာနှင့် ပန်းတဉ်းဝန်ထောက်မင်းသို့ ပြန်ပြောသည်။ ၎င်းက အင်္ဂလိပ်ဘာသာနှင့် အာရဘိုက်ရိုက်ကျားသို့ ပြန်ပြောသည်။ ၎င်းကမှ အီတာလျံဘာသာနှင့် အီတာလျံမင်းသို့ ပြန်ပြောရသည်။ သံတော်တို့ အီတာလျံမင်းရှေ့ထွက်သည့်နောက်အာရဘိုက် ရိုက်ကျားကိုခေါ်၍ ၊ ယခုဝတ်ဆင်သည့်အတိုင်း သံတော်တို့ ရုပ်ပုံကို ယူလိုက်ရမည်၊ အီတာလျံမင်း က ဆင့်ဆိုကြောင်း အာရဘိုက်ရိုက်ကြား ပြောဆိုသည်။ ၎င်းနေ့ နေ ၃ ချက်တီးအချိန် သံတော် အရာရှိ, ဂွန်း, အာရဘိုက်ရိုက်ကျားတို့ စုံညီ ရထားငှားရမ်းစီးနင်း လှည့်ပတ်ကြည့်ရှု၍ ပြန်လာကြ ရာ၊တည်းနေသည့် တိုက်အနီးသို့ ရောက်လျှင် အီတာလျံမင်းရထားနှင့် လမ်းလျှောက်လှည့်ပတ် သည်ကို တွေ့၍ အရိုအသေ အမူအရာကို ပြသွားသည်။

၎င်းလဆန်း ၇ ရက် တနင်္လာနေ့ နံနက် တစ်ချက်တည်းကျော် ၆ မောင်းခန့်အချိန် သံတော် အရာရှိစုံနှင့် ရှေးသူဟောင်းတို့သည်ကဲ့သို့ သုံးဆောင်သည်များ ကို နောက်သားနောင်လာတို့ သိစေခြင်းငှာ တိုက်ဆောင်လုပ်၊ ၎င်းတိုက်အတွင်း စီစဉ်ခင်းကျင်းလျက် ပြည်သူအများ ကြည့်ရှုရန် ထားသည်ကို တွေ့မြင်ခဲ့ရသည်။ ၎င်းမြို့ နစ်မြု ပ်သည်ကာလ သေကျေပျက်စီးသည့် လူတို့အနက် ရုပ်ကောင်မပျက် ကျောက်အတိ ဖြစ်၍ နေသည်။ ယောကျ်ားမိန်းမရုပ်ကောင်များ ကိုလည်း ကောင်း မွန်စွာ ယူဆောင်၊ ၎င်းတိုက်အတွင်း ခင်းကျင်းထားသည်ကို ကြည့်ရှုရာ၊ ခြေသည်း လက်သည်း သွား အရိုး ပကတိအတိုင်း ကျောက်ဖြစ်သည်ကို တွေ့မြင်ရသည်။ ၎င်းမြို့ တွင် ပေါ်နှင့်သမျှ သက္ကရာဇ် အမှတ်အသားများ တွင် အကြီးဆုံး အမှတ်အသားကို ထောက်လျှင်၊ နှစ်ပေါင်း တစ်ထောင့်

ရှစ်ရာခန့်ရှိကြောင်းနှင့် အမှတ်အသားအရ ပြောဆိုကြားသိရသည်။ ၎င်းမြို့ တွင် ပေါ်နှင့်သမ္ဗ သက္ကရာဇ် အမှတ်အသားအရ ပြောဆိုကြားသိရသည်။ ၎င်းမြို့ ကို အီတာလျံမင်း အဆက်ဆက်တူးဖော်သည် နှစ်ပေါင်း တစ်ရာကျော်ခန့်၊ ယခုလည်း တူးဖော်ဆဲ၊ နောက်ကိုလည်း အလုံးစုံ ပေါ်အောင်တူးဖော်လိမ့်မည် ထင်မှတ်ရန်ရှိသည်။ သည်ကဲ့သို့ တူးဖော်၍ ရှေးပညာရှိ သူဟောင်းတို့ လုပ်ပုံကိုင်ပုံ နည်းနာများ ကို ကြည့်ရှုဆင်ခြင်ရသောကြောင့် ရှေးသူဟောင်းတို့ ဉာဏ်ပညာကို ထောက်ချင့်နိုင်သည်။ ရှေးသုံးပုံ ဆောင်ပုံကို သိမြင်ရသည်။ နည်းယူလောက် သည် အချက်များ ကိုလည်း နည်းယူရသည်။ သို့ဖြစ်၍ သိုးဆောင်းလူမျိုးတို့မှ ရှေးအဟောင်းအမြင်း ပေါ်ရှိပြီးကို မပျက်အောင်၊ မပေါ်သေးသည်ကို ပေါ်ထွက်တွေ့မြင်အောင်အလွန်အားထုတ်လေ့ရှိ သည်။ ၎င်းအဆောက်အဦးများ ကို ကြည့်ရှု၍ နေ့ ၃ ချက်တီးကျော် ၂ မောင်းခန့်အချိန် နပေါလိမြို့ တည်းနေရင်း တိုက်အိမ်သို့ မီးရထား စီးနင်း ပြန်လာကြသည်။ ၎င်းနေ့ည စစ်ရေးပြရာ ပါသည့် ဗိုလ်ချုပ်ကြီး တပ်အရာရှိများ နှင့် အီတာလျံမင်း အရပ်ရပ်လှည့်ပတ်သွားလာရာ အတူလိုက်ပါရ သည့် မေဇာ-ဂျင်နေရက်-ပါရတိုလေပျက် ဆိုသူမှ စ၍ အတွင်းအရာရှိတို့ စုံညီအရာရှိပေါင်း ၂၀ ကျော်များ ကို ခေါ်ယူ ဖိတ်မန်စားပွဲခင်းကျင်း ကျွေးမွေးပြီးလျှင် ဝမ်းမြောက်ဝမ်းသာ အမျိုးဘာသာ ကောင်းချီးပေးကြသည်။

၎င်းလဆန်း ၁၀ ရက် ကြာသပတေးနေ့ ပန်းတဥ်းဝန်ထောက်မင်းမှာ အီတာလျံမင်းမှူး မတ် တို့ မဟာမိတ်လက္ခဏာနှင့် အညီ ကောင်းမွန်စွာ လက်ခံသည်အကြောင်းအရာ တင်စာ လျှောက် စာများ ကို စီကုံးရေးသားရသည်။ ကျန် သံတော်အရာရှိတို့နှင့် ဂျွန်း, အာရဘိုက်ရိုက်ကျား, စာရေးသူငယ်တို့စုံညီ ဓာတ်ပုံကူး တိုက်အိမ်သို့ သွားရောက်၊ သံတော်အရာရှိတို့မှာ အင်္ကျီကြီး ရွှေစလွယ်တင် မတ်ရပ်ပုံ၊ တစ်ဦးတစ်ယောက်စီ အသီးသီး တစ်ကိုယ်လျှင် ပုံ ၃ မျိုး ကူးယူကြသည်။ ဂျွန်းနှင့် အာရဘိုက်ရိုက်ကျားတို့မှာ မင်းပေးအဆောင်အရွက်များ ကို ဝတ်ဆင်၍ ဓာတ်ပုံကူးယူကြ သည်။ ဓာတ်ပုံကူးတိုက်သို့ ပါသည့် စာရေးလူငယ်တို့မှာ တပေါင်းတည်း ဓာတ်ပုံကူးယူကြသည်။ သံတော်အရာရှိတို့ မောက်တိုပုံ ဗောင်းပုံများ ကိုလည်း

ဓာတ်ပုံကူးဆရာက ပုံရိုက်ကူယူလိုက် သည်။ ၎င်းနေ့ည ၄ ချက်တီးကျော် ၂ မောင်း အချိန် ယမန်နေ့က စားပွဲခင်းရာ ကျွေးမွေးသည်။ ၎င်းနေ့ နပေါလီမြို့ ဝန်, ၎င်းမြို့ စာရေးတို့နှင့် အရာရှိမှူး မတ်လူကြီး ၁၃တို့ကို စားပွဲခင်းကျင်း ကျွေးမွေးသည်။ ၎င်းနေ့ နပေါလီမြို့ မီးတောင်ကြီးက ၎င်းနှစ် ကဆုန်လအတွင်း မီးအားကြီးထွက် သောကြောင့် ၎င်းတောင်အနီးရှိ ရွာနေလူတို့ တိုက်အိမ်အများ ပျက်စီးကျွမ်းလောင်ရှိသည်ကို ပြင်သစ်နိုင်ငံ သမ္မတမင်းမှ စ၍ နိုင်ငံတကာမင်းတို့က စရိတ်ကြေးငွေ အသီးသီးပေးကမ်းထောက်ပံ့ မစကြည့်ရှုကြသည်နည်း၊ မြန်မာမင်းမြတ် ကသိုလ်တော်ပွား ကိုယ်စားတော်စား ၎င်းမီးလောင်သူ တို့ကို ဒင်္ဂါးပြားရေ ၁၂၀၀ ပေးကမ်းမစရန် နပေါလီမြို့ စာရေးသို့ ပေးအပ်လိုက်သည်။



အီတလီနိုင်ငံ နပေါလီမြို့ ဓာတ်ပုံတိုက် တိုက်ဓါမ်ဆိုင်တွင် ရိုက်ကူးခဲ့သည့် ကင်းဝန်မင်းကြီး ဓာတ်ပုံ။
( ၁၃ ၈ ၁၈၇၂ )



၁၈၇၂ ခုနှစ် ဥရောပသို့ရောက် မြန်မာသံအဖွဲ့
ရှေ့တန်း ဝဲမှယာ - မင်းလှစေယျာသူ မဟာမင်းခေါင်ရာဇာ ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူ
မဟာမင်းလှကျော်ထင်၊
နောက်တန်း ဝဲမှယာ - မစ္စတာ အက်ဒမန်ဂျို နှင့် နောက်ပါ စာရေးလူငယ်များ။

ငင်းလဆန်း ၁၁ ရက် သောကြာနေ့ နံနက် ၄ ချက်တီးကျော် ၆ မောင်းအချိန် ကြွေအုပ်လုပ် သည့် အလုပ်ရုံသို့ ဖန်ချက်ဝန်ထောက်မင်း သွားရောက်ကြည့်ရှုမှတ်သားဆောင်ယူခဲ့သည်။ ငင်းနေ့ မီးလောင်သူတို့သို့ ချီးမြှင့်မစသည့် ဒင်္ဂါး ၁၂၀၀ ရသည့်အကြောင်း အရာ ကျေးဇူးတင်စာကို နပေါလီမြို့ စာရေးက ပို့လာသည်။ ငင်းနေ့ ၂ ချက်တီးကျော် ၃ မောင်းခန့်အချိန် နပေါလီမြို့ က မီးရထားစီး၍ ရောမမြို့ သို့ ထွက်လာကြသည်။ ငင်းနေ့ည ၄ ချက်တီးကျော် ၂ မောင်းခန့်အချိန် ရောမမြို့ သို့ ဆိုက်ရောက်၍ ၊ အထက်ငှားရမ်းတည်းနေရင်း တိုက်အိမ်တွင် ငှားရမ်းတည်းနေမြဲ တည်းနေကြသည်။

ငင်းလဆန်း ၁၂ ရက် စနေနေ့ ရောမမြို့ တွင် ရပ်ဆိုင်းပြီးလျှင် အီတာလျံမင်းက ကောင်းမွန်စွာ လက်ခံသည့် အကြောင်းအရာ၊ ဘယက်ပေးသည့် အကြောင်းအရာ၊ မီးတောင်ထွက်၍ ပျက်စီးသူတို့ကို ဒင်္ဂါး ၁၂၀၀ ပေးသည့် အကြောင်းအရာ၊ တိုင်းခြေပြည်မြစ် ဖြစ်ရန် ထင်မြင်သည့် အကြောင်းအရာ၊ နိုင်ငံခြားဝန်ကြီး အိမ်ရှေ့မင်း၊ အီတာလျံမင်းတို့နှင့် နှုတ်ခွန်းဆက်လက် ပြောဆိုချက် အမှတ်အသား၊ အီတာလျံမင်းက အထက် စာချုပ်ကို ထပ်မံ လက်မှတ်ထိုးစေရန် အာရဘိုက်ရိုက်ကျားကို နိုင်ငံတော်သို့ စေလွှတ်မည့် အကြောင်းအရာ တင်စာ လျှောက်စာများ ကို ရေးသား အိတ်သွင်း တံဆိပ်ခတ်မှတ်ပြီးလျှင် စာတိုက်သို့ အပ်၍ ရွှေဖဝါးတော်အောက် ပေးပို့သည်။ ငင်းနေ့ နေ ၃ ချက်တီးကျော် ၆ မောင်းခန့်အချိန် သံတော်အရာရှိ၊ ဂွန်း၊ အာရ ဘိုက်ရိုက်ကျားတို့ ရထားငှားရမ်း စီးနင်း၊ မင်းက ဆောက်လုပ်ဆဲ ဘုရားကျောင်း၊ ဆောက်လုပ်ဆဲ တိုက်ဟောင်းများ သို့ လှည့်ပတ်သွားရောက် ကြည့်ရှုကြသည်။

ငင်းလဆန်း ၁၃ ရက် တနင်္ဂနွေနေ့ နံနက် တစ်ချက်တီးအချိန် ရောမမြို့ က မီးရထားစီး၍ ဖလော်ရင်း မြို့ သို့ ထွက်လာကြရာ ငင်းနေ့ည ၄ ချက်တီးအချိန် ရောမမြို့ သို့ ဆိုက်ရောက်၊ မြစ်နဖူး မြောက်ဘက် ကမ်းထိပ် ဂရံဟိုတက် တိုက်တွင် ငှားရမ်းတည်းနေကြသည်။

ငင်းလဆန်း ၁၄ ရက် တနင်္လာနေ့ သံတော်အရာရှိ, ဂွန်း, အာရဘိုက်ရိုက်ကျား, စာရေး နောက်ပါ လူငယ် အစုံအညီ ရထားငှားရမ်း စီးနင်းပြီးလျှင် အီတာလျံမင်းတွင် အရပ်ရပ်ရှိသည့် တိုက်နန်းများ အနက် အကောင်းဆုံးဖြစ်သော တိုက်နန်းတော်၊ ငင်းပြင် အရပ်ရပ်ရှိသည့် တိုက်နန်း များ အနက်အကောင်းဆုံးဖြစ်သော တိုက်နန်းတော်၊ ငင်းပြင် အရပ်ရပ် ရှေးအလုပ်အဆောင် ရှေးအသုံးအဆောင် အမျိုးမျိုး လုပ်သည့် တိုက်များ သို့ လှည့်ပတ်သွားလာ ကြည့်ရှု၊ နေ ၂ ချက်တီး အချိန်မှ ပြန်လာကြ၍ စားပွဲထိုင်ကြသည်။ ငင်းပြင် တောင်ပေါ်ဘုရားကျောင်းနှင့် ငင်းအတွင်း ငင်းအပြင် အရံတွင်းများ မှာ ရှေးအစဉ်အဆက် ထင်ရှားသူတို့ သင်္ချိုင်းအတွင်း သေသူ အမည်, ငင်းတတ်သည့် အတတ်ပညာ, သေသည့်နှစ်, လ, ရက်, သက္ကရာဇ်များ ကို ကျောက်တွင် စာရေးသားလျက်၊ အချို့မှာ သေသူရုပ်ပုံ ကျောက်ကိုထုလုပ်၊ သင်္ချိုင်းပေါ်တွင်ထားသည်။ ငင်းကျောင်းအတွင်းလည်း ထင်ရှားကျော်စော ကုံထံကြွယ်ဝသူတို့ သင်္ချိုင်းရုပ်ပုံ ကျောက်စာနှင့် တကွသွင်းထားသည်များ ကို ကြည့်ရှုတွေ့မြင်ခဲ့ရသည်။ ငင်းနေ့ နေ ၃ ချက်တီးကျော် ၅ မောင်းချိန် မြို့ ပြင်အနောက်မျက်နှာမြောက်မျက်နှာဥယျာဉ်၊ ပြင်ဆင်လုပ်ဆောင်ဆဲ လမ်းများ သို့ သွားရောက် လှည့်ပတ် ကြည့်ရှုကြသည်။ အရှေ့တိုင်းပြည်အကြောင်းအရာများ ကို လေ့ကျက်မှတ်သားသည့် အီတာလျံလူမျိုး သင်းအုပ်ကြီးနိဂရေးကရစ္စတို ဖိုရီး ဆိုသူ လာရောက် ရုပ်ပုံ ပြန်လှန်ပေးကြသည်။ စားပွဲထိုင် ဖိတ်ခေါ်၍ ငင်းည စားပွဲအတူထိုင်ကြသည်။ ငင်းနေ့ ဖလော်ရင်းမြို့ ဝန်လည်း လာရောက် နှုတ်ဆက်၊ ရောမမြို့ သို့ သွားရန်ရှိ၍ စားပွဲမထိုင်ရ။

ငင်းလဆန်း ၁၅ ရက်အင်္ဂါနေ့ နံနက် ၄ ချက်တီးကျော် ၇ မောင်း အချိန် ငင်းဖလော်ရင်းမြို့ က စဖက်စယား မြို့ သို့ တိုက်ရိုက်သွား အခြားသူတို့ မပါ၊ သံတော်အရာရှိ အသင်းပါ လူတို့ သက်သက်စီးနင်းသွားလာရန် မီးရထား ငှားရမ်းစီးနင်း ထွက်လာခဲ့ကြရာ ငင်းနေ့ တစ်ချက်တီး ကျော် ၅ မောင်း အချိန် စဖက်စယားမြို့ မီးရထားရုံသို့ ဆိုက်ရောက်၊ မီးရထားရုံတွင် ငင်းမြို့ ရေ ကြောင်းချုပ်, ငင်းပြင် တိုက်သင်္ဘောအုပ် ကပ္ပိတန်, ရေကြောင်းအရာရှိတို့ မင်းပေးဝတ်စား ဘယက်မားများ ကို ဆင်ယင်လျက် ဆီးကြို

အသင့်ရှိကြသည် ဖြစ်၍ နှုတ်ခွန်းဆက်လက် ရထားအတူ စီးကြပြီးလျှင် မီးရထားရုံက
လာခဲ့ကြရာ၊ သင်္ဘောဆိပ်အနီးသို့ ရောက်လျှင် နှုတ်ဆက် အမြောက်
တစ်ဆယ့်ကိုးချက်ပစ်ဖောက် အရိုအသေ သံကြီးတမန်ကြီး အင်္ဂါနှင့်အညီ ဝမ်းမြောက်
သမ်းသာ ကြိုယူ၊ သင်္ဘောဆိပ်အနီး တိုက်အိမ်ရောက် လိုက်ပို့ကြသည်။ ၎င်းနေ့ ၂
ချက်တီးအချိန် သံတော်အရာရှိ လူကြီး စာရေးလူငယ်အစုံ ရေကြောင်းနှင့် ဆိုင်သည့် အလုပ်ရုံ
စက်ရုံ သင်္ဘော ကျင်းများ နှင့် ဆိပ်ကမ်းရှိတိုက်သင်္ဘောများ ကို အကြည့်အရှုသွားကြရာ၊ ၎င်းမြို
့ ရေကြောင်းချုပ် နှင့်တကွ ရေကြောင်းအရာရှိတို့ က မင်းပေးဝတ်စား ဘယက်ဓားကို ကြိုယူ၊
ရေကြောင်းချုပ်ကိုယ် တိုင် လိုက်ပါ၊ အရပ်ရပ် ပြသရန် ရှိသည်များ ကို ပြသသည်။
သံတော်အရာရှိတို့မှာ လည်း အင်္ကျီဖြူရွှေစလွယ် အီတာလျံမင်းပေး ဘယက်များ ကို
ဆင်ယင်ကြသည်။ သင်္ဘောကျင်းတွင် အဟောင်း ပြင် တိုက်သင်္ဘော ၂၊ အသစ်လုပ်ဆဲ
တိုက်သင်္ဘော ၂ များ ကို လုပ်ဆောင်ဆဲ တွေ့မြင်ရသည်။ အသစ်လုပ် တိုက်သင်္ဘောမှာ
ကပ်သည့် သံပြားရစ်လက်မခန့်ထုသည်။ စက်ရုံအတွင်းလည်း ပွတ်စက်, ဖောက်စူးစက်,
ရွှေပေါ်စက်၊ တူပုံပါ ဖြတ်စက်မှစ၍ အရပ်ရပ်သံအလုပ်၊ မြေပုံလုပ်တိုက်မှာ လည်း အရပ်ရပ်
သွင်းလုပ်ရန် မြေပုံအလုပ်၊ သစ်သားလုပ်တိုက်မှာ လည်း သေနတ်အိမ်,
သင်္ဘောအသုံးအဆောင် ရွက်တိုင် ရွက်လက်အလုပ်၊ ကြိုး ကျစ်တိုက်မှာ လည်း ကြိုး ကြီးကြိုး
ငယ်လုပ်သည့် အလုပ် အသီးအသီးများ နှင့် ကြိုး ရွက်,စားပွဲခင်းရန်ပန်းကန်, ခက်ရင်းမှစ၍
အရပ်ရပ်အသုံးအဆောင်ထားသည့် တိုက်များ ကို လှည့်ပတ် လိုက်ပြကြသည်။ ပြီးလျှင်
ရေထဲမှာ မြှုပ်ထား၍ အလိုရှိရာ ကွဲစေတတ်သည့် လက်နက်မျိုးကို ရေထဲသို့ ပစ်ချ၍ ပြသည်။
စနက်မီးလည်း ရေထဲမှာ ပင် လောင်၍ ကွဲသည်။ ၎င်းပြသည်ကျည်ငယ်မှာ
လုံးပတ်သေနတ်ပြောင်း မမာဏ၊ အရှည် တစ်မိုက်ခန့် ဖြစ်လျက် ကွဲသည်ကာလ မြေတုန်၍
သွားသည်။ ငါးအများ လည်း မူးနောက်၍ ပေါ်သည်။ ၎င်းမှက ရေဆိပ်ရှိ တိုက်သင်္ဘောများ သို့
မီးစက်ခုတ် သမ္ဗာန်များ မှာ သံတော်အရာရှိ, ဂွန်း, အာရဘိုက်ရိုက်ကျား, ရေကြောင်းချု
ပ်ဆိုသူနှင့်အတူ၊ သံတော်တို့သမ္ဗာန်နှင့် လာသည်ကို မြင်လျှင် သင်္ဘောရွက်တိုင် ၃,ရွက်လက်
၃ ဆင့်စီများ မှာ သင်္ဘောသားခရာသီတို့ စီစဉ်တက်နေ ခင်းကျင်းလျက်တိုက်သင်္ဘော
သေနတ်ကိုင် လူ ၁၀၀ ကျော်တို့ကလည်း ကုန်းပတ် ပေါ်တွင်သေနတ်ပိုက်လျက်

မတ်ရပ်စီရင်ခင်းကျင်းလျက်၊ မင်းအရာရှိတို့ကလည်း မင်းပေးဝတ်စား၊ ဘယက်စားဆင်ယင်စောင့်နေကြိုဆိုမျှော်လင့်လျက်ရှိနေနင့်ကြသည်။ သံတော်တို့ ၎င်းသင်္ဘောအနီးသို့ ရောက်လျှင် ရွက်တိုင်ရွက်လတ် တက်နေသည့် လူ ၁၀၀ ကျော်တို့ တစ်ပြို င်နက် ဟစ်အော်သံဖြင့် ကောင်းချီး ၃ ကြိမ်ကြွေးကြော်ကြသည်။ သံတော်တို့ သင်္ဘောသို့ တက်လျှင် ၎င်းသင်္ဘောတွင် အချုပ်လူကြီး ၁ ဆိုသူ ဆီးကြိုလက်ဆွဲ၊ ကျန်အရာရှိတို့လည်း နှုတ်ခွန်းဆက် လက် ဦးပုံဝဲယာ အောက်ထပ်လိုက်ပြ ကြည့်ရှုရသည်။ ၎င်းသင်္ဘောက စေ့စုံစွာ ကြည့်ရှုခဲ့၍ တိုက်သင်္ဘောအတက်ကို သင်ပြရသည် ပညာသင် တိုက်သင်္ဘောသို့ သမ္ဗာန်စီးမြဲ စီး၍ ထွက်လာခဲ့ ကြရာ၊ သံတော်အရာရှိတို့ သမ္ဗာန်ထွက်မိလျှင် ထွက်မိချင်း ၎င်းရွက်တိုင်ပေါ်လူတို့က ကောင်းချီး ၃ ခါပေးမြဲ ပေးသည်။ အမြောက် တစ်ဆယ့်ကိုးချက် ပစ်ဖောက်၍ လည်း နှုတ်ဆက်လိုက်သည်။ ပညာသင်တိုက်သင်္ဘောအရာရှိတို့ကလည်း သမ္ဗာန် ၄ တွင် အရာရှိစုံနင့် ဆီးကြိုပြီးလျှင် သင်္ဘော ပေါ်သို့ ဆိုက်ရောက်ကြည့်ရှုကြသည်ကာလ အမြောက်ရေးပြသည်။ ၎င်းသင်္ဘောက ကြည့်ရှု၍ မိုးစဲ လျှင် ပြန်လာခဲ့ကြသည်။ သံတော်တို့ သင်္ဘောက ဆင်းလျှင် ဆင်းချင်း အထက်နည်း နှုတ်ဆက် အမြောက် တစ်ဆယ့်ကိုးချက် ပစ်ဖောက်သည်။

၎င်းလပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့ ၄ ချက်တီးကျော် ၇ မောင်း အချိန်၊ သံတော်အရာရှိ လူကြီးလူငယ် အာရဘိုက်ရိုက်ကျားတို့ အစုံအညီ မြင်းကရထား ၅ ငှားရမ်းစီးနင်း ထွက်လာခဲ့ကြရာ ဘော်ရဂက်တိုး ရွာတွင်နံနက်စွာ စားပွဲထိုင်ကြပြီးလျှင် စဖက်စယားမြို့ နှင့် ခရီးသောင်းခုနစ်တိုင် ကွာ စက်စက်ထရီ မြို့ သို့ ထွက်လာခဲ့ကြသည်။ ၎င်းလမ်းတစ်လျှောက်မှာ ပကတိမြေသားလမ်း မရှိ။ တောင်စဉ် တောင်ထပ် စပ်လျက် စပ်လျက်ရှိသည်ကို တက်၍ အမြင့်ဆုံးဖြစ်သော တောင် ထိပ်သို့ ရောက်မှ တစ်စ တစ်စ သက်၍ ၊ ၎င်းနေ့ ၃ ချက်တီးအချိန် စက်စက်ထရီမြို့ သို့ ဆိုက်ရောက်၊ ညစာ စားကြပြီးလျှင် ၎င်းနေ့ ၄ ချက်တီးကျော် ၂ မောင်းအချိန် ၎င်းမြို့ က မီးရထား စီး၍ ခရီး သုံးသောင်းကွာ ကျင်နဝါရီ မြို့ သို့ ထွက်လာကြသည်။ ၎င်းလမ်းစဉ် တစ်လျှောက်မှာ လည်းတောင်ကိုဖြတ်ဖောက် ပြင်ဆင်သည့် မီးရထားလမ်းတွင် အနီးဆုံး တာ ၁၀၀ ခန့်၊

အရှည်ဆုံး တာ နှစ်ထောင်ခန့် တောင်ကို ဖောက်ဝင်ရသည့် ဥမင်ကြီးငယ်ပေါင်း ၄၁ များ ကို ဝင်ခဲ့ရသည်။ ၎င်း နေ့ ည ၁ ချက်တီးကျော် ၂ မောင်း အချိန် ကျင်နဝါရီမြို့ မီးရထားရုံသို့ ဆိုက်ရောက်၊ ကြိုဆို အသင့် စောင့်နေရှိသည့် ကျင်နဝါရီမြို့ ဝန်, ဗိုလ်ချုပ် ကျင်နရက်, ၎င်းမြို့ ရှိ အရာရှိတို့ကို ကောင်းမွန်စွာ နှုတ်ခွန်းဆက်လက်ပြီးလျှင် တည်းနေရာ ပြင်ဆင်ရှိသည့် ထရွှန်ဘက်တ ဟိုတယ် တိုက်သို့ လာရောက်တည်းနေကြသည်။

၎င်းလပြည့်ကျော် ၂ ရက် ကြာသပတေးနေ့ နံနက် ၄ ချက်တီးကျော် ၆ မောင်းခန့် အချိန်၊ ၎င်းမြို့ သို့ အတူလာခဲ့ရင်း လူကြီးလူငယ် အကုန်ရထား ၄ ၄ားရမ်းစီးနင်းပြီးလျှင် အရိုးတိုက်တောင် ပေါ်ရှိ ပြည်သူတို့ စုဝေးပျော်ပါးရာ ဥယျာဉ်၊ အမျူးဘာသာကိုးကွယ်သည့်ကျောင်း၊ ကျောက်ကုန်သည်သို့ ဆိုင်များ သို့ လှည့်ပတ်သွားလာကြည့်ရှုကြပြီးလျှင် နေ ၂ ချက်တီးအချိန် ပြန်ခဲ့ကြ၍ နံနက်စာ စားပွဲထိုင်ကြသည်။ ၎င်း၂ ချက်တီးကျော် ၃ မောင်းအချိန် ကျင်နဝါရီမြို့ ဝန်, ဗိုလ်ချုပ်ကျင်နရက်, ပညာရှိ, မြို့ ဝန်အောက် စစ်ကဲတို့ သံတော်တို့တည်းနေရာ တိုက်အိမ်သို့ မင်းပေးဝတ်စားများ ကို ဆင်ယင်ပြီးလျှင် လာရောက်နှုတ်ဆက်ကြသည်။ သံတော်တို့ကလည်း အင်္ကျီဖြူရှည် ရွှေစလွယ်, ကုရုံမိတာလိ ဘယက်များ ကို ဆင်ယင် လက်ခံကြသည်။ ၎င်းမြို့ အရာရှိတို့ တည်းအိမ်သို့ လာရောက် တွေ့မြင်ရသည်ကို ဝမ်းမြောက်ကြောင်း ပြောဆိုရာ၊ ဝတ္တရား မပျက်အောင် လုပ်ဆောင်ရကြောင်း၊ သံတော်တို့ ရေကြောင်းဖြစ်စေ၊ ကြည်းကြောင်းဖြစ်စေ၊ မည်သည့်အမှု မဆို အလိုရှိရာ ပြောဆိုပါ၊ ကူညီဆောင်ရွက်ပါမည်၊ ဝမ်းမြောက်ဝမ်းသာ ပြောဟော နှုတ်ခွန်းဆက်လက် ကျေးဇူးတင်စကား ပြန်လှန်ပြောဆို တစ်နာရီခန့်ကြာလျှင် ပြန်သွားကြသည်။ ၎င်းနေ့ နေ ၃ ချက်တီးကျော် ၃ မောင်းခန့်အချိန် လာရင်း လူကြီးလူငယ် အကုန်ရထား၄ားရမ်း စီးနင်းကြပြီးလျှင် ကျင်နဝါရီမြို့ အနောက်ခရီး မြန်မာ ၃ တိုင်ကွာ အရပ်တွင် ကျင်နဝါရီမြို့ နေ သူဌေးတစ်ဦးပိုင် ဥယျာဉ်သို့ သွားရောက် ကြည့်ရှုကြသည်။ လမ်းစဉ်တစ်လျှောက်မှာ လည်း ပင်လယ်ကမ်းလမ်းကို လျှောက်၍ ကြည့်ရှုသွားကြရသည်။ ၎င်းလမ်းတွင် သင်္ဘောအများ တည်လုပ်သည်ကို တွေ့မြင်ခဲ့ရသည်။ ရေသင်္ဘောကျင်းကြီး တည်လုပ်ဆဲကိုလည်း တွေ့မြင်ခဲ့ ရသည်။ ဥယျာဉ်သို့ ရောက်လျှင်

ဥယျာဉ်စောင့်တို့က လမ်းညွှန်လိုက်ပြ၍ လှည့်ပတ်ကြည့်ရှုကြရာ၊ တောင်ခြေက တောင်ထပ်ရောက် တစ်စ တစ်စ မြင့်မှန်းမသိ မြင့်လျက် ခရီးသင့်ရာ ပြင်ဆင်ရှိသည် လမ်းတစ်လျှောက်တောကြီး တစ်သန့်, တောလတ်တစ်သန့်, တောငယ်တစ်သန့်, ပန်းလျှင် ပန်းချင်း, သစ်သီးလျှင် သစ်သီးချင်း, သန့်လျက် သန့်လျက် နားနေရန်နေရာ, မြော်တင်းကြည့်ရှုရန် နေရာ, ရေပန်း, ရေတံခွန်, ရေကန်, ရေမြောင်း, မြောင်းကူးသံတံတား, ပျော်ပါးရန် ပုခက်စက်, မြင်းစီးစက်, တန်းစက် အစုံများ နှင့် အလျှိုလျှိုအကန့်ကန့် ရှုချင်ဖွယ်ရာ သာယာထူးဆန်းသော ဥယျာဉ်အတွင်း တောင်ခေါင်း လိုဏ်ဂူများ တွင် ကျောက်စက် စိမ့်ကျလျက် ဝင်တုံ ထွက်တုံ သွားလာသည့် လမ်းများ ကို လိုက်လံကြည့်ရှုပြီးလျှင်၊ ကျောက်ဂူအဆင်း ရေကန်တွင် ခင်းထား ရှိသည် သမ္မန်ငယ်များ ကိုပါ လူကြီးငယ်အစုံ စီးနင်းပြီးလျှင် ဥယျာဉ်စောင့်လူတို့နှင့် လှည့်ပတ် ကြည့်ရှုကြရာ၊ ရေကန်လယ်တွင် ဆောက်ထားရှိသည့် နားနေရန် ရေပန်းပတ်လည် ခြံရံလျှက်ရှိ သည့်တဲ၊ ၎င်းပြင် အသွယ်သွယ်သော မြောင်းများ သို့ သမ္မန်နှင့် လိုက်လံကြည့်ရှုကြသည် အီဂျစ် နိုင်ငံ ကေရိုမြို့ က စ၍ အီတာလျံနိုင်ငံ ပရန်ဒီစီမြို့ , ကာဇရာရတမြို့ , ရောမမြို့ , နပေါလီမြို့ , ဖလော်ရင့်မြို့ များ သို့ ရောက်၍ အရပ်ရပ်လှည့်ပတ် ကြည့်ရှုတွေ့မြင်ခဲ့ရသည့် ဥယျာဉ်များ တွင် ယခု ကြည့်ရှုကြသည့် ဥယျာဉ်သာလွန်ထူးဆန်းသည်ဟု ထင်မှတ်မိသည်။ ၎င်းဥယျာဉ်ကို ကြည့်ရှုပြီး လျှင် လာရင်းလမ်းအတိုင်း ပြန်လာကြသည်။ ၎င်းနေ့ ရှက္ကလိတန်ကိုလည်း အပြန်အသွား စရိတ် နှင့်တကွ ၂ လစာပေး၍ အစေအခိုင်းမရှိ ပြန်လွှတ်လိုက်သည်။

၎င်းလပြည့်ကျော် ၃ ရက် သောကြာနေ့ နံနက် ၄ ချက်တီးကျော် ၆ မောင်းခန့်အချိန် သံတော်အရာရှိနှင့် တကွ လူကြီးလူငယ် အကုန်မီးရထားငှားရမ်း စီးနင်းပြီးလျှင် ကျင်နဝါရီမြို့ က ထူရင်းမြို့ သို့ ထွက်လာခဲ့ကြရာ၊ ၎င်းနေ့ တစ်ချက်တီးကျော် ၆ မောင်းအချိန် ထူရင်းမြို့ သို့ ဆိုက်ရောက်၊ တရွှန်ဘက်တဟိုတက် တိုက်တွင် ငှားရမ်း တည်းနေကြသည်။ ကျင်နဝါရီမြို့ က ထူရင်းမြို့ ရောက် ခရီးလေးသောင်း ကျော်အတွင်း တာငါးဆယ် တစ်ရာ နှစ်ရာ တစ်ထောင် နှစ်ထောင်ကိုဖြတ်ဖောက်သည့် လိုဏ်ကြီးငယ် ၁၁ များ ကို ဝင်ခဲ့ပြီးလျှင် ၎င်းတောင် အလွန်သို့ ရောက်ကာလ ဝဲယာ လမ်းစဉ်တစ်လျှောက်များ မှာ

မျက်စိအာရုံတစ်ဆုံး မြေညီ မြေပြန့် ရေယူ မြောင်းချောင်း မြစ်အသွယ်သွယ်များ နှင့် မြေပြင်မလပ် အနှံ့အစပ် စိုက်ပျိုး လုပ်ဆောင်ကြသည့် လုပ်ငန်းများ ကို တွေ့မြင်ခဲ့ရသည်။ ၎င်းမြို့ သည် အီတာလျံနိုင်ငံ မြောက်ပိုင်းဖြစ်သည်။ ၎င်းမြို့ အနီး ပတ်လည် ကျေးရွာများ မှာ စပါးအများ လုပ်ဆောင်ကြောင်းကို ပြောဆိုကြားသိရသည်။ ဆန်လည်း စကု, စလင်း, ဖျပ်ဆန်ကဲ့သို့ နူးညံ့ကောင်းမွန်သည်။ အရဘိုက်ရိုက်ကျားလည်း ၎င်းထူရင်းမြို့ တွင် မွေးဖွားသူ ဖြစ်ကြောင်း၊ ၎င်းမြို့ တွင် ညီတစ်ယောက်၊ နမတစ်ယောက်ရှိကြောင်းကို ပြောဆို ကြားသိရသည်။ ဒေါင်ပေါက်လူး, အန္တရိနောတို့ ကျေးရွာလည်း ၎င်းမြို့ နှင့် အနီးတွင် ရှိကြောင်းကို ပြောဆိုကြားသိရသည်။

၎င်းလပြည့်ကျော် ၄ ရက် စနေနေ့ နံနက် ၄ ချက်တီးကျော် ၅ မောင်းခန့် အချိန် သံတော် အရာရှိ စာရေးလူငယ် အကုန်ရထားငှားရမ်းစီးနင်းပြီးလျှင် ထူရင်းမြို့ ရှိ သူနာတိုက်, သူရူးတိုက်, အရီးတိုက်, ယခုအီတာလျံမည်းတော် ဆောက်လုပ် နေထိုင်သည့် တိုက်နန်း, အရပ်ရပ်တိုင်း ပြည်နိုင်ငံများ မှာ စွဲကိုင်ကြသည့် လက်နက် ကိရိယာမျိုး ထားရာ တိုက်, ငှက်အမျိုး မျိုး , သားအမျိုး မျိုး တို့ကို လှောင်ထားသည့် တိုက်နှင့်တကွ သီးမျိုး ပွင့်မျိုး ပန်းမန် ရေမြောင်း ရေကန် များ နှင့်တကွ ကြည့်ရှုဖွယ်အရာများ ရှိသည့် မင်းနှင့်ဆိုင်သည့် ဥယျာဉ်များ သို့ လှည့်ပတ်ကြည့်ရှု ပြန်လာကြပြီးလျှင်၊ ၎င်းနေ့ နေ ၂ ချက်တီးကျော် ၅ မောင်းအချိန် သေနတ်လုပ်သည့် စက်ရုံ, အမြောက်လုပ်သည့် စက်ရုံ, ပညာသင်ကျောင်းများ သို့ သွားလာလှည့်ပတ် ကြည့်ရှုကြသည်။ ၎င်း သေနတ်စက်ရုံမှာ မီးစက်မဟုတ်၊ ရေစက်နှင့်လုပ်ဆောင်သည်။ စက်ရုံလည်း တည်ထောင်စ ဖြစ်ကြောင်း၊ နောက် ၂ နှစ်ခန့်ကြာမှ ပြည့်စုံပြီးစီးမည့်အကြောင်း၊ ယခုလုပ်ဆောင်စ ဖြစ်၍ သံရိုင်းက ပြောင်းအိမ် ကိရိယာစုံ ပြီးသည့်တိုင်အောင် သေနတ်တစ်နေ့လျှင် ခုနစ်ဆယ်သာ ပြီးသေးကြောင်း ၎င်းစက်ရုံနှင့်အတူ အီတာလျံ နိုင်ငံအတွင်း စက်ရုံ ရှစ်ခုရှိကြောင်း၊ ၎င်းစက်ရုံ ရှစ်ခုက တစ်နေ့လျှင် သေနတ် လုပ်ပြီး ငါးရာပြီးကြောင်း အာရဘိုက်ရိုက်ကျားက ပြောဆိုသည်။ အမြောက်စက်ရုံတွင် ကြည့်ရှုရာလည်း ဆယ့်နှစ်ပိဿ ၁ကျည်ဝင်ရှိသည့် သံအမြောက် ၂ ကို သွန်း၍ ပြသည်။ ကိုးဆယ့်ငါးပိဿ ၁ ကျည်ဝင်ရှိသည့် သွန်းလုပ်ပြီး အမြောက်ကြီးကိုလည်း

စက်ရုံ ဝင်းအတွင်းရှိ ဝန်လေးချိစက်နှင့် ချိ၍ ပြသည်။ ဒရှစ်လက်မခန့်ရှိသည့် သံပြားကြီးများ တွင် ရိုက်ဘတ် အမြောက်ဆန်စုူးလျက် သံပြားကြီး ပေါက်ကွဲရှိသည်များ ကို မြင်၍ မေးရာ၊ ရိုက်ဘတ် အမြောက်မည်မျှစူးသည်၊ ၎င်းအမြောက်ဆန် မည်မျှ နိုင်သည်များ ကို သိရအောင် ၎င်းသံပြား ကြီးများ ကို အမြောက်နှင့်ပစ်၍ စမ်းသပ်ထားကြောင်း။

၎င်းအမြောက်ရုံဒုတိယဆင့်သို့ လှည့်ပတ် ကြည့်ရှုရာ၊ တိုက်နံရံ တိုင်များ တွင် အသေအချာ စင်နှင့်တင်ထားသည့် နောက်ထိုးရိုက်ဘတ်သေ နတ် ခါးအစုံနှင့် သုံးသောင်းခြောက်ထောင်များ ကိုလည်း ပြသ ကြည့်ရှုရသည်။ အကြောင်းကို ထောက်လျှင် အထက်ကာလ ရောမမြို့ မှာ ဘုန်းကြီးမင်းတစ်မင်း၊ နပေါလီမြို့ ကတစ်မင်း၊ ထုရင်း မြို့ က တစ်မင်း အသီးသီး ကွဲပြားရှိသည်ကို ယခု အီတာလျံမင်းတွင်မှ တစ်ဝတည်း သိမ်းပိုက်မိ သည် ၃ နှစ်ကျော ၄ နှစ်ခန့်သာ ရှိသေးသည်။ ၎င်းအတွင်း အလုပ်ရုံ စက်ရုံတည်ထောင်ရသည်။ ကာလမကြာသေးသည်ဖြစ်၍ မည်မျှသာ ဖြစ်ထွန်းသေးသည်။ ယခုအနေထက် ဆုတ်ယုတ်ရန် မရှိ။ တစ်စ တစ်စ တိုးပွားရန်သာ ရှိသည်။ ပညာသင်ကျောင်းမှာ လည်း အီတာလျံနိုင်ငံသား ချည်းသာ မဟုတ်။ အမေရိကန်သား, အီဂျစ်နိုင်ငံသား, အိန္ဒိယသားများ မှ စ၍ နိုင်ငံခြားသား လူမျိုး အများ သင်ကြားသည်များ ကိုလည်း တွေ့မြင်ရသည်။